# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် နယုန်လပြည့်ကျော် ၆ ရက် ကြာသပတေးနေ့။ Thursday, 15 June 2017 (၈၉၅၆)


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါဠိတော်(ဓမ္မပဒ-၁၂၂)

ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြ

စာမျက်နှာ » ၅

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား တစ်ဦးလျှင်အများဆုံး ကျပ်သိန်း ၁၀၀၀ အထိ ချေးငွေများ ထုတ်ချေးရန် စီစဉ်လျက်ရှိ

စာမျက်နှာ » ၅

တိုင်းပြည်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ အသက်မွေးဝမ်းကျောင်းပညာက အရေးကြီးပါတယ်

စာမျက်နှာ » ၇

မန်းချောင်းရေကြီးမှုကြောင့် မန်းရွှေစက်တော် အောက်စက်တော်ရာ ရင်ပြင်အထက် နှစ်ပေခန့် ရေကျော်လွှန်

စာမျက်နှာ » ၁၂

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကနေဒါနှင့်ဆွီဒင်နိုင်ငံ တရားဝင်ချစ်ကြည်ရေးခရီးစဉ်မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**ရန်ကုန် ဇွန် ၁၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကနေဒါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဂျက်စတင်ထရူးဒိုး၊ ဆွီဒင်နိုင်ငံလွှတ်တော်ဥက္ကဋ္ဌ မစ္စတာအော်ရိဘန်အာလင်းနှင့် ဝန်ကြီးချုပ် မစ္စတာစတီဖန်လိုဗန်တို့၏ ဖိတ်ကြားချက်များအရ ကနေဒါနှင့်ဆွီဒင်နိုင်ငံများသို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး H.E. Mrs. Karen Mac Arthur၊ ဆွီဒင်နိုင်ငံသံရုံးမှ ကောင်စစ်ဝန် Ms. Ann Constance Stodberg နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၁ သို့

# မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကနေဒါနိုင်ငံမှ ဆက်လက်ကူညီသွားရေးနှင့် မြန်မာ-ဆွီဒင် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့

သတင်းထုတ်ပြန်ချက်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ကနေဒါနိုင်ငံနှင့် ဆွီဒင်နိုင်ငံသို့ တရားဝင်ခရီးစဉ်ပြီးဆုံး၍ ပြန်လည်ရောက်ရှိခြင်း

၁။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၅-၆-၂၀၁၇ ရက်နေ့မှ ၁၃-၆-၂၀၁၇ ရက်နေ့အထိ ကနေဒါနိုင်ငံနှင့် ဆွီဒင်နိုင်ငံများသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့ပြီးနောက် ၁၄-၆-၂၀၁၇ ရက်နေ့၊ နံနက် (၀၈၅၀) နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့




## ❁ မြန်မာနိုင်ငံမှ

### ကနေဒါနိုင်ငံခရီးစဉ်

၂။ ကနေဒါနိုင်ငံ အော်တာဝါမြို့သို့ ရောက်ရှိစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၇-၆-၂၀၁၇ ရက်နေ့တွင် ကနေဒါနိုင်ငံ ဝန်ကြီးချုပ် Rt. Hon. Justin Trudeau နှင့် နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကနေဒါ အောက်လွှတ်တော်ဥက္ကဋ္ဌ Mr. Geoff Regan၊ အထက်လွှတ်တော်ဥက္ကဋ္ဌ Mr. George J. Furey တို့နှင့်လည်း သီးခြားစီတွေ့ဆုံခဲ့သည့်အပြင် ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Ms. Chrystia Freeland က လွှတ်တော်အဆောက်အအုံ၌ တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

၃။ အဆိုပါ တွေ့ဆုံပွဲများတွင် ကနေဒါဘက်မှ မြန်မာ့တပ်မတော် လေယာဉ်ပျံမတော်တဆ ဖြစ်ပွားမှုကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၏ မိသားစုများအတွက် များစွာဝမ်းနည်းမိပါကြောင်း ပြောကြားခဲ့ပြီး မြန်မာ-ကနေဒါ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေး၊ ကနေဒါနိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် ဖက်ဒရယ်စနစ် အတွေ့အကြုံများမျှဝေရေး၊ မြန်မာနိုင်ငံ၏အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလ၌ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ကနေဒါနိုင်ငံမှ ဆက်လက်ကူညီပံ့ပိုးသွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးနှင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကူညီပံ့ပိုးရေး၊ ကောင်းမွန်သည့် စီမံအုပ်ချုပ်ရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်များ၏ အခန်းကဏ္ဍမြှင့်တင်ရေး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေးကိစ္စရပ်များကို နှစ်ဖက်ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပါသည်။ နှစ်နိုင်ငံဆွေးနွေးပွဲအပြီးတွင် ကနေဒါဝန်ကြီးချုပ်က မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှု မြှင့်တင်ရေးနှင့် လူသားချင်းစာနာထောက်ထားရေးအတွက် ကူညီပံ့ပိုးသွားရန် ကနေဒါ ဒေါ်လာ ၈ ဒသမ ၈ သန်း ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပါသည်။

၄။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၈-၆-၂၀၁၇ ရက်နေ့တွင် ကနေဒါနိုင်ငံ ဘုရင်ခံချုပ် Rt. Hon. David Johnston အား သွားရောက်တွေ့ဆုံခဲ့ပြီး ဖက်ဒရယ်ဒီမိုကရေစီစနစ် ထူထောင်ရေးအတွေ့အကြုံများ၊ ပညာရေး၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ် စီမံခန့်ခွဲရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ရှေးဟောင်းအဆောက်အအုံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး ကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကနေဒါ-မြန်မာ လွှတ်တော်ချစ်ကြည်ရေးကော်မတီဥက္ကဋ္ဌ၊ ကနေဒါ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Bruce Stanton အား Fairmont Chateau Laurier ဟိုတယ်၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ ယင်းသို့ လက်ခံတွေ့ဆုံရာတွင် လွှတ်တော်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေးနှင့် မြန်မာအစိုးရမှ အကောင်အထည်ဖော်လျက်ရှိသည့် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် ကြုံတွေ့နေရသော စိန်ခေါ်မှုများ ကျော်လွှားနိုင်ရန်အတွက် ကနေဒါ-မြန်မာ လွှတ်တော်ချစ်ကြည်ရေးကော်မတီအနေဖြင့် ကူညီပံ့ပိုးပေးသွားနိုင်မည့် ကိစ္စရပ်များကို အလေးပေးဆွေးနွေးခဲ့ပါသည်။

၅။ အော်တာဝါမြို့သို့ ရောက်ရှိနေစဉ်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဖက်ဒရယ်နိုင်ငံများဖိုရမ် (Forum of Federations) အစီအစဉ်ဖြင့် ကနေဒါနိုင်ငံ ဖက်ဒရယ်စနစ်အား လေ့လာရန်ရောက်ရှိနေသည့် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော လေ့လာရေးအဖွဲ့နှင့်အတူ ကနေဒါနိုင်ငံ၏ ဖက်ဒရယ်စနစ်တွင် တရားရေးမဏ္ဍိုင်၏အခန်းကဏ္ဍ၊ အစိုးရအဖွဲ့အစည်းများအကြားဆက်ဆံရေးမှတစ်ဆင့် ဖက်ဒရယ်စနစ်၊ လူမှုရေးဆိုင်ရာမူဝါဒများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ် အကျိုးသက်ရောက်မှုများ၊ ဘဏ္ဍာရေးနှင့် ဘဏ္ဍာငွေကြေးညီမျှမှုရှိရေးဆိုင်ရာ အစီအမံများ၊ တပ်မတော်၏ အခန်းကဏ္ဍ၊ တပ်ဘက်-အရပ်ဘက်ဆက်ဆံရေးနှင့် ကနေဒါရဲတပ်ဖွဲ့၏ အခန်းကဏ္ဍများ ခေါင်းစဉ်များဖြင့် ကျင်းပသော ဆွေးနွေးပွဲ(၅)ခုသို့လည်း ပါဝင်တက်ရောက်ခဲ့ပါသည်။

၆။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၇-၆-၂၀၁၇ ရက်နေ့တွင် အော်တာဝါမြို့ Fairmont Chateau Laurier ဟိုတယ်၌ ယင်းမြို့တော်ပတ်ဝန်းကျင်၌ နေထိုင်သည့် မြန်မာအသိုက်အဝန်းနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ပါသည်။

၇။ တိုရန်တိုမြို့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၈-၆-၂၀၁၇ ရက်နေ့တွင် အွန်တိုရီယိုပြည်နယ် ဝန်ကြီးချုပ် Hon. Kathleen Wynne နှင့် လည်းကောင်း၊ ၉-၆-၂၀၁၇ ရက်နေ့တွင် အွန်တိုရီယိုပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးမှူး Hon. Elizabeth Dowdeswell နှင့်လည်းကောင်း အသီးသီးတွေ့ဆုံခဲ့ပါသည်။ ယင်းတွေ့ဆုံပွဲများတွင် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ တိုရန်တိုမြို့၌ လူမျိုးစုများအကြား သဟဇာတမျှတစွာ အတူယှဉ်တွဲနေထိုင်မှုအခြေအနေ၊ ကနေဒါနိုင်ငံ၏ ဖက်ဒရယ်စနစ် အတွေ့အကြုံ၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်သွားရန် ရည်ရွယ်ချက်ဖြင့် နှစ်နိုင်ငံအကြား ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ အပြန်အလှန်စေလွှတ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။

၈။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၉-၆-၂၀၁၇ ရက်နေ့တွင် တိုရန်တိုမြို့ မြို့တော်ခန်းမ၌ တိုရန်တိုမြို့ မြို့တော်ဝန် Mr. John Tory နှင့် တွေ့ဆုံခဲ့ပြီး ကနေဒါရောက် မြန်မာအသိုက်အဝန်းနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှုတ်ဆက်မိန့်ခွန်းပြောကြားပြီး မေးမြန်းချက်များကို ဖြေကြားခဲ့ပါသည်။

### ဆွီဒင်နိုင်ငံခရီးစဉ်

၉။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တိုရန်တိုမြို့မှ ၁၀-၆-၂၀၁၇ ရက်နေ့တွင် လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့သို့ ၁၁-၆-၂၀၁၇ ရက်နေ့တွင် ဆိုက်ရောက်ခဲ့ပါသည်။ ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့သို့ ရောက်ရှိစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၁၂-၆-၂၀၁၇ ရက်နေ့တွင် ဝန်ကြီးချုပ်ရုံး၌ ဆွီဒင်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Stefan Lofven နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။ ယင်းသို့တွေ့ဆုံရာတွင် မြန်မာ-ဆွီဒင် နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်အတွက် ဆွီဒင်နိုင်ငံမှ ဆက်လက်ကူညီပံ့ပိုးပေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆွီဒင်နိုင်ငံမှချမှတ်အကောင်အထည်ဖော်မည့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ၊ စိုက်ပျိုးရေးကဏ္ဍတွင် အဆင့်မြင့်နည်းပညာများဖလှယ်ရေးနှင့် ဈေးကွက်ဖန်တီးပေးရေး၊ ကုန်သွယ်ရေး၊ ပညာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို အလေးပေးဆွေးနွေးခဲ့ပါသည်။

၁၀။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၁၂-၆-၂၀၁၇ ရက်နေ့တွင် ဆွီဒင်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ရာသီဥတုနှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mrs. Isabella Lovin နှင့်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီး H.E. Mrs. Margot Wallstrom နှင့်လည်းကောင်း၊ ဥရောပသမဂ္ဂရေးရာနှင့် ကုန်သွယ်ရေးဝန်ကြီး H.E. Mrs. Ann Linde နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ပါသည်။ တွေ့ဆုံပွဲများတွင် ဆွီဒင်နိုင်ငံမှ ချမှတ်အကောင်အထည်ဖော်မည့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းမီဒီယာ ပိုမိုလွတ်လပ်မှုရှိရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ အလုပ်သမားအခွင့်အရေး အကာအကွယ်ပေးရေး၊ အလုပ်ရှင်-အလုပ်သမားဆက်ဆံရေး၊ စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးထုတ်ကုန်များ ဈေးကွက်ရရှိရေးနှင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေးကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပါသည်။ ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆွီဒင်ကုန်သွယ်ရေး ဒုတိယဝန်ကြီး Mr. Oscar Stenstrom၊ ဆွီဒင်စီးပွားရေးကုမ္ပဏီများ ဖြစ်သည့် H&M၊ Ericsson၊ Scania တို့မှ ကိုယ်စားလှယ်တို့နှင့်လည်း စုပေါင်းတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကိစ္စများကို ဆွေးနွေးခဲ့ပါသည်။

၁၁။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆွီဒင်နိုင်ငံခြားရေးဝန်ကြီး H.E. Mrs. Margot Wallstrom က ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန၌ တည်ခင်းဧည့်ခံသော အလုပ်သဘော နေ့လယ်စာစားပွဲသို့လည်း တက်ရောက်ခဲ့ပါသည်။

၁၂။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၁၂-၆-၂၀၁၇ ရက်နေ့တွင် ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည့် Olof Palme International Prize 2005 ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။ ယင်းအခမ်းအနားတွင် ဥရောပသမဂ္ဂရေးရာနှင့် ကုန်သွယ်ရေးဝန်ကြီး H.E. Mrs. Ann Linde က အဖွင့်မိန့်ခွန်းပြောကြားပြီး အိုးလော့ပန်း အထိမ်းအမှတ်ရန်ပုံငွေအဖွဲ့ ဥက္ကဋ္ဌ Mr. Pierre Schori က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ဆုချီးမြှင့်အပ်နှင်းခဲ့ရသည့်အကြောင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားကာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား အိုးလော့ပန်း နိုင်ငံတကာဆုတံဆိပ် (၂၀၁၅)ကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။ အဆိုပါ အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဥရောပသမဂ္ဂရေးရာနှင့် ကုန်သွယ်ရေးဝန်ကြီး H.E. Mrs. Ann Linde က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် ရဲရင့်ခိုင်မာသောစိတ်ဓာတ်ဖြင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအရေးနှင့် တိုင်းရင်းသားလူမျိုးစုများစည်းလုံးညီညွတ်ရေးတို့အတွက် ငြိမ်းချမ်းစွာ ကြိုးပမ်းအားထုတ်ခဲ့မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၁၅ ခုနှစ်က ချီးမြှင့်ခဲ့သည့် Olof Palme ဆုကို ကိုယ်တိုင်လက်ခံရယူခဲ့ခြင်းဖြစ်ပါသည်။ အလားတူ ဆုချီးမြှင့်ခြင်းခံခဲ့ရသူများတွင် ချက်နိုင်ငံသမ္မတဟောင်း မစ္စတာ ဗားလ်ကလက်ဟာဗဲလ်၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ဟာဗီရာပဲရက်စ်ဒီကွေလီယားနှင့် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့တို့လည်းပါဝင်ကြောင်း သိရှိရပါသည်။

၁၃။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၁၂-၆-၂၀၁၇ ရက်နေ့တွင် စတော့ဟုမ်းမြို့ Grand ဟိုတယ် စတော့ဟုမ်းခန်းမ၌ ဆွီဒင်နိုင်ငံရောက် မြန်မာအသိုက်အဝန်းနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှုတ်ဆက်မိန့်ခွန်းပြောကြားပြီး မေးမြန်းချက်များကို ဖြေကြားခဲ့ပါသည်။

၁၄။ ၁၃-၆-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆွီဒင်လွှတ်တော် အဆောက်အအုံ၌ ဆွီဒင်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Urban Ahlin နှင့် တွေ့ဆုံခဲ့ပြီး လွှတ်တော်ဥက္ကဋ္ဌ၏ အထူးဧည့်သည်တော်အဖြစ် ဆွီဒင်လွှတ်တော်၌ မြန်မာနိုင်ငံ၌ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ပါသည်။ ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆွီဒင်လွှတ်တော် ဥက္ကဋ္ဌ၊ ဆွီဒင်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ပါဝင်သည့်အဖွဲ့မှ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ပြီး ဆွီဒင်လွှတ်တော်အား လေ့လာကြည့်ရှုခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆွီဒင်လွှတ်တော် ဥက္ကဋ္ဌက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့လည်း တက်ရောက်ခဲ့ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်**

## ❒ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ

ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဇွန် ၆ ရက်တွင် ကနေဒါနိုင်ငံ အော်တာဝါမြို့၌ ကျင်းပသည့် ဖက်ဒရယ်နိုင်ငံများဖိုရမ်ကို တက်ရောက်ခဲ့ပြီး ကနေဒါနိုင်ငံ၏ ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ဆောက်ရေးတွင် ရင်ဆိုင်တွေ့ကြုံခဲ့ရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို လေ့လာခြင်း၊ ဇွန် ၇ ရက်တွင် ကနေဒါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဂျက်စတင်ထရူးဒိုးနှင့် တွေ့ဆုံခဲ့ပြီး မြန်မာ-ကနေဒါ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ကောင်းမွန်သည့် စီမံအုပ်ချုပ်ရေး၊ အမျိုးသမီးများနှင့် လူငယ်များ၏ အခန်းကဏ္ဍမြှင့်တင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး/စိုက်ပျိုးရေးကဏ္ဍအတွက် ခေတ်မီနည်းပညာများ ကူညီပံ့ပိုးရေး၊ မြန်မာနိုင်ငံမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အသွင်ကူးပြောင်းရေးကာလ၌ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်နည်းလမ်းများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည့်အပြင် ကနေဒါနိုင်ငံမှ မြန်မာနိုင်ငံသို့ တည်ငြိမ်မှုမြှင့်ရေးနှင့် လူသားချင်းစာနာထောက်ထားရေးအတွက် ကူညီပံ့ပိုးပေးမည့် အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ သန်း ပေးအပ်မည့်အစီအစဉ်ကိုလည်း သဘောတူညီမှု ရယူနိုင်ခဲ့သည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆွီဒင်နိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ဇွန် ၁၂ ရက်တွင် Olof Palme International Prize 2005 ဆုလက်ခံယူခြင်း၊ ဆွီဒင်ဝန်ကြီးချုပ်မစ္စတာစတီဖန်လိုဗန်နှင့်တွေ့ဆုံ၍ အသွင်ကူးပြောင်းဆဲကာလတွင် မြန်မာနိုင်ငံ၏စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ဆွီဒင်နိုင်ငံမှ ဆက်လက်ကူညီပံ့ပိုးပေးရေး၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆွီဒင်နိုင်ငံမှ ချမှတ်အကောင်အထည်ဖော်မည့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမူဘောင်အသစ်အောက်တွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ စိုက်ပျိုးရေးကဏ္ဍတွင် အဆင့်မြင့်နည်းပညာများဖလှယ်ရေးနှင့် ဈေးကွက်ဖန်တီးပေးရေး၊ ကုန်သွယ်ရေး၊ ပညာရေးနှင့်သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## တပ်ကုန်းမြို့မဈေးအတွင်းရှိ ဆေးဆိုင်များအား ရှောင်တခင်စစ်ဆေး

**နေပြည်တော် ဇွန် ၁၄**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့မဈေးအတွင်းရှိ ဆေးဆိုင်များအား ဇွန် ၁၃ ရက် နံနက် ၁၁ နာရီခွဲခန့်က အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဈေးအတွင်းရှိ ဆေးဆိုင်များတွင် FDA အသိအမှတ်ပြု ဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးများ ရှိ၊ မရှိ ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ရာ ဆေးဆိုင်နှစ်ဆိုင်တွင် တရားမဝင်ဆေးများ တွေ့ရှိသဖြင့် မြန်မာနိုင်ငံအမျိုးသားဆေးဝါးဥပဒေပုဒ်မများအရ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဈေးအနီးတစ်ဝိုက်ရှိ ကုန်စုံဆိုင်များမှ ယမကာ ၁၈ မျိုးအား နမူနာဝယ်ယူ၍ ပါဝင်သည့်ဓာတုဗေဒပစ္စည်းများအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် FDAမှ တာဝန်ရှိသူများနှင့်အတူ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့ဝင်များ၊ မှုခင်းတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင် စစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# လန်ဒန်ရှိ တာဝါအဆောက်အအုံ၌ မီးလောင်မှုဖြစ်ပွား၊ ခြောက်ဦးထက်မနည်းသေဆုံး၊ လူ ၃၀ ခန့်ဒဏ်ရာရ

**လန်ဒန် ဇွန် ၁၄**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့အနောက်ပိုင်းရှိ ၂၇ ထပ် တိုက်ခန်းတွဲ နေအိမ်တာဝါ အဆောက်အအုံတစ်လုံးတွင် ဇွန် ၁၄ ရက် နံနက်အစောပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ အဆောက်အအုံ၏ ဒုတိယထပ်မှ အပေါ်ဆုံးထပ်အထိ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ခြောက်ဦးထက်မနည်းသေဆုံးခဲ့ရကြောင်း လန်ဒန်မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

၁၉၇၀ ပြည့်လွန်နှစ်များတွင် တည်ဆောက်ခဲ့ပြီး ကြိမ်ဖန်များစွာ ပြန်လည်မွမ်းမံခဲ့သော တာဝါအဆောက်အအုံသည် အခန်းပေါင်း ၁၂၀ ပါဝင်ပြီး လူအများအိပ်စက်အနားယူနေချိန်တွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီး အဆောက်အအုံအတွင်း၌ လူများစွာပိတ်မိနေခဲ့သည်။

အနောက်ပိုင်း လန်ကက်စတာ အိမ်ရာဝင်းရှိ ဂရင်းဖဲအမည်ရှိ တာဝါ၌ မီးလောင်မှုဖြစ်ပွားကြောင်း ဒေသစံတော်ချိန် နံနက် ၁ နာရီ ၁၆ မိနစ်တွင် ရဲတပ်ဖွဲ့က သတင်းရရှိခဲ့ခြင်းဖြစ်ပြီး လန်ဒန်မြို့ ရဲတပ်ဖွဲ့က ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ယင်းတာဝါသို့ မီးသတ်ကား အစီး ၄၀ နှင့် မီးသတ်သမား ၂၀၀ ရောက်ရှိလာခဲ့ပြီး မီးငြိမ်းသတ်ပေးခဲ့သည်။ လူ ၃၀ ခန့်ကို ဆေးရုံများသို့ တင်ပို့ပေးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အဆောက်အအုံပေါ်မှ လူအချို့ခုန်ချခဲ့ကြသည်ကို တွေ့မြင်ခဲ့ရကြောင်း၊ ကယ်ပါယူပါ တစာစာအော်ဟစ်သံများ မိုးလုံးကျွက်ကျွက်ညံခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

မီးလောင်မှုကြောင့် ခြောက်ဦးထက်မနည်းသေဆုံးရကြောင်း၊ အဘယ်ကြောင့် မီးလောင်မှုဖြစ်ပွားရသည်ကို လောလောဆယ် တိတိကျကျ မသိရသေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ရိုက်တာ။**

❐



# အမေရိကန်တက္ကသိုလ်ကျောင်းသားတစ်ဦးအား ပြုံယမ်းက ပြန်လည်လွှတ်ပေး

**ဝါရှင်တန် ဇွန် ၁၄**

အမေရိကန်တက္ကသိုလ်ကျောင်းသားတစ်ဦးအား မြောက်ကိုရီးယားနိုင်ငံက နိုင်ငံတော်ဥပဒေချိုးဖောက်မှုနှင့် ၁၇ လကြာ ထိန်းသိမ်းခဲ့ပြီးနောက် ယခု ပြန်လည်လွှတ်ပေးလိုက်ပြီဖြစ်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆွန်က ပြောကြားခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဇွန် ၁၃ ရက်က မြောက်ကိုရီးယား ဆီးနိတ်လွှတ်တော်၏ ကြားနာမှုတစ်ရပ်တွင် အမေရိကန်တက္ကသိုလ်ကျောင်းသား အိုတိုဝမ်ဘီယားအား လွှတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ပြီဖြစ်ကြောင်းသိရှိရသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တေလာဆွန်က ဆိုသည်။မြောက်ကိုရီးယားအာဏာပိုင်များက အိုတိုဝမ်ဘီယားကို နိုင်ငံတော်ဥပဒေချိုးဖောက်မှုဖြင့် လွန်ခဲ့သော ဇန်နဝါရီလက ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ မြောက်ကိုရီးယား တရားရုံးချုပ်က အိုတိုဝမ်ဘီယားအား အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၅ နှစ်ချမှတ်ခဲ့သည်။

ယခုအချိန်တွင် အိုတိုဝမ်ဘီယားသည် ၎င်း၏အမိနိုင်ငံဖြစ်သည့် အမေရိကန်ပြည်ထောင်စုသို့ ပြန်လည်ရောက်ရှိတော့မည်ဖြစ်ကြောင်း မီဒီယာများအား ပြောကြားခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံတွင် ထိန်းသိမ်းခံထားရစဉ် အိုတိုဝမ်ဘီယားသည် မကြာခဏ ဖျားနာမှုဝေဒနာခံစားခဲ့ရပြီး သတိမေ့မျောသည့်ရောဂါကို လပေါင်းများစွာ ခံစားနေခဲ့ရသည်။

မြောက်ကိုရီးယားဆိုင်ရာ အမေရိကန်အထူးသံတမန် ဂျိုးဆက်ယွန်အား မြောက်ကိုရီးယားနိုင်ငံသို့ စေလွှတ်ခဲ့ပြီး အိုတိုဝမ်ဘီယားအရေးနှင့်ပတ်သတ်ပြီး မြောက်ကိုရီးယားအာဏာပိုင်များနှင့် စေ့စပ်ညှိနှိုင်းမှုများလုပ်ဆောင်ခဲ့သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက အင်န်အိတ်ချ်ကေ သတင်းဌာနသို့ ပြောကြားခဲ့သည်။ လွန်ခဲ့သော ရက်သတ္တပတ်က အိုတိုဝမ်ဘီယားနှင့်ပတ်သက်ပြီး အမေရိကန်ပြည်ထောင်စုအား ပြုံယမ်းကအကြောင်းကြားခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အိုတိုဝမ်ဘီယားအား လွှတ်ပေးမှုသည် မြောက်ကိုရီးယားနိုင်ငံသို့ ယခုသွားရောက်နေသည့် ဘတ်စကက်ဘောကစားသမားကြယ်ပွင့် ဒီးနစ် ရိုမန်နှင့် ဆက်နွှယ်ပတ်သက်မှုမရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုသည်။ မြောက်ကိုရီးယားနိုင်ငံအတွင်း ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရသော နောက်ထပ်အမေရိကန်နိုင်ငံသား သုံးဦးနှင့်ပတ်သက်ပြီး ပြုံယမ်းနှင့် ဆွေးနွေးညှိနှိုင်းမှုများ ထပ်မံလုပ်ဆောင်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ။**

# အီရန်၌ အိန္ဒိယက တည်ဆောက်နေသော ရေနက်ဆိပ်ကမ်းအတွက် စက်ကိရိယာများ ထောက်ပံ့ပေးရန် အနောက်အုပ်စုကုမ္ပဏီများ ရှောင်လွှဲ

**တီဟီရန် ဇွန် ၁၄**

အီရန်နိုင်ငံ၌ အိန္ဒိယနိုင်ငံက တည်ဆောက်လျက်ရှိသည့် ရေနက်ဆိပ်ကမ်းတစ်ခုအတွက် အနောက်အုပ်စုနိုင်ငံများမှ ကုမ္ပဏီများက စက်ကိရိယာများ ထောက်ပံ့ပေးခြင်းကို ရှောင်လွှဲလျက်ရှိကြောင်း၊ အကြောင်းမှာ အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံအား စီးပွားရေးပိတ်ဆို့မှု ပြန်လည်ပြုလုပ်လာဖွယ်ရှိသည်ဆိုသော စိုးရိမ်ပူပန်မှုကြောင့်ဖြစ်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားကြသည်။

အီရန်၏ ရေနက်ဆိပ်ကမ်းဖွံ့ဖြိုးရေးစီမံကိန်းမှာ အိန္ဒိယနိုင်ငံအတွက် ဒေသဆိုင်ရာ မဟာဗျူဟာရည်မှန်းချက်များနှင့်အညီ အကောင်အထည်ဖော်နေသည့် စီမံကိန်းဖြစ်ရာ အနောက်အုပ်စုကုမ္ပဏီများထံမှ စက်ကိရိယာအထောက်အပံ့ မရရှိခြင်းသည် အိန္ဒိယအစိုးရအတွက် အထိနာချက်တစ်ရပ်ဖြစ်ရသည် ဆို၏။

ဟော်မုဇ်ရေလက်ကြား၏ ချဉ်းကပ်လမ်းကြောင်းပေါ်တွင် တည်ရှိနေသော ပင်လယ်ဆိပ်ကမ်းတစ်ခုလည်းဖြစ်၊ အိုမန်ပင်လယ်ကွေ့၌ တည်ရှိနေသော ပင်လယ်ဆိပ်ကမ်းတစ်ခုလည်းဖြစ်သော ချာဘာဟာပင်လယ်ဆိပ်ကမ်း ဖွံ့ဖြိုးရေးသည် အိန္ဒိယနိုင်ငံအတွက် မဟာဗျူဟာအရအရေးပါသည်။ ပြိုင်ဘက်ပါကစ္စတန်နိုင်ငံကို ကွင်းရှောင်ကာ အာရှအလယ်ပိုင်းနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့နှင့် ချိတ်ဆက်နိုင်မည့် သယ်ယူပို့ဆောင်ရေးစင်္ကြံလမ်းတစ်ခု ဖွင့်လှစ်နိုင်ရန် ရည်မှန်းဆောင်ရွက်နေချိန်တွင် ယင်းပင်လယ်ဆိပ်ကမ်း ဖွံ့ဖြိုးရေးမှာ အိန္ဒိယနိုင်ငံအတွက် အရေးကြီးသည်။

၂၀၁၅ ခုနှစ်တွင် အီရန်နိုင်ငံနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား ယင်းနိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ သမိုင်းဝင်သဘောတူညီမှုတစ်ရပ် ရရှိခဲ့ပြီးနောက် အနောက်အုပ်စုက စီးပွားရေးဖြေလျှော့မှုများ ပြုလုပ်ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံက ချာဘာဟာပင်လယ်ဆိပ်ကမ်း ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ဒေါ်လာသန်း ၅၀၀ ကျခံသုံးစွဲ၍ အကောင်အထည်ဖော်မည်ဟု ကတိပြုခဲ့သည်။

ချာဘာဟာပင်လယ်ဆိပ်ကမ်း ဖွံ့ဖြိုးရေးစီမံကိန်းကို ဆောင်ရွက်မည့် အိန္ဒိယနိုင်ငံပိုင် ကုမ္ပဏီတစ်ခုသည် ကရိန်းများနှင့် ဝန်ချီစက်များကဲ့သို့သော စက်ကိရိယာများ ထောက်ပံ့ပေးနိုင်ရန် တင်ဒါစောင့်ဆိုင်းနေရဆဲဖြစ်သည်။

အီရန်နိုင်ငံနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများ ရရှိခဲ့ကြသော နျူကလီးယားသဘောတူညီချက်နှင့်ပတ်သက်၍ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ရှုတ်ချပြောဆိုခဲ့ပြီး အီရန်နိုင်ငံအား အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများကို ခြိမ်းခြောက်နေသည့် နိုင်ငံတစ်နိုင်ငံအဖြစ် စွပ်စွဲခဲ့ရာ ယင်းနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ပြန်လည်ပြုလုပ်လာမည်လောဟု စိုးရိမ်မှုများ ဖြစ်ပေါ်လာရကြောင်း သတင်းတွင်ဖော်ပြသည်။ **ရိုက်တာ။**

# မြူးနစ်မြို့ မြေအောက်ရထားဘူတာရုံ၌ ပစ်ခတ်မှုဖြစ်ပွား၊ ရဲအရာရှိတစ်ဦးနှင့် လူနှစ်ဦးဒဏ်ရာရ

**ဘာလင် ဇွန် ၁၄**

ဂျာမနီနိုင်ငံမြူးနစ်မြို့ရှိ မြေအောက်ရထားဘူတာရုံတစ်ရုံတွင် ဇွန် ၁၃ ရက်က ရဲအရာရှိတစ်ဦး ဦးခေါင်းတွင် သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရကြောင်း၊ အမျိုးသားတစ်ဦးက ရဲအရာရှိတစ်ဦးထံမှ သေနတ်ကိုလုယူကာ ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ပစ်ခတ်မှုကြောင့် အနီးအနားတွင် ရှိနေသည့် လူနှစ်ဦးမှာလည်း ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သေနတ်ဖြင့် ပစ်ခတ်ခံရသူ ရဲအရာရှိမှာ အမျိုးသမီးတစ်ဦးဖြစ်ပြီး အသက်အန္တရာယ် စိုးရိမ်ဖွယ်ရှိကြောင်း မြူးနစ်ရဲအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မာကတ်စ်ဒါ ဂလိုရီယာမဟာတင်က ပြောကြားသည်။



အန်တာဖိုရင်း မြေအောက်ရထားဘူတာရုံတွင် ဂျာမန်ရဲတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန် ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီးနောက် အသက်(၃၇)ခုနှစ်အရွယ်ရှိ ဘာဗေးရီးယားပြည်နယ်ဖွား လူတစ်ဦးဒဏ်ရာရရှိခဲ့ပြီး ၎င်းကို ဖမ်းဆီးနိုင်ခဲ့ကြောင်း မြူးနစ်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဘာဗေးရီးယားမြို့ အရှေ့မြောက်ပိုင်း ဆင်ခြေဖုံးဒေသရှိ မြေအောက်ရထား ဘူတာရုံ၌ မြေအောက်ရထားတစ်စင်းပေါ်တွင် ခရီးသည်နှစ်ဦး ခိုက်ရန်ဖြစ်ပွားမှုကို ထိန်းသိမ်းရန် ရောက်ရှိလာသော ရဲတပ်ဖွဲ့ဝင်များအနက် အမျိုးသမီး ရဲတပ်ဖွဲ့ဝင်ထံမှ ပစ္စတိုသေနတ်ကို အမျိုးသားတစ်ဦးက လုယူကာ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း မြူးနစ်ရဲတပ်ဖွဲ့အကြီးအကဲ ဟူဘာတပ်စ်အန်ဒရေက သတင်းထောက်များအား ပြောကြားသည်။ **ရိုက်တာ။**

# ရေနံ့လက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြ

**နေပြည်တော် ဇွန် ၁၄**

နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် အဆိုပြုတင်ပြသော ဦးမြဟန်၊ ဦးမျိုးတင့်၊ ဦးစိုးနိုင်၊ ဦးခင်မောင်ကြည်နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် အဆိုပြုတင်ပြသော ဦးမြင့်နိုင်၊ ဦးသန်းဌေးတို့အား လွှတ်တော်ကသဘောတူကြောင်း ကြေညာသည်။

အဆိုပါ ပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန် နောက်ဆုံးသတ်မှတ်အချိန်ထိ ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး သတ္တမနေ့တွင် လွှတ်တော်ကသဘောတူကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အစည်းအဝေးတွင် နိုင်ငံတော်သမ္မတကပေးပို့ထားသော မွန်ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲသော ရေနံ့လက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို အဖွဲ့ဝင် ဦးဇော်ဝင်းက ဖတ်ကြားတင်ပြသည်။ ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဇွန် ၂၀ ရက်တွင် ကျင်းပရန် လျာထားကြောင်း သိရသည်။

**မျိုးမြင့်၊ အေးအေးသန့်(သတင်းစဉ်)**

■



ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးသတ္တမနေ့ ကျင်းပစဉ်။

# အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား တစ်ဦးလျှင်အများဆုံး ကျပ်သိန်း ၁၀၀၀ အထိ ချေးငွေများထုတ်ချေးရန် စီစဉ်လျက်ရှိ

**နေပြည်တော် ဇွန် ၁၄**

မြန်မာနိုင်ငံရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား တစ်ဦးလျှင် အများဆုံးကျပ်သိန်း ၁၀၀၀ အထိ ချေးငွေများထုတ်ချေးရန် စီစဉ်နေကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား ဂျာမနီနိုင်ငံအစိုးရမှ ယူရိုငွေ ၄ ဒသမ ၄၅ သန်း (မြန်မာငွေကျပ် ၆၇၅၇ ဒသမ ၃၂၅ သန်း)ကို ဂျာမနီနိုင်ငံအခြေစိုက် kfw ဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမ(CB) ဘဏ်တို့ပူးပေါင်းပြီး မြန်မာနိုင်ငံရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား တစ်ဦးလျှင်အများဆုံး ကျပ်သိန်း ၁၀၀၀ အထိ ၂၀၁၇ ခုနှစ် ဩဂုတ်လမှစ၍ ချေးငွေများထုတ်ချေးရန် စီစဉ်လျက်ရှိပါကြောင်း၊ ချေးငွေအတွက် အပေါင်ပစ္စည်းပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း စတင်လုပ်ကိုင်မည့်သူများကိုလည်း လုပ်ငန်းခိုင်မာမှုရှိပါက ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း ဆိုသည်။

ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို၏ **အုန်းသီးအခြေပြု စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နေသော လုပ်ငန်းငယ်ကလေးများကို စုစည်း၍ ပိုမိုကျယ်ပြန့်သော နည်းပညာနှင့် ငွေကြေးပံ့ပိုးပေးနိုင်ရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက မြန်မာနိုင်ငံ SME လုပ်ငန်းများအား နိုင်ငံတကာဈေးကွက်ဝင် ထုတ်ကုန်များထုတ်လုပ်နိုင်ရန် ပြည်တွင်းပြည်ပအကူအညီများရယူ၍ နည်းပညာဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထုတ်လုပ်မှုနည်းပညာသာမကဘဲ အစားအသောက်ထုတ်လုပ်မှုဆိုင်ရာ အသိပညာပေးခြင်း၊ မျှဝေခြင်းနှင့် တီထွင်ဖန်တီးမှုဆိုင်ရာ အတွေးအခေါ်များ မြှင့်တင်နိုင်ရန်အတွက် မဟာဗျူဟာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သင်တန်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ သွားရောက်ပံ့ပိုးပေးလျက်ရှိပါကြောင်း။

SME လုပ်ငန်းများအား အထောက်အပံ့ပေးရန် နိုင်ငံတကာချေးငွေအနေဖြင့် ဂျပန်နိုင်ငံ (JICA)မှချေးငွေယန်း(၅)ဘီလီယံ (မြန်မာငွေကျပ် ၅၀ ဘီလီယံခန့်) ရရှိခဲ့ပြီး ၎င်းအနက်မှ မြန်မာငွေကျပ် ၄၁ ဒသမ ၅၅၈ ဘီလီယံကို တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၀)ခုရှိ လုပ်ငန်းရှင် ၁၈၆ ဦးသို့ ၂၀၁၆ ခုနှစ်မှ စတင်၍ ကမ္ဘောဇဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ ဧရာဝတီဘဏ်၊ သမဝါယမ(CB)ဘဏ်နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်တို့မှတစ်ဆင့် ထုတ်ချေးပေးလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးမှ SME လုပ်ငန်းရှင် ၂၆ ဦးအား ချေးငွေများထုတ်ချေးပေးခဲ့ပြီး ဖြစ်ပါကြောင်း။

ကျန်ရှိသည့်မြန်မာငွေကျပ် ၈ ဒသမ ၄၄၂ ဘီလီယံကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ထုတ်ချေးသွားရန် စီစဉ်လျက်ရှိပါသဖြင့် SME လုပ်ငန်းရှင်များအနေဖြင့် ချေးငွေရယူလိုပါက သက်ဆိုင်ရာဘဏ်များသို့ လျှောက်လွှာတင်၍ ဘဏ်၏ BOD အဖွဲ့ဖြင့် စိစစ်ပြီး ချေးငွေများကို ထုတ်ချေးပေးသွားမည် ဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးရှိ အုန်းသီးအခြေပြု စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် နည်းပညာများရယူလိုပါက ဧရာဝတီတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ဆက်သွယ်၍ လျှောက်ထားနိုင်ပြီး ပြည်တွင်းပညာရှင်များနှင့်ချိတ်ဆက်၍ သင်တန်းများလာရောက်ပို့ချပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အစည်းအဝေးတွင် ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန်၏ **ထားဝယ်ခရိုင်တွင် မေတ္တာမြို့အဖြစ် ရပ်ကွက်(၃)ရပ်ကွက်ဖြင့် ဖွဲ့စည်းထားသော ရပ်ကွက်များရှိ လူနေအိမ် အဆောက်အအုံများ ဆောက်လုပ်ထားသည့်မြေကွက်များကို နှစ်ပေါင်း(၉၀)အထိ လဲလှယ်ခွင့်ရှိသော ဂရန်များထုတ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ထားဝယ်မြို့နယ် မေတ္တာမြို့ရှိမြေများသည် မြို့အဖြစ် မသတ်မှတ်မီအချိန်ကတည်းက မြေတိုင်းတာမှုမပြုလုပ်ရသေးသော ဉယျာဉ်ခြံမြေ အမျိုးအစားဖြစ်ပါကြောင်း၊ မြို့မြေအဖြစ် စနစ်တကျမြေတိုင်းတာပြီး မြေပုံများရေးဆွဲပြုစုထားခြင်းမရှိသဖြင့် ဥပဒေနှင့်အညီ ဂရန်လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ ၁၀၅ ရေးကူးပေး၍မရပါကြောင်း။

မေတ္တာမြို့ရှိ လူနေထိုင်သောမြေများကို ပိုင်ဆိုင်မှုခိုင်မာသော မြေဂရန်ရရှိရေးအတွက် မြို့မြေအဖြစ် မြေအမျိုးအစားပြောင်းလဲခြင်း၊ ပိုင်ဆိုင်မှုစစ်တမ်းကောက်ယူခြင်းနှင့် မြေငှားဂရန်လျှောက်ထားရယူခြင်းတို့ကို ဥပဒေနှင့်အညီ အဆင့်ဆင့် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မေတ္တာမြို့တစ်မြို့လုံးအား မြေအမျိုးအစား ပြောင်းလဲဆောင်ရွက်ရန်အတွက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ဝန်ထမ်းအင်အား လုံလောက်မှုမရှိခြင်း၊ စက်ပစ္စည်းကိရိယာနည်းပါးခြင်းနှင့် ဘဏ္ဍာငွေလိုအပ်ချက်အား လျာထားမှုမရှိခြင်းတို့ကြောင့် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း။

မေတ္တာမြို့နေ ပြည်သူတစ်ဦးချင်းအနေဖြင့် မြေငှားဂရန်လျှောက်ထားလိုပါက မိမိလျှောက်ထားလိုသည့် မြေအမျိုးအစားအား လယ်ယာမြေအခြားနည်းအသုံးပြုခွင့် ဦးစွာရရှိအောင်ဆောင်ရွက်ပြီး ထားဝယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မြေငှားဂရန်လျှောက်ထားနိုင်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၊ ကမာရွတ်မဲဆန္ဒနယ်မှ ဦးကျော်မင်းနှင့် လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်းတို့၏ စက်မှုကုန်ကြမ်းစီမံဌာနပိုင်မြေအား ပျော်ဘွယ်မြို့မြေအဖြစ် လွှဲပြောင်းပေးရေး၊ နမ္မတူနှင့် ဘော်တွင်းရှိ ရဲစခန်းနှင့် ရဲဝန်ထမ်းအိမ်ရာများ ပြင်ဆင်ဆောက်လုပ်ပေးရေး၊ ကမာရွတ်မြို့နယ်တွင် မီးသတ်စခန်းဖွင့်လှစ်ပေးရေး၊ လင်းခေးမြို့ရှိ လူထုရုံကြီးအား အသစ်ပြန်လည် တည်ဆောက်ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို တင်သွင်းထားသည့် **နိုင်ငံ၏ အလုပ်လက်မဲ့ပြဿနာများ တဖြည်းဖြည်းလျော့နည်းကျဆင်းလာရေး နိုင်ငံတော်အစိုးရမှ စနစ်တကျ စီမံချက်ချအကောင်အထည်ဖော်ဆောင်ရွက်ရေး တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင်က မြန်မာနိုင်ငံတွင် ဘွဲ့ရအလုပ်လက်မဲ့များစွာရှိနေပြီး ရရှိထားသည့်ဘွဲ့နှင့် လုပ်ကိုင်ရသည့်အလုပ်မှာလည်း တခြားစီဖြစ်နေတတ်ပါကြောင်း၊ အခြားနိုင်ငံများတွင် အသက်မွေးဝမ်းကျောင်းနှင့် ဆန်းသစ်တီထွင်မှုများကို အားပေးကူညီခြင်း၊ ကျောင်းပြီးဆုံးချိန်တွင် လုပ်ငန်းများနှင့်ချိတ်ဆက်ပေးခြင်း စသည့်အစီအမံကောင်းရှိပါကြောင်း၊ ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို လက်တွေ့လုပ်ကိုင်နိုင်သည့် အခြေအနေရောက်အောင် စီမံချက်ချမှတ်ဖော်ဆောင်ပေးမည်ဆိုပါက အလုပ်လက်မဲ့ပြဿနာများ လျော့နည်းကျဆင်းလာနိုင်ပါကြောင်း ဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီး
ဦးခင်မောင်ချို



ဒေးဒရဲမဲဆန္ဒနယ်မှ
ဒေါက်တာဒေါ်ခင်ညို

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရာတွင် အလုပ်အကိုင်ပေးနိုင်မည့် အထောက်အပံ့ပြုသော စီးပွားရေးဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးပေးနိုင်ခြင်းအပေါ် များစွာမူတည်နေပါကြောင်း၊ အစိုးရက စီမံခန့်ခွဲမှုကောင်းကောင်းဖြင့် လုပ်ငန်းများကို ဖော်ဆောင်နိုင်မည်ဆိုပါက နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာမည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်သည့်နေရာတွင် အားနည်းမှုများရှိနေပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် အဆိုနှင့်စပ်လျဉ်း၍ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်၊ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၊ ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင်၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ ဒီမော့ဆိုမဲဆန္ဒနယ်မှ ဦးပေါလ်ဆိုင်း၊ ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင်တို့က ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းပေါ်ပေါက်လာစေရေးအတွက် စီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူနေရာများတွင် နိုင်ငံသားများခန့်အပ်နိုင်ရေး အစီအစဉ်များထည့်သွင်းထားပါကြောင်း၊ ထို့ပြင် ကျွမ်းကျင်မှုမလိုအပ်သည့် လုပ်ငန်းများတွင် နိုင်ငံသားများကိုသာ ခန့်ထားရန် ပြဋ္ဌာန်းထားပါကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အလုပ်အကိုင် ၁၄၁၄၄၅ နေရာဖန်တီးပေးနိုင်ခဲ့ပါကြောင်း။

အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရေးအတွက် သွယ်ဝိုက်သောနည်းအားဖြင့် အခွန်သက်သာခွင့်ပေးခြင်း၊ ကင်းလွတ်ခွင့်ပေးခြင်း၊ ဘဏ္ဍာရေးထောက်ပံ့ပေးခြင်း၊ ဘဏ္ဍာငွေအရင်းအမြစ်များကို အလွယ်တကူရရှိစေရန် ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း၊ ငွေကြေးနှင့်ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ ချောမွေ့စွာလည်ပတ်နိုင်ရန် ပံ့ပိုးဆောင်ရွက်ပေးခြင်းတို့ကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မူဝါဒများနှင့်အညီ စနစ်တကျ အစီအမံများချမှတ်ဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် အဆိုအားမှတ်တမ်းတင်ပေးပါရန် တင်ပြပါကြောင်း ရှင်းလင်းသည်။

ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပညာရေးမြှင့်တင်မှုကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ တင်ပြခြင်း၊ အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း တင်သွင်းခြင်းနှင့် အစီရင်ခံစာ ဖတ်ကြားခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။ **ကျော်သူထက်(သတင်းစဉ်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇွန် ၁၄**

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့်နှင့် မုတ္တမကွေ့နှင့် မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

# ကမ္ဘာ့အမြင်ကိုရအောင်ရှုပြီး မြန်မာ့အသွင်နှင့် လှအောင်ပြုစေချင်

**ငြိမ်းငွေစံ**

သုံးရက်ကြာကျင်းပခဲ့သော ဘာသာပြန်စာပေစာတမ်းဖတ်ပွဲနှင့် နွေရာသီ စာအုပ်ဈေးရောင်းပွဲတော် အောင်မြင်စွာကျင်းပပြီးစီးသွားကြောင်း မေ ၂ ရက်ထုတ်ကြေးမုံသတင်းစာတွင် ဖတ်လိုက်ရသည်။ သတင်းဆက်သွယ်မှုနည်းပညာ(ICT)ထွန်းကားနေသည့် ကမ္ဘာ့ရွာခေတ်တွင် မြန်မာစာပေနှင့်နိုင်ငံတကာစာပေတို့ကို အပြန်အလှန်လေ့လာနိုင်အောင် စနစ်တကျဘာသာပြန်ထုတ်ဝေနိုင်လေ အကျိုးရှိလေဖြစ်မည်ဟု ကျွန်တော်ယူဆပါသည်။

ထို့ကြောင့် ဤအစီအစဉ်အတွက် ကျွန်တော်တို့နိုင်ငံ၏ တာဝန်ရှိသူ၊ စေတနာထားသူ၊ စိတ်ပါဝင်စားသူအားလုံး၏ ရှေ့ပြေးအားထုတ်ဆောင်ရွက်မှုပြီးမြောက်သွားခြင်းဖြစ်သည်ဟု မှတ်ယူမိသဖြင့် များစွာဝမ်းမြောက်မိပါသည်။ "မကြာမီမှာ အင်နှင့်အားနှင့်ပေါ်ထွက်လာမည့် နိုင်ငံတကာက အသိပညာ၊ အတတ်ပညာ၊ နည်းပညာဆိုင်ရာစာပေများ မိခင်ဘာသာမြန်မာစာဖြင့် မြန်မာစာဖတ်တတ်သူတို့ မြန်မာအားလုံးဖတ်၊ မှတ် လေ့လာနိုင်ကြတော့မှာပါလား။ တို့နိုင်ငံရဲ့ယဉ်ကျေးမှုဓလေ့စရိုက်နဲ့ လူမှုရေး၊ စီးပွားရေးအခြေအနေတွေကိုလည်း ကမ္ဘာသိအောင် နိုင်ငံတကာစာပေတွေနဲ့ ဘာသာပြန်ပြီး ထုတ်ဝေပေးနိုင်တော့မှာပါလား"ဟူသည့် မျှော်လင့်ချက်အတွေးများသည်လည်း ကျွန်တော့်စိတ်အတွင်းသို့ ကိန်းဝင်လာခဲ့ပါသည်။ ထိုကိန်းဝင်လာသောအတွေးနှင့်ဆက်စပ်မှုရှိသော ဇွန် ၁၂ ရက်က ဖြစ်ရပ်တစ်ခုကိုအကြောင်းပြု၍ ဤဆောင်းပါးကို ရေးဖြစ်ခဲ့ခြင်းဖြစ်ပါသည်။

ယင်းနေ့က လမ်းလျှောက်ရင်း ကျွန်တော့်သမီးအိမ်ကို ဝင်ဖြစ်ခဲ့ပါသည်။ အိမ်ထဲဝင်လိုက်ချိန်တွင် စတုတ္ထတန်းကျောင်းသား ကျွန်တော့်မြေးကလေးဝင်းလရောင်၏ "Daw San San is my grandmother. She heartily looked after me when I was a small baby. Now, she shows me the good way for my life. So, she is my life guide." ဟု ရွတ်ဆိုနေသောအသံကိုကြားလိုက်ရပါသည်။ "ဟ တယ်ဟုတ်ပါလား။ ဒါမင်းကို ဘယ်သူသင်ပေးထားတာလဲ"ဟု သူ့ကို ချီးကျူးရင်း မေးလိုက်ရာ သူ့အမေသင်ပေးထားခြင်းဖြစ်သည်ဟုပြောပါသည်။ ထိုအခါ ကျွန်တော်က "ကဲ ဒါဆို မြန်မာလိုဆိုစမ်းပါဦး"ဟုပြောလိုက်ရာ "ဒေါ်စန်းစန်းဟာ ကျွန်တော့်အမေကြီးဖြစ်ပါတယ်။ သူမဟာ ကျွန်တော်ကလေးပေါက်စတုန်းက စိတ်ပါလက်ပါစောင့်ရှောက်ခဲ့သူဖြစ်ပါတယ်။ အခုအခါမှာ သူမဟာ ကျွန်တော့်ဘဝအတွက်လမ်းကောင်းကို ပြပေးနေသူဖြစ်ပါတယ်။ ဒါကြောင့် သူမဟာ ကျွန်တော့်ဘဝရှေ့ဆောင်ဖြစ်ပါတယ်" ဟု ဆိုပြပါသည်။ အေး မင်းအမေက အမှန်အတိုင်း သင်ပေးထားတာပဲ။ ဒါပေမယ့် မြန်မာလိုဆိုပြရာမှာတော့ အသုံးအနှုန်းတစ်ခုမှားနေတယ်။ အဲဒါက ဘာလဲဆိုတော့ မင်းက "She"ဆိုတဲ့နေရာမှာ "သူ"လို့မသုံးဘဲ "သူမ"လို့ သုံးထားတယ်။ အင်္ဂလိပ်မှာ ယောက်ျားရဲ့နာမ်စားကို "He"၊ မိန်းမရဲ့နာမ်စားကို "She"လို့ခွဲခြားပြီးသုံးပေမယ့် မြန်မာမှာတော့ ယောက်ျားမှာလည်း "သူ"၊ မိန်းမမှာလည်း "သူ"လို့ပဲ သုံးရတယ်လို့ ကျွန်တော်ပြောပြလိုက်ပါသည်။ ထိုအခါ သူက "ကျောင်းမှာ ဆရာမက "She"ဆိုတာ မြန်မာလို "သူမ"လို့သင်ပေးထားပါတယ်" ဟု ပြန်ပြောလိုက်ရာ "ဟေ- ဟုတ်လား"ဟု အံ့သြစိတ်ဖြင့် ကျွန်တော် အာမေဋိတ်ပြုလိုက်မိပါသည်။ ကျွန်တော့်အာမေဋိတ်သည် "ငါတို့ငယ်စဉ်က သင်ယူခဲ့တာနဲ့ ငါ့မြေးတို့သင်ယူနေတာ မတူတော့ပါလား"ဟူသော သာမန်ဖြစ်ပေါ်လာသည့် အတွေးကြောင့် ထွက်ပေါ်လာသောအာမေဋိတ်မဟုတ်ပါ။ အင်္ဂလိပ်စာနှင့် စကားတွင် ယောက်ျား၏နာမ်စားသည် "He" ဖြစ်သော်လည်း မိန်းမ၏နာမ်စားသည် "She" ဟူ၍ကွဲပြားခြားနားစွာ ရေးထုံးပြောထုံးများရှိပါသည်။

သို့သော် မြန်မာစာနှင့် မြန်မာစကားတွင် ယောက်ျား၏နာမ်စားနှင့် မိန်းမ၏နာမ်စားတို့သည် ကွဲပြားခြားနားမှုမရှိဘဲ ယောက်ျား၏နာမ်စားသည်လည်း "သူ"၊ မိန်းမ၏နာမ်စားသည်လည်း"သူ" ဟူ၍ နာမ်စားတူ "သူ" တစ်မျိုးတည်းသာရှိကြောင်း ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ညှိနှိုင်းပြီး လွန်ခဲ့သောဆယ်စုနှစ်ကျော်ကာလလောက်ကတည်းကစပြီး "မြန်မာစာ၊ မြန်မာ့စကား" ပညာပေးအစီအစဉ်ကို MRTV က အပတ်စဉ် ထုတ်လွှင့်ပေးနေခဲ့သည်ကို ကျွန်တော်တွေ့မြင်ခဲ့ရပါသည်။ ၎င်းပြင် ဤကိစ္စနှင့်ပတ်သက်ပြီး အငြိမ်းစားမြန်မာစာပါမောက္ခ ဒေါက်တာခင်အေးက မောင်ခင်မင်(ဓနုဖြူ)ဟူသော ကလောင်အမည်ဖြင့် သတင်းစာတွင် ရှင်းလင်းရေးသားပညာပေးထားသော ဆောင်းပါးကိုလည်း ကျွန်တော်ဖတ်မှတ်ခဲ့ဖူးပါသည်။

ထိုသို့ တာဝန်ရှိသည့် ပညာရေးဝန်ကြီးဌာနနှင့် မြန်မာစာပေပညာရှင်ပုဂ္ဂိုလ်ကြီးတို့၏ ပညာပေးမှုများရှိခဲ့ပါလျက် ကျောင်းသားများကို ပညာသင်ကြားပေးနေသော ပညာရေးဌာနမှ ဆရာမက လွဲမှားစွာသင်ကြားပေးနေသည်ဟူသော မဖြစ်သင့်သည့် အခြေအနေဖြစ်နေမှုကို ကြားလိုက်ရခြင်းကြောင့် ကျွန်တော့်မြေးထံမှ ကြားလိုက်ရချိန်တွင် ကျွန်တော့်နှုတ်မှ ထွက်ပေါ်သွားသောအာမေဋိတ်သည် သာမန်အတွေးတစ်ခုကြောင့်ဖြစ်ပေါ်လာသော အာမေဋိတ်မဟုတ်ဟု ပြောခဲ့ရခြင်းဖြစ်ပါသည်။ ပညာသင်ကြားပေးနေသော ဆရာမ၏ လွဲမှားနေမှုကို ကြားသိရပြီးနောက် စာနယ်ဇင်းနှင့် ရုပ်သံဟူသော မီဒီယာများ၏ ရေးသားပြောဆိုနေမှုများသည်လည်း မည်သို့ရှိသနည်း။ MRTV က ထုတ်လွှင့်နေသော မြန်မာစာ၊ မြန်မာစကား ပညာပေးအစီအစဉ်နှင့် ဆရာကြီးဒေါက်တာခင်အေးတို့ ရှင်းလင်းပညာပေးထားသည်များကို ဂရုပြုလိုက်နာကြပါ၏လော၊ ကျွန်တော်ဖတ်မှတ်မိသမျှကို ပြန်လည်လေ့လာကြည့်ရာတွင် များသောအားဖြင့် ကျွန်တော့်မြေးကို သင်ကြားပေးနေသော ဆရာမနှင့်မခြား အလားတူပင် ရေးသားပြောဆိုနေကြသည်ကို တွေ့ရပါ၏။

သို့ဆိုလျှင် မြန်မာစာ၊ မြန်မာစကား ရေးထုံး၊ ပြောထုံးတွင် ယောက်ျားအတွက်ရော၊ မိန်းမအတွက်ပါ နာမ်စားတူ "သူ"တစ်ခုတည်းရှိနေရာမှ ယောက်ျားအတွက်နာမ်စားကို "သူ"၊ မိန်းမအတွက် နာမ်စားကို "သူမ" ဟူသော အရေး၊ အပြောများ မည်သည့်အချိန်က စတင်ရေးသားပြောဆိုခဲ့ကြသနည်း။ ဖတ်မှတ်လေ့လာမိခဲ့သည်များကို ပြန်လည်စဉ်းစားကြည့်ခဲ့ရာတွင် အင်္ဂလိပ်ဝတ္ထုများကို မြန်မာဘာသာသို့ ပြန်ဆိုထုတ်ဝေမှုပြုလုပ်ခါစက ဘာသာပြန်ဆိုသူက ယောက်ျားနာမ်စား၊ အင်္ဂလိပ်လို "He"ကို မြန်မာလို "သူ"၊ မိန်းမနာမ်စား အင်္ဂလိပ်လို "She"ကို မြန်မာလို "သူမ"ဟု ပြန်ဆိုခဲ့ရာမှ မြန်မာလိုချည်း ရေးသားပြောဆိုကြရာမှာလည်း ထိုအသုံးအနှုန်းအတိုင်း ရေးသားလာခဲ့ကြသည်။ နောက်ပိုင်းတွင် ဘာသာပြန်စာပေတွင်သာမက မြန်မာလိုသက်သက် ရေးသားပြောဆိုမှုများတွင်ပါ ထိုအသုံးအနှုန်းတွင်ကျယ်လာခဲ့ခြင်းဖြစ်သည်ဟု မှတ်သားခဲ့ရဖူးပါသည်။ လက်ရှိအခြေအနေအရ တာဝန်ရှိသည့် ဝန်ကြီးဌာနနှင့် တတ်ကျွမ်းသည့် ပညာရှင်များက မူလရေးထုံးအမှန်ရောက်အောင် အားထုတ်ဆောင်ရွက်နေကြသော်လည်း အကျိုးသက်ရောက်မှုမရှိသေးသည့် အခြေအနေဖြစ်နေသေးသည်ဟု ယူဆရမည်ဖြစ်ပါသည်။

အများကြာလျှင် အမှန်ဖြစ်သွားတတ်သည့်သဘောအရ ကျွန်တော်တို့ မြန်မာများ၏ ထူးခြားသည့်အမျိုးသားရေးလက္ခဏာတစ်ခုဖြစ်သော မြန်မာစာ၊ မြန်မာစကား ရေးထုံး၊ ပြောထုံးတစ်ခု၏နေရာတွင် တိုင်းတစ်ပါး၏ ရေးထုံး၊ ပြောထုံးတစ်ခု မလိုအပ်ဘဲ ဝင်ရောက်အစားထိုး နေရာယူတည်တံ့သွားမည်ကို စိုးရိမ်နေမိပါသည်။ ထိုသို့ ကျွန်တော်အတွေးအမျှင်တန်းပြီး စိုးရိမ်စိတ်ပွားနေခိုက်တွင် ဘာသာပြန်စာပေစာတမ်းဖတ်ပွဲ အောင်မြင်စွာကျင်းပပြီးစီးသည့်သတင်းကို ဖတ်လိုက်ရပါသည်။ ထိုသတင်းက ကျွန်တော့်တွင် ဖြစ်ပေါ်နေသည့် သောကကို ငြိမ်းအေးသည့်အတွေးများ ဆက်လက်ဖြစ်ပေါ်စေခဲ့ပါသည်။

ဆက်လက်ဖြစ်ပေါ်လာခဲ့သော ကျွန်တော့်အတွေးများက ဤသို့ဖြစ်ပေါ်၏။ အင်္ဂလိပ်ခေတ် ဘာသာပြန်စာပေပေါ်ထွန်းလာရေးအစပျိုးသည့်ကာလနှင့် ယနေ့ကာလအခြေအနေတို့သည် မတူတော့။ လက်ရှိခေတ်ကာလ၏တိုးတက်လာသော အခြေအနေနှင့်အတူ ဘာသာပြန်ဆရာများ၏ အရည်အသွေးသည်လည်း တိုးတက်လာမည်ဖြစ်ပြီး ဘာသာပြန်မှုတွင်လည်း ပိုမိုပြည့်စုံသောအတွေး၊ ပိုမိုမှန်ကန်သောအရေးတို့ဖြင့် စနစ်တကျဖြစ်ပေါ်လာမည်။ ထို့ကြောင့် ဘာသာပြန်ရာတွင် အကြောင်းအရာကို ပြည့်ပြည့်စုံစုံသိရှိနိုင်ရုံသာမက မိမိမြန်မာစာ ရေးထုံး၊ ပြောထုံးနှင့် ယဉ်ကျေးမှုစရိုက်လက္ခဏာများနှင့်အညီဖြစ်ရေး အလေးထားလာမည်ဖြစ်သကဲ့သို့ မိမိမြန်မာစာပေကို တိုင်းတစ်ပါးစာပေသို့ ပြန်ဆိုရာ၌လည်း သက်ဆိုင်ရာတိုင်းတစ်ပါး၏ ရေးထုံး၊ ပြောထုံး၊ ယဉ်ကျေးမှုစရိုက်လက္ခဏာများနှင့်အညီ အံဝင်ခွင်ကျဖြစ်ရေး အလေးထားကြလိမ့်မည်။

ဤသို့အားဖြင့် မြန်မာနှင့် နိုင်ငံတကာတို့သည် အပြန်အလှန်ကျေးဇူးပြုရင်း မိမိတို့နိုင်ငံတွင် ဘာသာပြန်စာပေထွန်းကားလာလိမ့်မည်။ ထိုအခြေအနေမျိုး ဖြစ်တည်လာရန်အတွက် တာစူနေသည့် ယခုလိုအချိန်မျိုးတွင် ရှေးယခင်က ဘာသာပြန်မှုတွင် အလေးထားဂရုမပြုခဲ့၍ မိမိမြန်မာစာ၊ မြန်မာစကားအရေး၊ အပြော၏ထူးခြားသော အမျိုးသားရေးလက္ခဏာတစ်ခု၏နေရာတွင် တိုင်းတစ်ပါးအမျိုးသားရေးလက္ခဏာတစ်ခု တွင်တွင်ကျယ်ကျယ် အစားထိုးနေရာယူကာ ထိုလက္ခဏာခိုင်မြဲတည်တံ့သွားတော့မယောင်ဖြစ်နေသည့် အခြေအနေကို သတိပြုမိအောင် ဆောင်ရွက်ပေးလိုက်ပါက ဘာသာပြန်ဆရာများသည် ထိုမှားယွင်းဖြစ်တည်နေမှုကို အမှန်ပြန်ရောက်အောင်ကုစားရင်း လက်ရှိခေတ်ကာလနှင့်အညီ မြန်မာနှင့် နိုင်ငံတကာ အပြန်အလှန်အကျိုးပြုနိုင်သည့် ဘာသာပြန်စာပေများထွန်းကားလာအောင် ဆောင်ရွက်သွားကြလိမ့်မည်။ ထိုသို့ဖြစ်ပေါ်လာသော အတွေးများကြောင့် ဤဆောင်းပါးကို ရေးဖြစ်ခဲ့ပါသည်။ ။

**အများကြာလျှင် အမှန်ဖြစ်သွားတတ်သည့်သဘောအရ ကျွန်တော်တို့ မြန်မာများ၏ ထူးခြားသည့် အမျိုးသားရေးလက္ခဏာတစ်ခုဖြစ်သော မြန်မာစာ၊ မြန်မာစကား ရေးထုံး၊ ပြောထုံးတစ်ခု၏နေရာတွင် တိုင်းတစ်ပါး၏ ရေးထုံး၊ ပြောထုံးတစ်ခု မလိုအပ်ဘဲ ဝင်ရောက်အစားထိုး နေရာယူတည်တံ့သွားမည်ကို စိုးရိမ်နေမိပါသည်။**

## သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းဆင်း

**နေပြည်တော် ဇွန် ၁၄**

နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရန်၊ မိသားစုဝင်ငွေ တိုးပွားစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရန်၊ ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်စေရန်၊ အိမ်တွင်းစက်မှု၊ လက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်သူလူထုအတွင်း နည်းပညာများပျံ့နှံ့စေပြီး သွင်းကုန်အစားထိုးလုပ်ငန်းများ စီးပွားဖြစ်ထုတ်လုပ်လာနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်သော ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်နည်း သင်တန်းဆင်းပွဲကို ဇွန် ၁၃ ရက်က နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ကျည်တောင်ကန်ရပ်ကွက်၌ ပြုလုပ်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး နေပြည်တော်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်က သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက သင်တန်းသားများအတွက် ထောက်ပံ့ငွေပေးအပ်ပြီး နေပြည်တော်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး တာဝန်ရှိသူများက သင်တန်းသားများကိုယ်တိုင် ပြုလုပ်ထားသည့် ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။**(ယာပုံ)**



အဆိုပါသင်တန်းတွင် သင်တန်းသူ ၂၀ တက်ရောက်သင်ကြားခဲ့ပြီး ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံများဖြင့် ပြုလုပ်မည့် တော်ဖီ၊ ဝိုင်၊ ဂျယ်လီ(အမာ-အပျော့)၊ ဖျော်ရည်အမျိုးမျိုး၊ ယိုအမျိုးမျိုး၊ ကိတ်မုန့်အမျိုးမျိုး၊ ကွတ်ကီးနှင့် အာလူးကြော် စသည့် စားသောက်ကုန်ပြုလုပ်နည်းအမျိုး ၃၀ ကို သင်တန်းသား သင်တန်းသူများကို သင်တန်းနည်းပြ နှစ်ဦးက ဇွန် ၄ ရက်မှ ၁၃ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **(ရွှေရဲရင့်)**

## တရားရေးအရာရှိများ အလုပ်ရုံဆွေးနွေး

**ဘားအံ ဇွန် ၁၄**

ကရင်ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်တရားရုံးများမှ တရားရေးအရာရှိများအား ဦးဆောင်မှုနှင့်စီမံခန့်ခွဲမှု အသွင်ပြောင်းလဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ စာတမ်းဖတ်ပွဲကို ဇွန်လပထမပတ်က ကရင်ပြည်နယ်တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ကရင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်းက အမှာစကားပြောကြားပြီး ဘားအံခရိုင်၊ ကော့ကရိတ်ခရိုင်၊ မြဝတီခရိုင်နှင့် ဖာပွန်ခရိုင်တရားရုံးများမှ တရားသူကြီးများက ဥပဒေဆိုင်ရာစာတမ်းများ ဖတ်ကြားကြသည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ တရားရေးဝန်ထမ်းများ၊ ခရိုင်/မြို့နယ် တရားသူကြီးများက တရားရေးဆိုင်ရာများဆွေးနွေးခဲ့ကြသည်။ **(နေမျိုးလွင်)**

# နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာညီလာခံ(၂၀၁၇) ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၁၄**

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာ ညီလာခံ (၂၀၁၇) ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) ၌ ဆက်လက်ကျင်းပခဲ့သည်။




ညီလာခံဒုတိယနေ့တွင် (၂၁)ရာစုအတွင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍများတွင် ဆောင်ရွက်နေသူများ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ လုပ်ငန်းရှင်များ ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်မှု၊ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အစိုးရမှချမှတ်ရမည့်မူဝါဒ၊ နည်းဥပဒေများနှင့် စီမံအုပ်ချုပ်မှုများ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာသင်တန်းသားများ မွေးထုတ်ခြင်း၊ စံသတ်မှတ်ချက်များ အဆင့်မီတိုးတက်အောင် ဆောင်ရွက်ခြင်း၊ စစ်ဆေးအကဲဖြတ်မှုများ တိုးတက်ရန် ဆောင်ရွက်ခြင်းနှင့်လုပ်ငန်းရှင်များနှင့် ပုဂ္ဂလိကအခန်းကဏ္ဍပူးပေါင်းဆောင်ရွက်မှု အားကောင်းရေးဆိုင်ရာများ၊ သက်မွေးပညာကျောင်းများနှင့် ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်မှုများနှင့် ကျွမ်းကျင်မှုတည်ဆောက်ရေး လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြသည်။ ညနေပိုင်းတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာညီလာခံ (၂၀၁၇) Regional TVET Conference – 2017 ကျင်းပပြီးစီးကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာညီလာခံ (၂၀၁၇)နှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို Economic Cooperation and Development, Germany State Secretary to the Federal Minister Mr. Thomas Silberhorn၊ Human and Social Development Division South East Asia Regional Department, Asian Development Bank, Director Ms. Ayako Inagaki၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်နှင့် SEAMEO, Director Dr. Gatot Hari Priowirjanto တို့က ဦးဆောင်ကျင်းပပြီး ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

# တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အသက်မွေးဝမ်းကျောင်းပညာက အရေးကြီးပါတယ်

**နေပြည်တော် ဇွန် ၁၄**

ပညာရေးဝန်ကြီးဌာန၊ ဂျာမနီနိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်း၍ ဒေသတွင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာ ညီလာခံကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ဇွန် ၁၃ ရက်မှ ၁၄ ရက်အထိ နှစ်ရက်ကြာကျင်းပခဲ့သည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍတို့တွင် အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တက်လာစေရန်နှင့် အပြန်အလှန် သဘောတူညီမှုများ ပိုမိုရရှိစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး တက်ရောက်လာသူတချို့ကို မေးမြန်းဖြစ်ခဲ့သည်။


ဦးတင်လတ်


Mr.P Ranepura


Rosanna A.Urdaneta


ဒေါက်တာဆင့်စိုး

**ဦးတင်လတ် (အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း)**

တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အသက်မွေးဝမ်းကျောင်းပညာက အရေးကြီးပါတယ်။ ဘွဲ့လက်မှတ်တွေရရုံနဲ့ မလုံလောက်ပါဘူး။ တကယ် အလုပ်လုပ်နိုင်ဖို့ဆိုရင် အသက်မွေးဝမ်းကျောင်းပညာတွေ သင်ပေးတာတွေ ပိုမိုအားကောင်းလာဖို့ လိုအပ်ပါတယ်။ TVET ညီလာခံလုပ်တဲ့အချိန်မှာ အဓိကကတော့ အသက်မွေးဝမ်းကျောင်း ပညာတွေသင်ပေးဖို့ ဆောင်ရွက်တဲ့ အခါမှာ စိန်ခေါ်မှုတွေ၊ တိုးတက်မှုတွေရှိတယ်။ အနာဂတ်ကာလမှာ ဘာတွေ ဆောင်ရွက်ကြမလဲဆိုတဲ့ ကောင်းတဲ့အတွေ့အကြုံတွေကို ဒီညီလာခံကနေပြီး ဒေသတွင်းနိုင်ငံတွေအားလုံး ဝေမျှကြပါတယ်။

ကျွန်တော်တို့ အင်ဂျင်နီယာအသင်းက အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်နေတာပါ။ Engineering professional ဆိုတာ ကျောင်းသင်ပညာမဟုတ်ဘဲ အင်ဂျင်နီယာဘွဲ့ရ၊ ဒီပလိုမာဘွဲ့ရတွေကို သူတို့ရဲ့ အရည်အသွေးတိုးတက်ဖို့ အင်ဂျင်နီယာအသင်းက အဓိကထား ဆောင်ရွက်ပေးနေတာပါ။ အဲဒီလူတွေရဲ့ အရည်အသွေးတိုးတက်ဖို့ဆိုတာက ကျောင်းသင်ပုံစံမျိုးနဲ့ ဆောင်ရွက်လို့မရဘဲနဲ့ အသက်မွေးဝမ်းကျောင်းပညာရေးနဲ့ ဆောင်ရွက်ရတာပါ။ အင်ဂျင်နီယာအသင်းက TVET Section နဲ့ ပတ်သက်တဲ့ သင်တန်းတွေရှိတယ်။ စက်မှုဇုန်တွေထဲက ကုမ္ပဏီတွေနဲ့ ပူးပေါင်းပြီး သင်တန်းတွေ ဖွင့်လှစ်သင်ကြားပေးနေတာတွေရှိတယ်။ အခုညီလာခံမှာ အင်ဂျင်နီယာအသင်းက TVET နဲ့ပတ်သက်လို့ မျှဝေပေးခဲ့ပါတယ်။ တခြားနိုင်ငံတွေမှာ ဒီလိုလုပ်ငန်းမျိုးအောင်မြင်ဖို့ စက်မှုလုပ်ငန်းတွေက ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ အရေးကြီးတယ်။ အဲဒီလို ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ တခြားနိုင်ငံတွေမှာ အစိုးရပိုင်းက မူဝါဒဘယ်လိုချမှတ်ပေးသလဲ၊ စက်မှုလုပ်ငန်းရှင်တွေက ဘယ်လိုပူးပေါင်းဆောင်ရွက်ပေးကြတယ်ဆိုတာတွေကို လေ့လာခွင့်ရခဲ့ပါတယ်။ အဲဒီအတွေ့အကြုံတွေကို ကိုယ့်နိုင်ငံမှာ ပြန်ပြီးအသုံးချမယ်ဆိုရင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အများကြီးအထောက်အကူဖြစ်မှာပါ။

**Mr.P Ranepura(အတွင်းဝန်)ကျွမ်းကျင်မှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်မွေးပညာဆိုင်ရာလေ့ကျင့်ရေးဝန်ကြီးဌာန၊ သီရိလင်္ကာနိုင်ငံ**

ဒေသတွင်းနိုင်ငံတွေဆိုပေမယ့် နိုင်ငံတွေမတူတဲ့အခါမှာ အတွေ့အကြုံတွေမတူနိုင်ဘူး။ အခုကွန်ဖရင့်ကနေ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကြုံတွေ့နေရတာတွေကို ဝေမျှခွင့်ရတယ်။ အဲဒီအတွေ့အကြုံတွေကို အကောင်းဆုံးပုံဖော်တဲ့ အခါမှာ TVET ကို ပိုပြီးတော့ကြိုးစားကြတယ်။ ဘာဖြစ်လို့လဲဆိုရင် အလုပ်အကိုင် အခွင့်အလမ်းတွေလိုတယ်။ အဲဒါကြောင့် နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေး တိုးတက်မှုကလည်း မတူဘူး။ ဒါကြောင့် အလုပ်အကိုင် အခွင့်အလမ်းကိုဦးစားပေးပြီးတော့ မြှင့်တင်နေကြတာဖြစ်တယ်။ အဲဒီအချိန်မှာ စိန်ခေါ်မှုက အရည်အသွေးပြည့်မီတဲ့ သင်ကြားရေး၊ လေ့ကျင့်ရေးတွေဖြစ်တယ်။ အလုပ်ဆိုတာကလည်း တတ်ကျွမ်းရင်အလုပ်ရမယ်၊ မတတ်ကျွမ်းဘူးဆိုရင် အလုပ်က ရမှာမဟုတ်ဘူး။ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံပူးပေါင်းပြီး အတူတကွဆွေးနွေးအဖြေရှာကြရမယ်။ အဲဒီလိုဆွေးနွေး အဖြေရှာခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းတွေအတွက်လည်း ကောင်းလာမယ်။ နောက်တစ်ခုက နည်းပညာအသစ်တွေ ရောက်လာတော့ အလုပ်အကိုင်တွေကလည်း အသစ်တွေဖြစ်လာတယ်။ ဖြစ်ပေါ်တိုးတက်လာတဲ့ နည်းပညာတွေနဲ့ လုပ်ငန်းတွေကို ဘယ်လိုတွဲဖက်ပြီး အလုပ်လုပ်မလဲဆိုတာနဲ့ပတ်သက်ပြီး လိုက်လျောညီထွေရှိဖို့လိုတယ်။ အစိုးရပိုင်းကလည်း ဒါတွေကိုမြှင့်တင်ဖို့လိုတယ်။ လေ့ကျင့်မှုရယ်၊ လေ့ကျင့်မှုစနစ်ရယ်၊ နည်းပညာရယ် ဘက်ညီနေမှသာ အောင်မြင်မှုရရှိနိုင်မယ်။ ဒါတွေကိုသိနေတယ်ဆိုရင် လုပ်ရတာအဆင်ပြေလာပါလိမ့်မယ်။

**Rosanna A.Urdaneta (ဒုတိယညွှန်ကြားရေးမှူးချုပ်) နည်းပညာ၊ ပညာရေးနှင့် ကျွမ်းကျင်မှုဆိုင်ရာဌာန၊ ဖိလစ်ပိုင်နိုင်ငံ**

နိုင်ငံတကာမှာ တွေ့ကြုံနေတဲ့စိန်ခေါ်မှုတွေထဲမှာ နည်းပညာဆိုတာ ပါလာပြီ။ နည်းပညာဆိုတာ ပါလာတဲ့အတွက် နည်းလမ်းတွေကိုစဉ်းစားလာတယ်။ အဲဒီလိုစဉ်းစားလာတဲ့အခါ အသက်မွေးဝမ်းကျောင်း ပညာအတွက် လေ့ကျင့်သင်ကြားရေးဆိုတာက နိုင်ငံတစ်နိုင်ငံအတွင်းမှာတင်မဟုတ်ဘဲ တစ်ကမ္ဘာလုံးနဲ့ဆိုင်လာတယ်။ ဒါတွေကို ဘယ်လိုကျော်လွှားမလဲ၊ TVET ကို ဘယ်လိုကောင်းအောင်လုပ်မလဲဆိုတော့ အားလုံးပူးပေါင်းဆောင်ရွက်နိုင်ရင် အကောင်းဆုံးရလဒ်တွေထွက်လာမယ်လို့မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံမှာ လောလောဆယ်တွေ့မြင်နေတာကတော့ အားလုံးကောင်းပါတယ်။ စိန်ခေါ်မှုဆိုတာကလည်း အာဆီယံနိုင်ငံတွေမှာလည်း ကျော်ဖြတ်နေရတာပါပဲ။ အခုကျင်းပတဲ့ အခမ်းအနားကလည်း TVET ရဲ့ ပုံရိပ်ကိုပိုကောင်းအောင်လုပ်တာဖြစ်ပါတယ်။

**ဒေါက်တာဆင့်စိုး (ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း**

ဒီညီလာခံကတော့ အင်မတန်အကျိုးရှိပါတယ်။ ဒေသတွင်းနိုင်ငံတွေကနေပြီးတော့ စက်မှုသက်မွေးနည်းပညာနဲ့ လေ့ကျင့်ရေးဆိုင်ရာအတွေ့အကြုံတွေကို သက်ဆိုင်ရာနိုင်ငံအလိုက် အသိဖလှယ်ကြတာပါ။ မြန်မာနိုင်ငံကလည်း မြန်မာနိုင်ငံရဲ့ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)ကိုလည်း ပြဌာန်းပြီးပါပြီ။ အဲဒီပြဌာန်းချက်တွေထဲမှာ စက်မှုသက်မွေးပညာကဏ္ဍနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်မယ့် နည်းဗျူဟာတွေလည်း ချမှတ်ထားပြီးသားဖြစ်ပါတယ်။ ဒီနေ့ညီလာခံမှာ နိုင်ငံတကာပညာရှင်တွေ လာရောက်ဆွေးနွေးကြတော့ အားလုံးရဲ့ အတွေ့အကြုံတွေကို တစုတဝေးတည်း ကျွန်တော်တို့ရတယ်။ နောက်ပြီးတော့ ဒီအတွေ့အကြုံတွေက တစ်နိုင်ငံနဲ့ တစ်နိုင်ငံ တူညီမှုရှိသလို မတူညီတာတွေလည်းရှိပါတယ်။ မြန်မာနိုင်ငံကလည်း မြန်မာနိုင်ငံရဲ့ ကိုက်ညီတဲ့ ပညာရေးအကောင်အထည်ဖော်မှုလုပ်ငန်းတွေ ရှိသလို တချို့ဟာတွေကလည်း တခြားနိုင်ငံက အတုယူပြီးတော့ ကိုယ့်နိုင်ငံမှာ လိုအပ်သလို ပိုကောင်းတဲ့အစီအစဉ်တွေနဲ့ ပြုပြင်ဖန်တီးရတာတွေလည်းရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံပေါင်းစုံကနေ စက်မှုကဏ္ဍနဲ့ပတ်သက်ပြီးတော့ လုပ်ငန်းအတွေ့အကြုံတွေဖလှယ်ခွင့်ရတဲ့အတွက်ကြောင့် မြန်မာနိုင်ငံရဲ့ နည်းပညာဖွံ့ဖြိုးရေးကဏ္ဍမှာ အများကြီးအထောက်အကူပြုမှာပါ။

လူ့အဖွဲ့အစည်းရဲ့ ကုန်ထုတ်လုပ်တဲ့နေရာတွေမှာ အင်ဂျင်နီယာတွေရဲ့ လက်တွေ့ကျကျလုပ်တဲ့ ကျွမ်းကျင်အဆင့်တွေဟာ အဓိကအခန်းကဏ္ဍက ပါဝင်နေပါတယ်။ ဦးဆောင်တဲ့အင်ဂျင်နီယာတွေက သူ့ရဲ့ဒီဇိုင်း၊ သူ့ရဲ့ နည်းစဉ်တွေကို အကောင်အထည်ဖော်တယ်။ အဲဒီအကောင်အထည်ဖော်တဲ့ ဒီဇိုင်း၊ နည်းစဉ် တစ်ပိုင်းစီမှာ ကျွမ်းကျင်သူတွေ၊ ကျွမ်းကျင်အလုပ်သမားတွေက တာဝန်ယူဆောင်ရွက်ပေးရပါတယ်။ အဲဒီလို ကျွမ်းကျင်သူ အဆင့်တွေ၊ ကျွမ်းကျင်သူလုပ်သားတွေဟာ တကယ့်လက်တွေ့ကျတဲ့အလုပ်ခွင်မှာ ထိထိရောက်ရောက်နဲ့ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ရတဲ့ လူ့စွမ်းအားတွေဖြစ်တယ်။ အဲဒီလူ့စွမ်းအားတွေက ကိုယ့်ပြည်တွင်းမှာ လုံလုံလောက်လောက်ရှိမယ်ဆိုရင် တိုင်းပြည်တည်ဆောက်ရေးမှာ အားတစ်အားအနေနဲ့ အများကြီး အဖိုးတန်ပါတယ်။ မြန်မာနိုင်ငံမှာ အကြောင်းအမျိုးမျိုးကြောင့် ကျွမ်းကျင်လုပ်သားတွေ ရှားပါးနေတာကို တွေ့မြင်နေရပါတယ်။ သို့သော် အဲဒီကျွမ်းကျင် လုပ်သားရှားပါးမှုကို ပညာရေးဝန်ကြီးဌာနရဲ့ မဟာဗျူဟာစီမံကိန်းအောက်မှာ ပြန်လည်ဖြည့်ဆည်းပေးနိုင်မယ်ဆိုတာကို ယုံကြည်ပါတယ်။

မြန်မာနိုင်ငံသည် လက်ရှိတွင် အသွင်ကူးပြောင်းရေးကာလဖြစ်သည်နှင့်အညီ နိုင်ငံတွင်းနှင့်ဒေသတွင်း ကျွမ်းကျင်မှုတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိမှုအတွက် ရင်ဆိုင်နေရသည့် အဓိကစိန်ခေါ်မှုများကို နှစ်ရက်ကြာကျင်းပခဲ့သည့် ဒေသတွင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာ နိုင်ငံတကာညီလာခံ (Regional TVET Conference) က ဖြေရှင်းပေးနိုင်လိမ့်မည်ဖြစ်ကြောင်း၊ TVET ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံသားတိုင်း၏ လူနေမှုအဆင့်အတန်းမြင့်မားစေရန်အတွက်မူ အရေးပါသောကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံသားတိုင်းသည် လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် သက်ဆိုင်ရာနယ်ပယ် အသီးသီးတွင် သက်မွေးပညာရပ်ကို လက်ခံလာအောင် ကြိုးစားရေးတို့အတွက်မူ TVET ကို ပထမဦးစားပေးအဖြစ် ထည့်သွင်းစဉ်းစားသင့်ကြောင်းလည်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ဇွန် ၁၃ ရက် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

**(နိုင်လင်းကြည်၊ ကိုမင်း)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေ သွားရောက်ကြည့်ရှုအားပေး

**ရန်ကုန် ဇွန် ၁၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးအထူးကြပ်မတ်ကုသဆောင်၌ ဆေးဝါးကုသမှုခံယူနေသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးအား သွားရောက်တွေ့ဆုံ၍ ကျန်းမာရေးအခြေအနေကို ကြည့်ရှုမေးမြန်းကာ အားပေးစကား ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုနှင့် တာဝန်ရှိသူများက ဦးတင်ဦး၏ လက်ရှိကျန်းမာရေးအခြေအနေများနှင့် တိုးတက်လာမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့် သွေးကြောရောဂါခွဲစိတ်ကုဌာနတွင် ဆေးဝါးကုသမှုခံယူနေကြသည့် ဝေဒနာရှင်ပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးသည် လက်ရှိကာလတွင် ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လာမှုများရှိ၍ ယခုဇွန်လကုန်ခန့်တွင် ဆေးရုံမှပြန်လည်ဆင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ ပုံမှန်အတိုင်း ပြောဆိုလှုပ်ရှားနိုင်ရေးအတွက်မူ နေအိမ်၌ အချိန်အတိုင်းအတာတစ်ခုအထိ လေ့ကျင့်ခန်းများ ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးသည် ဦးနှောက်သွေးကြောပိတ်ပြီး ကိုယ်တစ်ခြမ်းလေဖြတ်ရောဂါခံစားရသဖြင့် မေ ၁၈ ရက်မှစ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသနေခြင်းဖြစ်ရာ ၎င်း၏ ကျန်းမာရေးအခြေအနေနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် ဇွန် ၆ ရက်တွင်လည်းကောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန် ၃ ရက်တွင်လည်းကောင်း သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယအကြိမ်ထပ်မံသွားရောက် ကြည့်ရှုအားပေးခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေကို ဒုတိယအကြိမ် သွားရောက်ကြည့်ရှုအားပေးစဉ်။** (ဇော်မင်းလတ်)



## အမျိုးသားလွှတ်တော် စုပေါင်းခန်းမ၌ ဆွေးနွေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၄**

**"ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်"** (Convention on the Rights of the Child -CRC) ဆွေးနွေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော်အဆောက်အအုံ စုပေါင်းခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားကာ ဒေါ်ရူပါမြ၊ ဦးစိုးမိုးဦးနှင့် ဒေါ်နီနီလှတို့က ဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက **"ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်"** (Convention on the Rights of the Child -CRC) နှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဒေါ်ရူပါမြ၊ ဦးစိုးမိုးဦးနှင့် ဒေါ်နီနီလှတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြော

**ပဲခူး ဇွန် ၁၄**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲကို ပဲခူးမြို့ အထက(၅)အထက်တန်းကျောင်းခွဲ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုမော်ဦးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် စာရေးဆရာမ ဒေါ်ဝတ်ရည်ခင်(ပဲခူး)က "လူသားတို့ကမ္ဘာမပျက်သုဉ်းဖို့ အန္တရာယ်မူးယစ်ဆန့်ကျင်စို့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တပ်ဖွဲ့စု(၃၆) ရဲအုပ်လင်းထွန်းက "မူးယစ်ဆေးဝါးဆိုးကျိုးနှင့်ဆေးဝါးများအကြောင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ပြီး အဆိုပါအခမ်းအနားသို့ ကျောင်းသား ကျောင်းသူ ၃၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ်လူသစ် ဘဝသစ်**





## လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ဆွေးနွေးဟောပြော

**နေပြည်တော် ဇွန် ၁၄**

လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေး ဟောပြောခြင်း အခမ်းအနားကို ဇွန် ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇) ရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် ကော်မရှင်အဖွဲ့ဝင် ဦးညွန့်ဆွေတို့က လူ့အခွင့်အရေး၏ အဓိပ္ပာယ်ဖော်ဆောင်မှု၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကျဉ်းချုပ်၊ လူ့အခွင့်အရေးသတ်မှတ်မှုဆိုင်ရာအနှစ်သာရနှင့် ဝိသေသလက္ခဏာများ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခဲ့ပုံအဆင့်ဆင့်နှင့် ကော်မရှင်၏ ရပ်တည်မှုအနေအထား၊ ဆောင်ရွက်ချက်များကို ဆွေးနွေးဟောပြောရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျေးလက်ဒေသမီးလင်းရေးစီမံကိန်းနှင့် ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်) စီမံကိန်းတို့အတွက် လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန တို့နှင့် ဂျာမန် ဖွံ့ဖြိုးရေးဘဏ်(KfW)တို့ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်ဒေသမီးလင်းရေးစီမံကိန်းနှင့် ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်) စီမံကိန်းတို့အတွက် ငွေကြေးသဘောတူညီချက်စာချုပ်၊ ချေးငွေသဘောတူညီချက်စာချုပ်နှင့် သီးခြားသဘောတူညီချက်စာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်တို့က အမှာစကားပြောကြားကြပြီး၊ ဂျာမနီနိုင်ငံ federal Ministry for Economic Cooperation and Development (BMZ)မှ Parliamentary State Secretary Mr. Thomas Silberhorn၊ ဂျာမန်ဖွံ့ဖြိုးရေးဘဏ်(KfW)မှ Director of East Asia and Pacific Dr. Christine Heimburger တို့က သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားကြသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့် ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW)မှ ဒါရိုက်တာ Dr. Christine Heimburger နှင့် Interim Country ဒါရိုက်တာ Mr. Lorenz Gessner တို့က ငွေကြေးသဘောတူညီချက်စာချုပ်ကိုလည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW)မှ ဒါရိုက်တာနှင့် Interim Country Director တို့က သီးခြားသဘောတူညီချက် စာချုပ်ကိုလည်းကောင်း၊ ငွေတိုက်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်းနှင့် ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW)မှ ဒါရိုက်တာနှင့် Interim Country Director တို့က ချေးငွေသဘောတူညီချက်စာချုပ်ကိုလည်းကောင်း၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းနှင့် ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW)မှ ဒါရိုက်တာ နှင့် Interim Country Director တို့က သီးခြားသဘောတူညီချက်စာချုပ်တို့ကိုလည်းကောင်း လက်မှတ်ရေးထိုးကြသည်။

ကျေးလက်မီးလင်းရေးစီမံကိန်းကို ယူရိုကိုးသန်းဖြင့် ၂၀၁၇ မှ ၂၀၂၀ ခုနှစ်အထိ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် မဟာဓာတ်အားလိုင်းပြင်ပ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်)စီမံကိန်းကို ယူရိုငါးသန်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပင်လယ်ပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်

**နေပြည်တော် ဇွန် ၁၄**

ပျက်ကျသွားခဲ့သည့် တပ်မတော် ပို့ဆောင်ရေး Y-8 လေယာဉ်အား တပ်မတော် (ရေ)မှ စစ်ရေယာဉ်များ၊ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ၊ မြေပြင်တပ်များနှင့် ဒေသခံပြည်သူများ၊ ငါးဖမ်းစက်လှေများပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ



ယနေ့နံနက် ၁၀ နာရီခွဲတွင် မောင်းမကန်-မရင်းကြီး ကမ်းခြေတစ်လျှောက် ရှာဖွေကယ်ဆယ်ရေးလုပ်ဆောင်နေသည့် မြေပြင်တပ်များက မရင်းကြီးကျေးရွာအနီး၌ အမျိုးသားရုပ်အလောင်းတစ်လောင်း ရှာဖွေတွေ့ရှိခဲ့သဖြင့် ယခုအချိန်အထိ စုစုပေါင်း ရုပ်အလောင်း ၈၇ လောင်းရှာဖွေတွေ့ရှိပြီး ဖြစ်သည်။

ပင်လယ်ပြင်အတွင်း ယနေ့ ထပ်မံဆယ်ယူရရှိခဲ့သည့် ရုပ်အလောင်းအားထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ပြီး လိုအပ်သည့်ဆေးဘက်ဆိုင်ရာ စစ်ဆေးမှုများ၊ ကျန်ရစ်သူမိသားစုများက ကြည့်ရှုစစ်ဆေးမှုများ လုပ်ဆောင်ခဲ့သည်။ သက်ဆိုင်ရာမိသားစုများ ရောက်ရှိလာသော ရုပ်အလောင်း ၂၃ လောင်းကိုလည်း ယနေ့တွင် ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာများ၊ တပ်မတော်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောင်းမွန်စွာ ထပ်မံသင်္ဂြိုဟ်ပေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပုဏ္ဏားကျွန်းမြို့နယ် စပါးထားကျေးရွာတွင် သွေးလွန်တုပ်ကွေးဖြစ်ပေါ်နေသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**အမ်း ဇွန် ၁၄**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် စပါးထားကျေးရွာတွင် သွေးလွန်တုပ်ကွေးရောဂါဝေဒနာဖြစ်ပေါ်နေသည့် ဒေသခံပြည်သူများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယနေ့တွင် သွားရောက်၍ ဆောင်ရွက်ပေးလျက်ရှိရာ အသက်(၁၃)နှစ်အောက် သွေးလွန်တုပ်ကွေးရောဂါ ၂၀၊ တုပ်ကွေး(ရိုးရိုး)ရောဂါ ၃၀၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ၁၆ ဦး၊ သွေးတိုးနှင့် အထွေထွေရောဂါ ၈၄ ဦး စုစုပေါင်း ၁၅၀ အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးဝါးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးကုသရန် လိုအပ်သည့်လူနာများကို စစ်တွေမြို့ အမှတ်(၁၇) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀)သို့ ဆေးရုံ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**



# ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၃/၂၀၁၇**
**၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်)**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၉၊ ပုဒ်မခွဲ(ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၆)နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၅ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးမြဟန်
(၂) ဦးမျိုးတင့်
(၃) ဦးစိုးနိုင်
(၄) ဦးခင်မောင်ကြည်

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၄/၂၀၁၇**
**၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်)**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၈)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၃ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးမြင့်နိုင်
(၂) ဦးသန်းငွေး

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

### မြန်မာအားကစားအဖွဲ့များမှ

မလေးရှားနိုင်ငံသည် အားကစားနည်း ၃၈ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ပါဝင်မည့် အားကစားနည်းများအနက် ဆုတံဆိပ်ရနိုင်သည့် အားကစားနည်းများ၊ အားကစားအဖွဲ့ချုပ်များက ယှဉ်ပြိုင်လိုသည့်အနေအထားပေါ် မူတည်၍ ပဏာမအဆင့်အနေဖြင့် အားကစားနည်း ၃၀ ရွေးချယ်ထားခြင်း ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲ ကျင်းပရေးကော်မတီမှာလည်း ပြိုင်ပွဲယှဉ်ပြိုင်မည့် အားကစားနည်းအလိုက် လူစာရင်းများကို ယခုလကုန်ပိုင်းနောက်ဆုံးထား၍ တင်ပြရမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများကို မကြာမီ အပြီးသတ်လူရွေးချယ်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် ရေကူး/ဒိုင်ဗင်၊ မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိလိယက်/စနူကာ၊ ဘိုးလင်း၊ လက်ဝှေ့၊ စက်ဘီး၊ ဓားရေး၊ ဟော်ကီ၊ ဘောလုံး/ဖူဆယ်၊ ဂေါက်သီး၊ ကျွမ်းဘား၊ ဂျူဒို၊ ကရာတေး၊ မွေလက်ဝှေ့၊ ပီတန်း၊ ပန်ကြပ်ဆီလတ်၊ ရွက်လှေ၊ သေနတ်ပစ်၊ ပိုက်ကျော်ခြင်း/ခြင်းလုံး၊ Squash၊ တိုက်ကွမ်ဒို၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ Triathlon (သုံးမျိုးစုံ)၊ ဘော်လီဘော၊ အလေးမနှင့် ဝူရှူးတို့ဖြစ်ကြသည်။ ယင်း အားကစားနည်းများတွင် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ရယူပေးနိုင်မည့် အားကစားနည်းများ ပါဝင်နေသလို ဆုတံဆိပ်ရယူပေးနိုင်မည့် အားကစားနည်းများလည်းပါဝင်လျက်ရှိသည်။ မြန်မာနိုင်ငံအတွက် အားအသာဆုံး အားကစားနည်းဖြစ်သည့် လှေလှော်ပြိုင်ပွဲကိုမူ မလေးရှားနိုင်ငံက ထည့်သွင်းကျင်းပခြင်း မရှိသောကြောင့် ရွှေဆုအရေအတွက်ကို ထိခိုက်ဖွယ်ရှိနေသည်။

(၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ဩဂုတ် ၁၉ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဘောလုံးပြိုင်ပွဲအပါအဝင် အားကစားနည်းအချို့မှာ ဩဂုတ် ၁၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အားကစားနည်း ၃၈ မျိုးမှ ပြိုင်ပွဲအမျိုးအစားပေါင်း ၄၀၅ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ရွှေတံဆိပ်စုစုပေါင်း ၄၀၅ ခု ချီးမြှင့်သွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို အရှေ့တောင်အာရှ ၁၁ နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ရွှေတံဆိပ်အရေအတွက်ပိုမိုရယူနိုင်မှသာ နိုင်ငံအလိုက်အဆင့်ရရှိမှုတွင် ပိုမိုမြင့်တက်လာဖွယ်ရှိနေသည်။ မြန်မာအားကစားအဖွဲ့သည် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် နိုင်ငံအလိုက် အဆင့် (၇)နေရာသာ ရရှိခဲ့သည်။

**(ရှိုင်းထက်ဇော်)**

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် ဒီပလိုမာ(ဗုဒ္ဓဓမ္မ)အောင်လက်မှတ်ချီးမြှင့်အပ်နှင်းပွဲ ကျင်းပ



**ရန်ကုန် ဇွန် ၁၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဒီပလိုမာ(ဗုဒ္ဓဓမ္မ) အောင်လက်မှတ်ချီးမြှင့်အပ်နှင်းပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဟောပြောခန်းမ၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသက ဘွဲ့တံဆိပ်နှင့် ဒီပလိုမာအောင်လက်မှတ်ရရှိကြသည့် ရဟန်း၊ သီလရှင်နှင့် လူပုဂ္ဂိုလ်တို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ၊ ဒီပလိုမာအောင်လက်မှတ်များ ချီးမြှင့်အပ်နှင်းတော်မူပြီး ဩဝါဒကထာမြွက်ကြားချီးမြှင့်တော်မူသည်။

(၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် မဟာဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ) MA (Buddha Dhamma) ၌ ရဟန်း ငါးပါး၊ သီလရှင် လေးပါးနှင့် လူပုဂ္ဂိုလ်အမျိုးသမီးတစ်ဦးတို့ ဘွဲ့ရရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ) BA(Buddha Dhamma) တွင် ရဟန်း ၁၉ ပါး၊ သီလရှင် ၁၃ ပါး၊ လူပုဂ္ဂိုလ်အမျိုးသား သုံးဦးနှင့် လူပုဂ္ဂိုလ်အမျိုးသမီး ခြောက်ဦး၊ ဒီပလိုမာအောင်လက်မှတ် Dip.l (Buddha Dhamma) တွင် ရဟန်းအပါး ၃၀၊ သီလရှင် အပါး ၂၀၊ လူပုဂ္ဂိုလ်အမျိုးသား ၁၀ ဦး၊ လူပုဂ္ဂိုလ်အမျိုးသမီး ခြောက်ဦးတို့ ရရှိခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ၁၉၉၈ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ဖွင့်လှစ်ခဲ့ပြီး ယခုနှစ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပြည်ပနိုင်ငံများမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များအပါအဝင် စုစုပေါင်း ၃၀၈ ပါး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

အခမ်းအနားအပြီးတွင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုတို့သည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသော အခြေခံကမ္ဘာသုံး တရုတ်စကားပြောသင်တန်းသို့ ကြည့်ရှုအားပေးခဲ့သည်။

**(သတင်းစဉ်)**

---

# ပေါင်မြို့နယ် ဥတ္တံတားကျေးရွာ၌ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆန္ဒထုတ်ဖော်



**ပေါင် ဇွန် ၁၄**

မွန်ပြည်နယ် ပေါင်မြို့နယ် ဥတ္တံတားကျေးရွာ၌လုပ်ကိုင်နေသော ကျောက်မိုင်းလုပ်ငန်း ပိတ်သိမ်းပေးရေးအတွက် ဇွန် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် ကျေးရွာနေ ပြည်သူလူထု ၃၅၀ ခန့်က ဥတ္တံတားရွာအတွင်း ရွာအဝင်မှစပြီး ကျောက်မိုင်းကုမ္ပဏီ Long Life Co.,Ltd ကျောက်မိုင်းရှေ့အထိ စုပေါင်းဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

"နွေစပါးဆိုရင် လယ်ဧက ၂၀၀ ကျော်က ဒီနွေဆို သုံးနွေရှိပြီး စပါးမရတော့ လယ်သမားမိသားစုဆိုရင် ဘယ်လိုလုပ်စား ရတော့မလဲ။ သူတို့အတွက် အတိုင်းထက်အလွန် စိတ်မကောင်းဖြစ်ရပါတယ်။ ကျေးရွာမှာ ထိခိုက်နေတဲ့ လယ်ယာ၊ ဥယျာဉ်ခြံတွေ ရေအရင်း အမြစ်တွေ အကုန်လုံးက ဒီကျောက် မိုင်းကြောင့်ဖြစ်ပေါ်လာလို့ ဒါတွေကို ဆက်မဖြစ်စေချင်ဘူး။ ဒီဒုက္ခတွေကို ရှေ့ဆက်မခံစားစေချင်ဘူး။ ဒီကျောက်မိုင်းက ကျွန်တော်တို့ပြည်သူလူထုအတွက် ဆိုးကျိုးတွေ တအားဖြစ်နေပါပြီ။ ဒါကြောင့် ဒီကျောက်မိုင်းကို တတိယအကြိမ်မြောက် ဆန္ဒထုတ်ဖော်ရတာဖြစ်ပါတယ်"ဟု ကျောက်မိုင်းလုပ်ငန်း ကန့်ကွက်သူတစ်ဦးက ပြောသည်။

"ဒီလုပ်ငန်းက ဒီမှာရှိနေသရွေ့ကတော့ လယ်ယာ၊ ဥယျာဉ်ခြံတွေ ပျက်စီးနေမှာပဲလေ။ ဒေသခံပြည်သူလူထုရဲ့အကျိုးစီးပွားကို ထိခိုက်နေမှာမှာပဲလေ။ သူတို့လုပ်ငန်းက ကုလားမတောင် ပေ ၁၅၀၀ ကျော်ကနေ ပေ ၃၀၀၀ ကျော်အထက် အလုပ်လုပ်နေတော့ မိုးများတဲ့ရာသီဆိုရင် စွန့်ပစ်မြေတွေ၊ ကျောက်မှုန့်တွေ စမ်းချောင်းထဲ ကျတယ်။ ဒီလိုအခက်အခဲတွေကြောင့် အခုဆို စမ်းရေကိုအမှီပြုပြီး လုပ်နေရတဲ့ လယ်ဧက ၂၀၀ ကျော် သဲနုန်းတွေဝင်ပြီးပျက်စီးနေတယ်။ ဥယျာဉ်ခြံမြေအတွင်း အပင်တွေ ပျက်စီးလာတာကြောင့် ပိတ်သိမ်းဖို့ တောင်းဆိုရတာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ပေါင်မြို့နယ် ရဲတပ်ဖွဲ့ရုံးသို့ ဆန္ဒထုတ်ဖော်ရန်အတွက် ဇွန် ၁၀ ရက်တွင် ခွင့်ပြုမိန့်တင်ခဲ့ရာ ဇွန် ၁၂ ရက်တွင် ဆန္ဒထုတ်ဖော်ခွင့်ပြုသည့်အတွက် ဆန္ဒထုတ်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

---

# ကောလင်းမြို့နယ်၌ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေး ဆောင်ရွက်

**ကောလင်း ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အတွင်း ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ ရန်ပုံငွေမှ ကျပ်သန်း ၅၀၀ ခွင့်ပြုချထားခဲ့ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်း တိမ်ကောကျဉ်းမြောင်းလျက်ရှိသော ချောင်းများကို မေလမှစတင်ပြီး ဘက်ဟိုးယာဉ် ငါးစီးဖြင့် ဆောင်ရွက်လျက်ရှိသည်။

တူးဖော်ဆောင်ရွက်မှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြို့နယ်တာဝန်ရှိသူများက ကြီးကြပ်လျက်ရှိပြီး ဒေါင်းမြူးချောင်း၊ ခါပြင်ချောင်း၊ ချောင်းကောက်ချောင်းတို့အပြင် မြို့အပြင်သို့ ရေစီးဆင်းလျက်ရှိသည့် ချောင်းများကို တူးဖော်လျက်ရှိရာ ပေပေါင်း ၅၀၀၀၀ ခန့်အား ရေစီးရေလာကောင်းမွန်နိုင်သည့် အကျယ်နှင့် အနက်ရရှိသည်အထိ တူးဖော်ဆောင်ရွက်ပြီးဖြစ်သည်။ ကောလင်းမြို့နယ်သည် ၂၀၁၅ နှင့် ၂၀၁၆ခုနှစ်တို့တွင် ရေကြီးရေလျှံမှု ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ကိုကိုမောင်(ကောလင်း)**

---

# တောင်ဝိုင်းဗုဒ္ဓဝင်ဓာတ်ပေါင်းစု သဗ္ဗသိဒ္ဓိ စေတီတော်မြတ်ကြီး အုတ်မြစ်ချမင်္ဂလာကျင်းပ

**မော်လမြိုင် ဇွန် ၁၄**

မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ဝိုင်းဘုရားအတွင်းရှိ ဓာတ်ပေါင်းစု သဗ္ဗသိဒ္ဓိစေတီတော်မြတ်ကြီး အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို ဇွန် ၁၁ ရက် နံနက်ပိုင်းက တောင်ဝိုင်းဗုဒ္ဓဝင်ဘုရားဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါတောင်ဝိုင်းဗုဒ္ဓဝင်ဘုရားဝင်းအတွင်း ဉာဏ်တော် ၈၁ ပေ၊ ဘုရားရင်ပြင်ပါ ပတ်လည် ၁၀၈ ပေ၊ (၉)တောင်ပြည့်စေတီ ၃၂ ဆူပါ စုစုပေါင်း ၃၃ ဆူရှိ ဓာတ်ပေါင်းစုသဗ္ဗသိဒ္ဓိစေတီတော်မြတ်ကြီးအား အသစ်တည်ထားကိုးကွယ်ရန်အတွက် ပန္နက်ရိုက်မင်္ဂလာအခမ်းအနားကျင်းပခဲ့ပြီး ထီးတော်တင်ပွဲအခမ်းအနားကို ၂၀၁၈ ခုနှစ် တပေါင်းလပြည့်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(၃၀၇)**

---

# လူထုဗဟိုပြုစီမံကိန်းမှ ပညာရေးဆိုင်ရာ အဆောက်အအုံများ လွှဲပြောင်းပေးအပ်

**မင်းတုန်း ဇွန် ၁၄**

မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းပထမနှစ် စက်ဝန်းမှဆောင်ရွက်ခဲ့သည့် မင်းတုန်းမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ စာသင်ကျောင်း ၁၀ ကျောင်းကို ပြန်လည်ပြုပြင်ခြင်းနှင့် တိုးချဲ့ပြီးစီးသွားသော ပညာရေးဆိုင်ရာအခြေခံအဆောက်အအုံများအား အခြေခံပညာဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ကျေးလက်ရုံးအစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက်ပိုင်းတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဆွေက အဖွင့်အမှာစကားပြောကြားပြီး လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ(နည်းပညာ) ဦးဝင်းသူရက ပညာရေးဆိုင်ရာအခြေခံအဆောက်အအုံများနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားကာ မြို့နယ်ဦးစီးမှူး ဦးနိုင်ဝင်းက မြို့နယ်ပညာရေးမှူးသို့ အဆောက်အအုံမှတ်တမ်းများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါပညာရေးဆိုင်ရာအဆောက်အအုံ ၁၀ ခုကို ပြင်ဆင်ခြင်းနှင့် တိုးချဲ့ခြင်းတို့အတွက် ကျေးရွာလူထုမှ ထည့်ဝင်ငွေ ၁ ဒသမ ၂၇၂၄၁ သန်းနှင့် လူထုဗဟိုပြုစီမံကိန်းမှပံ့ပိုးငွေ ၆၈ ဒသမ ၂၃၇၁၂ သန်း စုစုပေါင်း ၆၉ ဒသမ ၅၀၉၅၂၅ သန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မေသူလွင် (မကွေးကိုယ်ပွား)**

---

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေမြင့်တက်ပြီး တံတားတစ်စင်းမျောပါ

**အင်္ဂပူ ဇွန် ၁၄**

အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ဇွန် ၁၁ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သဲဖြူချောင်းရေမြင့်တက်၍ ရေတိုက်စားမှုဖြစ်ပွားရာ ဇွန် ၁၂ ရက် နံနက် ၃ နာရီခွဲက နွားခြံအုပ်စု စစ်ကွင်းကျေးရွာနှင့် လက်ပံကိုင်းကျေးရွာတို့ကို ဆက်သွယ်ထားသော သဲဖြူချောင်း(ကိုယ့်အားကိုယ်ကိုး)တံတား အလျား ပေ ၄၀၊ အကျယ် ကိုးပေ၊ အမြင့် ၁၃ ပေရှိ သံပေါင်ရက်မ၊ ကွန်ကရစ်ခင်းတံတား အမျိုးအစားမှာ ချောင်းရေတိုက်စားမှုကြောင့် မျောပါပျက်စီးခဲ့ကြောင်းနှင့် ယင်းကျေးရွာရှိပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ယာယီဝါးတံတား ပြုလုပ်ပေးထားကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက်)**


---

# ရထားနှင့်ယာဉ် တိုက်မှုဖြစ်စဉ် လျော့နည်းကျဆင်းရေး ဟောပြော

**ပဲခူး ဇွန် ၁၄**

ရထားရဲတပ်ဖွဲ့ အမှတ် (၁၁)တပ်ခွဲ(ပဲခူး)ရထားရဲစခန်းမှူး ရဲအုပ်စိုးမြင့် ဦးစီးအဖွဲ့သည် ယမန်နေ့ နံနက် ၁၁ နာရီမှ ၁၂ နာရီအထိ ပဲခူးမြို့နယ် ထုံးကြီးကျေးရွာ စျေးပိုင်းဓမ္မာရုံ၌ ရထားနှင့်ယာဉ်တိုက်မိသည့်ဖြစ်စဉ်များ၊ ရထားကြိတ်တိုက်ဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများလျော့နည်းကျဆင်းရေး၊ မှုခင်းကျဆင်းရေးနှင့် ရထားခဲပေါက်မှုဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် အသိပညာပေးဟောပြောမှုပြုလုပ်ခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေချပြရှင်းလင်းခြင်းများ ဆောင်ရွက်ရာ ထုံးကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်လှ၊ ထုံးကြီးဘူတာရုံပိုင် ဦးတင့်နိုင်ဦးနှင့် ဒေသခံပြည်သူ ၃၅ ဦးခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကူမင်းမြို့၌ ကျင်းပသည့် တောင်နှင့်အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်သို့ တက်ရောက်




**နေပြည်တော် ဇွန် ၁၄**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ Dianchi International Exhibition and Convention Center ၌ ကျင်းပသည့် ၂၀၁၇ ခုနှစ် တောင်နှင့် အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် တောင်နှင့် အရှေ့တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ Dianchi International Exhibition and Convention Center အတွင်း ခင်းကျင်းပြသလျက်ရှိသော ကုန်စည်ပြခန်းများနှင့် ခင်းကျင်းပြသလျက်ရှိသော မြန်မာပြခန်းများသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကျင်းပရာ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး Mr. Chen Hao မှ အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးဝန်ကြီးဌာန အာဆီယံ-တရုတ်စင်တာ၊ တောင်နှင့် အရှေ့တောင် အာရှနိုင်ငံများမှ ကိုယ်စားလှယ်များက နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

၂၀၁၇ ခုနှစ် တောင်နှင့် အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်ကို ဇွန် ၁၂ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တရုတ်၊ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၈၆ နိုင်ငံမှ ပြခန်းပေါင်း ၈၀၀၀ ကျော် လာရောက်ပြသလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# တိုက်ကြီးမြို့နယ် အဖျောက်မြို့ရှိ ကျောက်စုပ်စက်လှေများ ကျောက်ထပ်မံစုပ်ယူပါက အများပြည်သူအကျိုးငှာ ပြင်းထန်စွာအရေးယူမည်ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ပြောကြား

**ရန်ကုန် ဇွန် ၁၄**
ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အဖျောက်မြို့ရှိ ကျောက်စုပ်စက်လှေများ ကျောက်ထပ်မံစုပ်ယူပါက အများပြည်သူအကျိုးငှာ ပြင်းထန်စွာအရေးယူသွားမည်ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။



ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၃)တွင် ပြုလုပ်သော အဖျောက်မြို့ရှိ ကျောက်စုပ်စက်လှေများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဦးဖြိုးမင်းသိန်းက "ကျွန်တော်တို့ တိုင်းထဲမှာဆို တိုက်ကြီးမြို့နယ်ရဲ့ ရေကြီးရေလျှံမှုပြဿနာဟာ အကြီးဆုံးစိန်ခေါ်မှုထဲက တစ်ခုဖြစ်ပါတယ်။ မှော်ဘီ၊ တိုက်ကြီးကတော့ ပြီးခဲ့တဲ့နှစ်မှာ ရေကြီးရေလျှံမှုဖြစ်ပါတယ်။ လူတွေအများကြီးဒုက္ခရောက်တယ်။ စိုက်ပျိုးရေးတွေ ပျက်စီးတယ်။ ဒီနှစ်မှာတော့ ကျွန်တော်တို့က ပြောင်းလဲမှုတွေ အများကြီးလုပ်ထားပါတယ်။

ဒီမှာ တက်ရောက်လာတဲ့ လုပ်ငန်းရှင်တွေအားလုံးဟာလည်း ပြည်သူတွေပဲ ဖြစ်ပါတယ်။ ကိုယ့်ရပ်ရွာအကျိုးအတွက် ပူးပေါင်းပါဝင်ပါ။ ထိန်းသိမ်းစောင့်ရှောက်ဖို့ အခက်အခဲရှိလာရင်လည်း ဥပဒေကိုမချိုးဖောက်ဘဲ ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ဖို့ ဝိုင်းဝန်းပြီးတော့ ပူးပေါင်းဆောင်ရွက်စေလိုပါတယ်။ အပြန်အလှန်ထိန်းပါ။ မရရင်ဥပဒေနဲ့အညီ ထိန်းသိမ်းဆောင်ရွက်ဖို့ ကျွန်တော်တို့အစိုးရမှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ ဆောင်ရွက်မှုက ဝါးလုံးရှည်နဲ့ရမ်းလိုက်တဲ့ ဆောင်ရွက်မှုမျိုး လုပ်မှာမဟုတ်ပါဘူး။ ကျူးလွန်တဲ့သူကို ကျူးလွန်သလို ဆောင်ရွက်မှာဖြစ်ပါတယ်။ အခုခေါ်ယူတွေ့ဆုံတာက အားလုံးကို အသိပေးတာပါ။ ကျွန်တော်တို့ကလည်း မြို့နယ်တွေကိုဆင်းပြီး အစည်းအဝေးတွေလုပ်ဖို့ ပြင်ဆင်ထားပါတယ်"ဟု ပြောသည်။

အဖျောက်မြို့အတွင်း ၁၀ မိုင်ခန့် ပါဝင်နေသည့် ဧရာဝတီမြစ်ကြောင်းသည် ရာသီဥတု၊ မြေယာအသုံးချမှုနှင့် လူတို့၏ဖန်တီးမှုများကြောင့် ရေလမ်းကြောင်း ပြောင်းလဲလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးအောင်ကျော်မှူးက "ဧရာဝတီမြစ်ကြောင်းက Google Earth မှာရှိနေတဲ့ ၁၉၈၄ အထိ ပုံတွေကို နောက်ကြောင်းပြန်ကောက်လိုက်ရင် နဂိုရှိတဲ့ ရေလမ်းကြောင်းက အဖျောက်ဘက်မှာမျှပြီး စီးတာပါ။ ရေကြောင်းကမျှပြီး စီးနေတော့ အကျိုးသက်ရောက်မှု သိပ်မရှိခဲ့ဘူး။ ဒါပေမယ့် နှစ်ကာလကြာလာတဲ့အခါကျတော့ ပယောဂမျိုးစုံ၊ (ကျောက်သဲစုပ်တဲ့အပိုင်းလည်း)ပါမှာပေါ့။ ရေရဲ့သဘောကတော့ မြင့်ရာကနေ နိမ့်ရာကို စီးမယ်။ အနိမ့်အမြင့်ကွာဟချက်များလာရင် အနိမ့်အမြင့်ကွာဟတဲ့ဘက်ကို ပိုစီးတော့ အနိမ့်အမြင့်ကို လူက နိမ့်အောင်၊ မြင့်အောင် ပိုဖန်တီးပေးလိုက်တော့ ပိုပြီးဆိုးရွားတဲ့ အကျိုးသက်ရောက်မှုတွေဖြစ်ပါတယ်။

ဧရာဝတီမြစ်ကြောင်းမှာက အဖျောက်မှာလိုမျိုး ၉၀ ဒီဂရီချိုးသွားတဲ့ကွေ့က အင်မတန်နည်းပါတယ်။ အဖျောက်မှာက အထက်ရော အောက်မှာရော နှစ်နေရာလုံး ၉၀ ဒီဂရီချိုးသွားတဲ့ပုံစံမျိုးဖြစ်နေတော့ လုပ်ရကိုင်ရတာ အင်မတန်ခက်ခဲပါတယ်။ အတိမ်းအစောင်းမခံတဲ့နေရာလည်း ဖြစ်ပါတယ်"ဟု အဖျောက်မြို့တွင် ဧရာဝတီမြစ်ကြောင်းပြောင်းလဲလာသည့်ပုံစံကို ပြောသည်။

ကျောက်စရစ်စုပ်ယူမှုလုပ်ငန်း ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များသည် သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနသို့ လုပ်ငန်းလိုင်စင်လျှောက်ထားရပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လိုအပ်သည့်စစ်ဆေးတိုင်းတာမှုများ ပြုလုပ်၍ ခွင့်ပြုလိုင်စင်ပြန်လည်ချထားပေးခြင်းဖြစ်သည်။

ဦးအောင်ကျော်မှူးက "ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာတော့ ကျောက်စရစ်နဲ့ပတ်သက်ပြီး ပေးထားခြင်းမရှိပါဘူး။ အဖျောက်ဧရိယာဟာ အင်မတန်မှ ထိခိုက်ခံလို့မရတာမို့ အဖျောက်ရဲ့အထက် ဧရာဝတီတိုင်းဒေသကြီးက ဇလွန်မှာရော ဓနုဖြူမှာပါ ပေးထားခြင်းမရှိပါဘူး။ သဲလုပ်ကွက်ကတော့ ပေးထားပါတယ်။ လုပ်ငန်းခွင်လိုအပ်ချက်အရ နီးစပ်ရာသောင်တွေကို ပေးထားတာရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ၄၀ ကျော်လောက်ပေးထားပါတယ်။ ဌာနအနေနဲ့ တူးဖို့လိုအပ်တဲ့နေရာ၊ အကျိုးသက်ရောက်မှုမရှိတဲ့နေရာတွေကို လုပ်ကိုင်ခွင့်ပြုထားပါတယ်"ဟု ပြောသည်။။

အဖျောက်မြို့အတွင်းရှိ ကျေးရွာတွင် ဇွန် ၁၀ ရက်ညတွင် ဒေသခံများက ကျောက်စုပ်လှေများကို တားဆီးခဲ့ပြီးနောက် ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယခုကဲ့သို့ ခေါ်ယူသတိပေးခဲ့ခြင်းဖြစ်သည်။

တိုက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်က "ကျွန်တော်တို့အနေနဲ့ ဝန်ကြီးချုပ်ပြောတဲ့အတိုင်း ခံဝန်လက်မှတ်ထိုးခိုင်းမယ်။ အသံချဲ့စက်တွေနဲ့ ကြေညာမယ်။ အခုကိစ္စက လှေတွေအသွားအလာကို သတိထားပြီး စောင့်ကြည့်ရမယ့် အနေအထားဖြစ်သွားပြီ။ ဝန်ကြီးချုပ်ကိုယ်တိုင်ပြောပြီဆိုတော့ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်သွားမယ်။ ထိရောက်တဲ့အရေးယူမှုတွေ ဆောင်ရွက်ဖို့အတွက် ခေါ်ယူသတိပေးတာပဲလို့ ဝန်ကြီးချုပ်က ပြောတယ်"ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက သဘာဝဘေးအန္တရာယ်များအတွက် အန္တရာယ်ရှိ၍ ယခုကဲ့သို့ ခေါ်ယူသတိပေးခြင်းဖြစ်ကြောင်း၊ အဖျောက်မြို့တွင် အခြေအနေဆိုးများမဖြစ်ပေါ်လာစေရန် ထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းမပြုပါက ဥပဒေအတိုင်း ထိထိရောက်ရောက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အများပြည်သူအကျိုးအတွက် အားလုံးပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးသို့ တက်ရောက်လာသည့် ကျောက်စုပ်စက်လှေလုပ်ငန်းရှင်များအစုအဖွဲ့က ယနေ့ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်မည်ဟု ကတိပေးခဲ့ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

### ★ ရန်ကုန်-စစ်တွေမှ

စပ်လျဉ်းပြီး ရခိုင်ပြည်နယ် လမ်းအထူးအဖွဲ့(၁၆)မှ ဦးလှရွှေက "လမ်းကသွားလို့ရပေမယ့် အမ်းကနေ စစ်တွေဘက်ကိုသွားတဲ့ မိုင်တိုင်(၂၈) မှာ ရေကျော်ပြီး လမ်းသားပဲ့သွားတယ်။ အဲဒါကို ရေမကျော်အောင် လောလောဆယ် လုပ်နေတယ်။ ဒီမှာရှိတဲ့ ကားလေးတွေ ပေးလွှတ်တယ်။ ကားကြီးတွေတော့ ခဏထားတယ်။ ရေမကျော်အောင် လုပ်ပြီးသွားရင် ပဲ့တဲ့နေရာကို မြေပြန်ဖို့မယ်။ ရေကျော်ဆင်းနေတဲ့အတွက် အခု မြေဖို့လို့မရသေးဘူး။ ရေတားတွေ လုပ်နေတယ်။ မြေဖို့မယ်။ ပြီးရင် ကားကြီးတွေ ပေးလွှတ်မယ်"ဟု ပြောသည်။

ရခိုင်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇွန် ၁၂ ရက်မှ စတင်ကာ စစ်တွေ-ရန်ကုန်သွားကားလမ်းမ၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ အမ်းမြို့နှင့် ကဇူးကိုင်းရွာကြားမှာ နေရာ ၁၂ နေရာခန့် ကားလမ်းရေကျော်မှုများ ဖြစ်ပွားခဲ့ကြောင်း လမ်းပန်းဆက်သွယ်ရေးဝန်ကြီးထံမှ သိရသည်။

**မင်းသစ်(MNA)**

### ❖ ပြင်ဦးလွင်-ရန်ကုန်မှ

မော်တော်ဆိုင်ကယ်များခြံရံကာ ပို့ဆောင်နှုတ်ဆက်ဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။

တစ်ကိုယ်တော်လမ်းလျှောက်သူ ကိုနေမင်းခ(ခ)ဗိုလ်စနေသည် မြန်မာပြည်စိမ်းလန်းစိုပြည်ရေး၊ မူးယစ်ဆေးဝါးကင်းစင်ရေးနှင့် ဆီးဂိမ်း၌ မြန်မာကစားသမားများအောင်နိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် တစ်ရက်လျှင် မိုင် ၃၀ အထက် ရက်ပေါင်း ၃၂ ရက် ကြာသည်အထိ လမ်းလျှောက်မည်ဟု ပြောသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# အဆိပ်မြားဒဏ်ရာများဖြင့် သေဆုံးနေသော တောဆင်ရိုင်းတစ်ကောင်တွေ့ရှိ

**ငွေဆောင် ဇွန် ၁၄**
မဒေ့ါကုန်းကျေးရွာ ချောင်းသာ သစ်တောကြိုးဝိုင်းအမှတ် (၂၇) ကြက်တူရွေး ချောင်းဖျားအနီး၌ ဆင်တစ်ကောင် သေဆုံးနေကြောင်း သတင်းအရ ယနေ့ နံနက် ၁၀ နာရီတွင် သလပ်ခွာရဲစခန်းမှူး ပုသိမ်မြို့နယ် တောအုပ်ကြီးနှင့်အဖွဲ့၊ ပုသိမ်တောင် သစ်ထုတ်ရေးမှ လက်ထောက်မန်နေဂျာနှင့် အဖွဲ့နှင့် ဆင်ဆရာဝန် ဦးသန်းညွန့်ဦး ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။ သေဆုံးနေသည့်ဆင်မှာ အထီးဖြစ်ပြီး ဟိုင်းဆင်အမျိုးအစားဖြစ်ကြောင်း အသက်(၂၅)နှစ်မှ (၃၀)နှစ်ကြားရှိသော တောဆင်ရိုင်းတစ်ကောင်



ဖြစ်ကြောင်းနှင့် ဘယ်ညာပါးပြင်၊ ညာလက်မောင်းတို့တွင် အဆိပ်လူးမြားဒဏ်ရာများဖြင့် အဆိပ်မိ၍ သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

**မူမူ(ပြန်/ဆက်)**

# မန်းချောင်းရေကြီးမှုကြောင့် မန်းရွှေစက်တော် အောက်စက်တော်ရာရင်ပြင်အထက် နှစ်ပေခန့်ရေကျော်လွှမ်း

**ငဖဲ ဇွန် ၁၄**
ငဖဲမြို့နယ်အတွင်း ဇွန် ၁၂ ရက်နှင့် ၁၃ ရက်တွင် မုန်တိုင်းအရှိန်ဖြင့် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မန်းချောင်းရေကြီးမှုဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူများ စိုးရိမ်ပူပန်မှုများ ဖြစ်ခဲ့ရသည်။

"ငဖဲမြို့နယ်မှာရှိတဲ့ မန်းချောင်းရေလှောင်တမံဟာ ဒီနေ့ နံနက် ၆ နာရီမှာ ရေအမှတ် ၆၀၁ ဒသမ ၃၀ ဖြစ်ပြီး ရေပိုလွှဲကရေကျော်ဖို့ ၂၃ ဒသမ ၇၀ ပေ လိုပါတယ်။ မိုးရေချိန် ၃ ဒသမ ၂၅ ဖြစ်ပေမယ့် လုံးဝ စိုးရိမ်စရာ မရှိပါဘူး။ တောင်ကျရေများစွာ ထပ်မံသိုလှောင်နိုင်ပါသေးတယ်။ ငဖဲမန်းချောင်းကူးတံတား ရေများနေခြင်းဟာ ဆတ်သေချောင်းရေနဲ့ ပဇီချောင်းရေများနေလို့ ဖြစ်ပါတယ်။ မန်းတမံရေပိုလွှဲကနေ ကျော်လွှန်စီးဆင်းလာတဲ့ရေ မဟုတ်ပါဘူး။ မန်းတမံရေပိုလွှဲကို ရေကျော်လွှန်ရောက်ရှိခြင်း မရှိသေးပါဘူး"ဟု မန်းချောင်းရေလှောင်တမံ ထိန်းသိမ်းရေးတာဝန်ခံ ဦးမောင်မောင်ဝင်းက ပြောသည်။

"ငဖဲမြို့နယ် တောင်ဘက်ခြမ်းက ရင်းရှည်ရေလှောင်တမံကတော့ ဇွန် ၁၃ ရက် ညနေ ၆ နာရီ ၄၅ မိနစ်မှာ ရေပိုလွှဲကနေ စတင်ရေကျော်ပါတယ်။ ဒီနေ့ နံနက် ၆ နာရီမှာ ရေအမှတ် ၆၀၃ ဒသမ ၀၀ ဖြစ်ပြီး ရေပြည့်မှတ် ၆၀၂ ဒသမ ၀၀ အထက် တစ်ပေ ရေကျော်နေပါတယ်။ တမံများ အားလုံး ပုံမှန်အခြေအနေမှာရှိပါတယ်။ ကြံ့ခိုင်ကောင်းမွန်ပြီး ၂၄ နာရီ ရေကင်းစောင့်တာဝန်များ ချထားကာ အနီးကပ် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။



မန်းရွှေစက်တော်သို့ စီးဆင်းသည့် ပန်းတိမ်းချောင်းရေနှင့် ငဖဲမန်းချောင်းရေ၊ ၎င်းချောင်းအတွင်းသို့ ဝင်ရောက်စီးဆင်းသော ပဇီချောင်းရေများ စီးဆင်းနေ၍ မန်းရွှေစက်တော် အောက်စက်တော်ရာရင်ပြင်အထက် နှစ်ပေခန့်ရေတက်ခဲ့ပြီး မန်းရွှေစက်တော် သုံးမိုင်လမ်းအဝင် လှေတင်တံတားတည်ဆောက်ရေးအဖွဲ့သို့ ဇွန် ၁၂ ရက်က ကြိုတင်သတင်းပေးထား၍ စက်ယန္တရား၊ လူ၊ ပစ္စည်းအားလုံး ဆုံးရှုံးမှုမရှိကြောင်းနှင့် ယခုအခါ မိုးသားများအုံ့ဆိုင်း၍ မိုးဖွဲဖွဲရွာနေသည့်အတွက် မိုးဆက်လက် ရွာသွန်းပါက ထပ်မံရေတိုးလာနိုင်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

❑

# လူမှုကွန်ရက်တွင် ပျံ့နှံ့နေသော ဒေါ်တင်ညွန့်အား အမှုဖွင့်ထား

**ကညွတ်ကွင်း ဇွန် ၁၄**
လူမှုကွန်ရက် Facebook စာမျက်နှာတွင် ယခုလ ၁၀ ရက် နံနက်ပိုင်းမှ စတင်ကာ နာမည်ကြီးနေသော ဒေါ်တင်ညွန့်အား ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းနယ်မြေရဲတပ်ဖွဲ့စခန်းတွင် ဇွန် ၁၃ ရက် ညနေ ၆ ခန့်က ပုဒ်မလေးခုဖြင့်အမှုဖွင့်လှစ်ထားကြောင်း သိရသည်။

"မတင်ညွန့်ကဆဲပြီး မဖွယ်မရာပြုလုပ်လို့ နွားကျောင်းသားက အမှုဖွင့်တာပါ"ဟု ကညွတ်ကွင်းနယ်မြေရဲတပ်ဖွဲ့စခန်းမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် သပြေလဟာကွင်းရှိ မြေလယ်ကော ၈၉၀ ခန့်အား စားကျက်မြေဟုဆိုကာ စပါးခင်းအတွင်း နွားဝင်ကျောင်းသူကို ဒေါ်တင်ညွန့်အပါအဝင်ခုနစ်ဦးက ဆဲဆိုပြီး မဖွယ်မရာပြုမူခဲ့သည်ဟု ဆိုကာ နွားကျောင်းသား ကိုဝင်းအေးက လာရောက်တိုင်ကြားသည့်အတွက် အမှုဖွင့်အရေးယူဆောင်ရွက်ရခြင်းဖြစ်သည်။

"အမှုဖွင့်ထားတာ ကျွန်တော်တို့မသိသေးဘူး။ အမေကတော့ရှက်လို့ တောထဲကနေပြန်မလာဘူး။ ကျွန်တော်တို့ကခုလယ်ထဲမှာ စိုက်ပျိုးထွန်ယက်လာတာ ၂၅ နှစ်ကျော်ကြာပါပြီ။ အဲဒီနေ့ကလည်း ကျွန်တော်တို့ မြို့နယ်မှာလယ်ကိစ္စ အစည်းအဝေးသွားနေတုန်း မိန်းမတွေချည်းကျန်ခဲ့တာ။ နွားတွေတမင်မောင်းထည့်ရင်း၊ အပြန်အလှန်အော်ဟစ်နေရင်းနဲ့ အမေက ချော်လဲသွားတော့ ဖေ့ဘွတ်မှာ တက်လာသလိုဖြစ်သွားရတာပါ။ ခုအမှုဖွင့်ထားတဲ့လူက ဖုံးနဲ့ ရိုက်ပြီး တခြားလူက တင်လိုက်တာ။ ကျွန်တော်တို့ကလည်း တရားပြန်စွဲဖို့ နားလည်တဲ့သူနဲ့ တိုင်ပင်နေပါတယ်။ စိတ်မကောင်းဘူးပေါ့ဗျာ။ တစ်ရွာတည်းနေသူချင်းက ဒီလိုလုပ်တာကို"ဟု ဒေါ်တင်ညွန့်၏သားဖြစ်သူ ကိုမိုးနိုင်က ပြောသည်။ ဖြစ်စဉ်အား ကညွတ်ကွင်းနယ်မြေရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်နေကြောင်း သိရသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# ချောင်းရေတိုက်စားမှုကြောင့် ချောင်းရေကျော်အက်ကွဲမှုဖြစ်

**အထက်မင်းလှ ဇွန် ၁၄**
သရက်ခရိုင် မင်းလှမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်း၍ ချောင်းရေတိုက်စားမှုကြောင့် ချဉ်းကပ်သစ်သားတံတားနိမ့်ကျမှုနှင့် ချောင်းရေကျော်အက်ကွဲမှုဖြစ်ခဲ့ကြောင်းသိရသည်။

ချောင်းရေတိုက်စားမှုကြောင့် လက်ပံတံခါး-လယ်ယားရှည် သစ်သားကြိုးတံတား ချဉ်းကပ်သစ်သားတံတား အရှည် ၁၀ ပေခန့်သည် တစ်ပေခွဲခန့် နိမ့်ကျသွားခဲ့ပြီး ရှမ်းတပ်ကျေးရွာအုပ်စုရှိ ပနီချောင်းကူးတံတား၏ ဒုတိယအခန်းသံပေါင်မှာလည်း ချောင်းရေတိုက်စားမှုကြောင့် တံတားတိုင်မှ ခြောက်လက်မခန့်ရွေ့လျားသွားခဲ့သည်။ အလားတူ လင်းကယ်ကျေးရွာအဝင် ရေကျော်တံတား (100'×18'×9')မှာ ရေတိုက်စားမှုကြောင့် အောက်ခြေမှ အရှည် ၁၅ ပေခန့် အက်ကွဲသွားခဲ့သော်လည်း ယာဉ်များ ဖြတ်သန်းသွားလာနိုင်ကြောင်းသိရှိရပြီး ပနီချောင်းရေကြီးမှုကြောင့် ရှမ်းတပ်ငယ်ကျေးရွာရှိ အိမ်ထောင်စုနှစ်စု၊ လှေစဉ်ကျေးရွာမှအိမ်ထောင်စုတစ်စု စုစုပေါင်းအိမ်ထောင်စုသုံးစုနှင့် လူဦးရေ ခုနစ်ဦးမှာ ရေလွတ်ရာသို့ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး လူနှင့်တိရစ္ဆာန်များထိခိုက်မှုမရှိကြောင်းသိရသည်။

အဆိုပါ နေရာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် မြို့နယ်လမ်းဦးစီးဌာနမှူးတို့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**



# မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် လိုင်စင်မဲ့ယာဉ် ခြောက်စီး မရမ်းချောင် စစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**မြဝတီ ဇွန် ၁၄**
မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ယာဉ် ခြောက်စီးအား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဇွန် ၁၃ ရက်တွင် သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။



အဆိုပါ Honda CRV၊ Toyota MarkII၊ Toyota Alphard၊ Honda Odyssey၊ Honda Fit နှင့် Honda Airwave ယာဉ်တို့အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိ သဖြင့် အဆိုပါယာဉ်ခြောက်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် ၂၁ ဒသမ ၆ သန်း)အား သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့တွင် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇွန် ၁၃ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် ၂၂ ဒသမ ၇၅ သန်း)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**(၀၀၁)**



# ရေတာရှည်မြို့နယ်တွင် မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ရန်ကုန်-မန္တလေးကားလမ်းရေကျော်လျက်ရှိ

**ရေတာရှည် ဇွန် ၁၄**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးများသည်းထန်စွာရွာသွန်းခဲ့ပြီး ချောင်းငယ်၊ မြောင်းငယ်များရေလျှံကာ ဇွန် ၁၄ ရက် နံနက်ပိုင်းမှစတင်၍ ရေတာရှည်မြို့ မြောက်ဘက် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် (၁၉၂/၃-၄) အကြားတွင် ပေ ၃၀ ခန့် ရေများဖြတ်ကျော်လျက်ရှိသည်ကိုတွေ့ရှိရသည်။ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့မပရဟိတလူမှုကူညီရေးအသင်းမှအဖွဲ့ဝင်များက ဖြတ်သန်းသွားလာသည့်ယာဉ်များ အန္တရာယ်ဖြစ်ပွားမှုမရှိစေရေးအတွက် ရေလမ်းအချက်ပြများဆောင်ရွက်ပေးလျက်ရှိသည်။ ရေတိုက်စားမှုကြောင့် သပြေတန်းကျေးရွာရှိ ရန်ကုန်-မန္တလေး ကားလမ်းနှင့် ဆက်သွယ်ထားသော သစ်သားတံတားသုံးစင်းပျက်စီးခဲ့ပြီး ညောင်ပင်ကိုင်းကျေးရွာတွင် ရေနှစ်ပေခန့် ဝင်ရောက်ကာ စပါးအိတ်များစွာရေနစ်မြုပ်ခဲ့ရကြောင်း ဒေသခံတစ်ဦးက ပြောသည်။ ထို့အတူ ညောင်ပင်သာကျေးရွာ၌ ရေတစ်ပေခန့် ဝင်ရောက်လျက်ရှိပြီး ဆက်လက်ရွာသွန်းနေသည့်မိုးကြောင့် ရေပိုမိုများပြားနိုင်ကြောင်းခန့်မှန်းနေကြသည်။

**ကိုလွင်(ဆွာ)**



# အေဂွန်ချန်ပီယံရှစ်ပြိုင်ပွဲမှ ရာဖေးလ်နာဒယ်လ် နုတ်ထွက်

ပုပုနွေးနွေး ပြင်သစ်အိုးပင်းချန်ပီယံ ရာဖေးလ်နာဒယ်လ်က အနားယူရန်လိုအပ်သည်ဟူသော ဆရာဝန်၏ညွှန်ကြားချက်အရ အေဂွန်အိုးပင်းပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရကြောင်း သိရသည်။ သို့သော် နာဒယ်လ်က မြေစေးကွင်းပြိုင်ပွဲပေါင်းများစွာကို ယှဉ်ပြိုင်ရန်ရှိနေပြီး ဝင်ဘယ်လ်ဒန်အိုးပင်းကို အင်ပြည့်အားပြည့် ယှဉ်ပြိုင်လိုခြင်းကြောင့် ယခုကဲ့သို့ အနားယူရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

နာဒယ်လ်မှာ ဝင်ဘယ်လ်ဒန်အိုးပင်းဖလားကို ၂၀၀၈ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်တို့တွင် ဆွတ်ခူးခဲ့ပြီး ဝင်ဘယ်လ်ဒန်အိုးပင်းနှင့် အေဂွန်ချန်ပီယံရှစ်ပြိုင်ပွဲတို့ နီးကပ်နေမှုကြောင့် အနားယူရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ အေဂွန်ချန်ပီယံရှစ်က ဇွန် ၁၉ ရက်တွင် စတင်မည်ဖြစ်ပြီး ဝင်ဘယ်လ်ဒန်အိုးပင်းက ဇူလိုင် ၃ ရက်တွင် စတင်မည်ဖြစ်သည်။

"ကျွန်တော်ဒီလိုဆုံးဖြတ်ရတာကို တကယ်ပဲ စိတ်မကောင်းဖြစ်ရပါတယ်။ ဘာလို့လဲဆိုရင် ဒီဖလားပြိုင်ပွဲပြီးတိုင်း ဝင်ဘယ်လ်ဒန်အိုးပင်း ယှဉ်ပြိုင်ရတဲ့အခါ အမြဲဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပါတယ်"ဟု မှတ်ချက်ပြုခဲ့သည်။ နာဒယ်လ်မှာ အေဂွန်ချန်ပီယံရှစ်ဖလားကို ၂၀၀၈ ခုနှစ်တွင်ရရှိခဲ့ပြီး လက်ရှိချန်ပီယံမှာ အန်ဒီမာရေးဖြစ်သည်။

# ဆီးဂိမ်း(စ်)ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်အားကစားသမားများ ပြင်ဆင်လေ့ကျင့်နေပုံ MRTV ရုပ်သံလိုင်းမှ စနေနေ့တိုင်းပြသမည်

**ရန်ကုန် ဇွန် ၁၄**

မလေးရှားနိုင်ငံ ကွာလာလမ်ပူတွင် ကျင်းပမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်း(စ်)ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အားကစားသမားများ ပြင်ဆင်လေ့ကျင့်နေပုံများကို အပိုင်း ၁၃ ပိုင်းပါသည့် Go for Gold ရုပ်သံအစီအစဉ်ဖြင့် MRTV အခမဲ့ရုပ်သံလိုင်းတွင် အပတ်စဉ် စနေနေ့ ညနေခင်း သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် 100 Plus ၏ Go for Gold အစီအစဉ်အနေဖြင့် ဆီးဂိမ်း(စ်)ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် မြန်မာအားကစားသားများအတွက် ရွှေတံဆိပ်ဆုရှင်တစ်ဦးလျှင် ငွေကျပ် ငါးသိန်း၊ ငွေတံဆိပ်ဆုရှင်တစ်ဦးလျှင် ငွေကျပ်နှစ်သိန်း၊ ကြေးတံဆိပ်ဆုရှင်တစ်ဦးလျှင် ငွေကျပ် တစ်သိန်းကျပ်စီ ချီးမြှင့်သွားမည်ဖြစ်ပြီး အဆိုပါ အစီအစဉ်အတွက် အမေရိကန်ဒေါ်လာ တစ်သိန်းနီးပါး သုံးစွဲသွားဖြစ်သည်။

၂၀၁၇ ခုနှစ် ဆီးဂိမ်း(စ်)ပြိုင်ပွဲကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဩဂုတ် ၁၉ ရက်မှ ၃၀ ရက်အတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ယင်းပြိုင်ပွဲတွင် အားကစားနည်း ၃၈ မျိုး ပါဝင်ကာ နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင် အားကစားသမား ၄၀၀ ခန့်မှ အားကစားနည်း ၂၉ နည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ဦးစိုးအောင်က "နေပြည်တော်မှာ အားကစားနည်း ၁၅ ဖွဲ့ကို လူပေါင်း ၃၈၀ ကျော်နဲ့ လေ့ကျင့်နေပါတယ်။ ရန်ကုန်မှာ ၁၆ ဖွဲ့ကို လူပေါင်း ၅၀၀ ကျော်နဲ့ လေ့ကျင့်နေပါတယ်။ အခုဆိုရင်လည်း တော်တော်များများ အားကစားနည်းတွေက တရုတ်နိုင်ငံကိုပို့လွှတ်ပြီး လေ့ကျင့်နေပါတယ်။ နီးကပ်လာတာနဲ့အမျှ သက်ဆိုင်ရာအားကစားသမားတွေ အပြင်းအထန် လေ့ကျင့်နေပါတယ်"ဟု ပြောသည်။ စင်ကာပူနိုင်ငံတွင် ၂၀၁၅ ခုနှစ်က ကျင်းပခဲ့သော (၂၈)ကြိမ်မြောက် ဆီးဂိမ်း(စ်)ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ရွှေ ၁၂ ခု၊ ငွေ ၂၆ ခု၊ ကြေး ၃၁ ခု စုစုပေါင်း ၆၉ ခု ဆွတ်ခူးရရှိခဲ့သည်။

**(ဇာနည်မောင်၊ အေးမင်းသူ)**

# ပေါ့ဘာဆီမှ အကောင်းဆုံးလုပ်အားနှုန်း ရရှိမည့် နည်းလမ်းကို ရှိုင်ယန်ဂစ် ပြောပြီ

ပေါ့ဘာ၏ ပင်နယ်တီ ဧရိယာအတွင်း လှုပ်ရှားမှုပိုကောင်းလာစေရန် နေရာအနည်းငယ် ပြောင်းကစားခိုင်းပါက လာမယ့်ရာသီ "ပေါ့ဘာအသစ်"ကို တွေ့ရလိမ့်မည်ဖြစ်ကြောင်း မန်ယူဂန္တဝင်ကစားသမားကြီး ရှိုင်ယန်ဂစ်က သူ့အမြင်ကို ပြောသည်။ ပေါ့ဘာမှာ ပြီးခဲ့သည့် ရာသီအတွင်းက မန်ယူအတွက် သွင်းဂိုး ကိုးဂိုး သွင်းယူနိုင်ခဲ့သော်လည်း သူ့ရဲ့ကန်ချက် ကိုးကြိမ်ထက်မနည်း ဂိုးဘားတန်းနှင့် ထိထွက်ခဲ့ရာ ရှိုင်ယန်ဂစ်က ယင်းကိစ္စမှာ ပေါ့ဘာ၏ ခြေအချိန်အဆလိုသည်ဟု ဆိုသည်ထက် နေရာယူခိုင်းမှုပုံစံပိုင်းလိုအပ်သည်ဟု ယူဆခြင်းဖြစ်သည်။

ဂစ်က ပြင်သစ်နှင့် အင်္ဂလန်အသင်းတို့ ချစ်ကြည်ရေးခြေစမ်းပွဲ အိုင်တီဗွီအတွက် အစီအစဉ်တင်ဆက်ရင်း အထက်ပါအတိုင်း မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။ သို့သော် ဂစ်က လာမည့်ရာသီ ပိုကောင်းသည့် ပေါ့ဘာဖြစ်လာမည်ဖြစ်ပြီး တိုးတက်မှုရှိတဲ့ ပေါ့ဘာအသစ်ကို မြင်တွေ့ရလိမ့်မည်ဖြစ်ကြောင်း ဟောကိန်းထုတ်လိုက်သည်။ မန်ယူအသင်းသည် ပေါ့ဘာကို ပြီးခဲ့သည့်နွေစျေးကွက်အတွင်း ကမ္ဘာ့စံချိန်တင်ကြေး ပေါင် ၈၉ သန်းဖြင့် ခေါ်ယူခဲ့ပြီး ထင်သလောက် ခြေစွမ်းမပြနိုင်သဖြင့် ဝေဖန်မှုများနှင့်တောက်လျှောက် ရင်ဆိုင်ခဲ့ရသည်။ အများစုက ပေါ့ဘာမှ စံချိန်တင်ပြောင်းရွှေ့ကြေးဟူသော ဖိအားဒဏ်ကြောင့် ခြေစွမ်းပျောက်နေပြီး မန်ယူအလိမ်ခံခဲ့ရသည်ဟု စွပ်စွဲခဲ့ကြသည်။ ဂစ်က ပေါ့ဘာမှာ ဂျူဗင်တပ်အသင်းနှင့်လည်း ရာသီတိုင်းအောင်မြင်မှု ရယူနိုင်ခဲ့သူဖြစ်ပြီး သူ့အသက်အရွယ်နှင့် အတွေ့အကြုံပိုင်းအရ ပြောင်းရွှေ့ကြေးမှာ များပြားသည်ဟု မယူဆနိုင်ကြောင်းလည်း တစ်ဆက်တည်းပင် မှတ်ချက်ပြုခဲ့သည်။

# မန်ချက်စတာနှင့် လန်ဒန်မြို့ တိုက်ခိုက်ခံရမှုအတွက် "Don't Look Back In Anger" သီချင်းကို ပြင်သစ်နှင့် အင်္ဂလန်အသင်းပရိသတ်များ သီဆိုခဲ့

ပြင်သစ်အသင်းနှင့် အင်္ဂလန်အသင်းတို့ ချစ်ကြည်ရေးခြေစမ်းပွဲမတိုင်မီ ပရိသတ်များက နှစ်နိုင်ငံအမျိုးသားသီချင်းကို သီဆိုပြီးနောက် မန်ချက်စတာနှင့် လန်ဒန်မြို့ တိုက်ခိုက်ခံရမှုတို့အတွက် "Don't Look Back In Anger"သီချင်းကို သီဆိုခဲ့ကြကြောင်း သိရသည်။ လွန်ခဲ့သည့် တစ်နှစ်ခွဲကာလ လူ ၁၃၀ သေဆုံးခဲ့သည့် ပဲရစ်ဗုံးခွဲတိုက်ခိုက်မှုအပြီး ယခုကဲ့သို့ပင် ပြင်သစ်နှင့် အင်္ဂလန်အသင်းတို့ ချစ်ကြည်ရေးခြေစမ်းပွဲကို ကစားခဲ့သေးပြီး အင်္ဂလန်က ပြင်သစ်ကို အနိုင်ရရှိခဲ့သည်။

မန်ချက်စတာမြို့နှင့် လန်ဒန်မြို့တို့တွင် အသေခံဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် ယခုတစ်ကြိမ်တွင်လည်း ဒီနှစ်သင်း တိုက်တိုက်ဆိုင်ဆိုင်ပင် ထပ်မံတွေ့ဆုံနေပြီး ပြင်သစ်အသင်းက အင်္ဂလန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြန်သည်။ လွန်ခဲ့သည့် ရက်သတ္တသုံးပတ်က မန်ချက်စတာမြို့ ပေါ့ပ်ဂီတဖျော်ဖြေပွဲအတွင်း လူ ၂၂ ဦး သေဆုံးခဲ့ပြီးနောက် ပြီးခဲ့သည့် ၁၀ ရက်ကလည်း လန်ဒန်တံတားပေါ်တွင်အလားတူ ပေါက်ကွဲမှုမျိုး ဆက်ဖြစ်ခဲ့သည့်အတွက် လူရှစ်ဦး သေဆုံးသွားခဲ့သည်။

ပရိသတ်များက အဆိုပါ ကြောက်လန့်ဖွယ်အဖြစ်ဆိုးများအတွက် ဒေါသအမြင်ဖြင့်ကြည့်ပြီး အပြစ်မြင်နေမည့်အစား စုစည်းညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ ဝေမျှခံစားမှုတို့ဖြင့်သာ ကျော်လွှားသွားမည်ဟူသော အဓိပ္ပာယ်ဖြင့် အဆိုပါသီချင်းကို ဂုဏ်ပြုသီဆိုခဲ့ခြင်းဖြစ်သည်။

**မေလဲ့သင်း-စုစည်းသည်**

# အခွန်လိမ်လည်သည်ဟူသော စွဲချက်များကို စီရိုနယ်လ်ဒို ငြင်းဆန်



မက်ဒရစ်အခြေစိုက် အစိုးရရှေ့နေများရုံးက ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုအား အခွန်လိမ်လည်သည်ဟု စွပ်စွဲခဲ့ရာ ယင်းစွဲချက်များကို စီရိုနယ်လ်ဒို၏ စီမံခန့်ခွဲမှုရေးရာကိစ္စရပ်များကို တာဝန်ယူထားသည့် ဂက်စ်စတီဖုကုမ္ပဏီမှ ငြင်းဆန်လိုက်ပြီဖြစ်သည်။ စပိန်အစိုးရရှေ့နေများက စီရိုနယ်လ်ဒိုကို ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ပုံရိပ်လွှာအသုံးပြုခြင်းမှ ရရှိသောဝင်ငွေများ ပေးရန်ရှိသည့် ယူရို ၁၄ ဒသမ ၇ သန်း( ပေါင် ၁၃ သန်း၊ ဒေါ်လာ ၁၆ သန်း)ကို အခွန်ရှောင်ခဲ့သည်ဟု စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။

ဂက်စ်စတီဖုကုမ္ပဏီ၏ ထုတ်ပြန်ချက်ထဲတွင် "ကစားသမားအနေနဲ့ အခွန်တိမ်းရှောင်မှု မရှိဘူးဆိုတာကို ရှင်းလင်းလိုပါတယ်"ဟု ပါရှိသည်။ စီရိုနယ်လ်ဒိုနှင့် အခွန်အာဏာပိုင်များကြား ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းကလည်း ယင်းစွပ်စွဲချက်မျိုး တစ်ကြိမ်ထွက်ခဲ့သေးပြီး ယခုတစ်ကြိမ်မှာ ပိုမိုအားကောင်းသည့် စွပ်စွဲချက်ပုံစံမျိုးဖြင့် သတင်းနောက်တစ်ကြိမ် ထပ်မံထွက်ခဲ့ခြင်းဖြစ်သည်။

စီရိုနယ်လ်ဒိုက မည်သည့်ဖုံးကွယ်မှုမျိုးကိုမျှ ပြုလုပ်ထားခြင်းမရှိသောကြောင့် အခွန်ကိစ္စ စုံစမ်းစစ်ဆေးမှုများအတွက် စိုးရွံ့မှုမရှိကြောင်း အစောပိုင်းကတည်းက တုံ့ပြန်ထားပြီးဖြစ်သည်။ သို့သော် ဒီဇင်ဘာလအတွင်း စာချုပ်စာတမ်းများပါ အချက်အလက်များ ထွက်ပေါ်ခဲ့မှုတွင် စီရိုနယ်လ်ဒိုမှာ အခြားဟန်ပြ ဘဏ်စာရင်းများရှိနေပြီး ပုံရိပ်လွှာအသုံးပြုခများကဲ့သို့ သောဝင်ငွေများမှာ အဆိုပါ စာရင်းထဲသို့သာ စီးဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပေါ်တူဂီရေဒီယိုနှင့် ရုပ်မြင်သံကြားတို့နှင့် ပြုလုပ်သော အင်တာဗျူးတွင် စီရိုနယ်လ်ဒိုက " ဘာမှ ဖုံးကွယ်ထားတာ မရှိတော့ ဘာကိုမှကြောက်လန့်နေစရာ မရှိပါဘူး"လို့ ပေါ်တူဂီဘာသာစကားဖြင့် ပြန်လည်ဖြေကြားခဲ့သည်။ ဖောဘိစ်၏ ထုတ်ပြန်ချက်အရ စီရိုနယ်လ်ဒိုမှာ အားကစားရပ်ဝန်းတွင်း ဝင်ငွေအကောင်းဆုံးကစားသမားအဖြစ် နှစ်နှစ်ဆက်တိုက် ရပ်တည်ခဲ့ပြီး ကမ္ဘာ့အချမ်းသာဆုံးစာရင်းတွင်လည်း အမည်စာရင်းပါဝင်ခဲ့သည်။ သူသည် ပြီးခဲ့သည့်နှစ်အတွင်း လုပ်ခလစာ၊ အပိုဆုကြေးများနှင့် ပုံရိပ်လွှာ အသုံးပြုခများထဲမှ ဒေါ်လာ ၉၃ သန်း( ပေါင် ၇၂ သန်း) ဝင်ငွေရရှိခဲ့သည်။

# ချန်ပီယံလိဂ်ဖလားကို စိန်ခေါ်နိုင်ရန် ကစားသမားသစ်ငါးဦးကို ခေါ်ယူရန် နည်းပြ ကွန်တီ စီစဉ်

ချယ်လ်ဆီးနည်းပြ ကွန်တီက လာမည့်ရာသီ ချန်ပီယံလိဂ်ဖလားကို စိန်ခေါ်နိုင်မှုပြုနိုင်ရန် ကစားသမားသစ်ခေါ်ယူမှုကို စိတ်တိုင်းကျ ပြင်ဆင်ရန် အစီအစဉ်ရှိပြီး ကစားသမားသစ် ငါးဦးကို ဖြည့်တင်းမည်ဖြစ်သည်။ ကွန်တီက တိုက်စစ်ပိုင်းအတွက် လူကာကူ၊ ကွင်းလယ်အတွက် ဗာရက်တီ၊ ဘာကာယိုကိုနှင့် ခံစစ်ပိုင်းအတွက် ဘိုနူချီ၊ အဲလက်စ်ဆန်ဒရိုတို့ကို ဖြည့်တင်းရန်စီစဉ်နေပြီး ဖာဘရီဂတ်စ်၊ မာတစ်နှင့် ကော်စတာတို့ကို ပြန်လည်ထွက်ခွာခွင့်ပေးမည်ဟု မျှော်လင့်ရသည်။

အသင်းပိုင်ရှင် အေဗရာမိုဗစ်က ပြီးခဲ့သည့်ရာသီ ကွန်တီ၏ စီမံဆောင်ရွက်ပုံများကို ကျေနပ်သောကြောင့် ယခုနွေစျေးကွက်အတွင်း ကစားသမားသစ်ခေါ်ယူမှုပိုင်းအတွက် ငွေကြေးလိုသလောက်ထုတ်ပေးမည်ဟု ကတိပြုထားသည်။ ကွန်တီက တိုက်စစ်မှူး ကော်စတာကို သူ၏ အနာဂတ်အစီအစဉ်တွင် ပါဝင်တော့မည်မဟုတ်ဟု ပြောကြားခဲ့ပြီးနောက် ကော်စတာနေရာ အစားထိုးနိုင်ရန်အတွက် လူကာကူကို ပေါင်သန်း ၇၀မှ ၁၀၀ ကြား အသုံးပြုခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။ ဘာကာယိုကိုအတွက် ပေါင်သန်း ၄၀၊ ဗာရက်တီအတွက် ပေါင်သန်း ၇၀ ကို အသုံးပြုမည်ဖြစ်ကြောင်းလည်း သတင်းများထွက်ပေါ်နေသည်။

သို့သော် ဘိုနူချီကို ခေါ်ယူနိုင်ရန်အတွက် မာတစ်ကို အလိုက်ပေးကမ်းလှမ်းသွားဖွယ်ရှိနေပြီး အဲလက်စ်ဆန်ဒရိုအတွက် ဂျူဗင်တပ်မှ တောင်းဆိုသော ပေါင် ၅၂ သန်းကိုမူ ကွန်တီက မတန်ဟု ယူဆနေသည်ဟု သိရသည်။ ကွန်တီမှာ အီတလီလက်ရွေးစင်အသင်းကို မကိုင်တွယ်မီ ဂျူဗင်တပ်ကို ကိုင်တွယ်ခဲ့သည့် သုံးနှစ်တာကာလအတွင်း နောက်တန်းခံစစ်ပိုင်းကို အသေချာပြင်ဆင်ပြီး စီးရီးအေဖလား သုံးကြိမ်ဆက်ရယူပေးနိုင်ခဲ့သည်။ ထို့ကြောင့် ယခုနှစ်လည်း ဘိုနူချီကို ဂျူဗင်တပ်မှ အရခေါ်ယူရန် စီစဉ်နေသလို မိုချန်ဂလာဘတ်တွင် အငှားချထားသည့် နောက်ခံလူ ခရစ္စရှုန်ဆန်ကိုလည်း ချယ်လ်ဆီးသို့ ပြန်လည်ခေါ်ယူတော့မည်ဖြစ်သည်။

ချယ်လ်ဆီး နည်းစနစ် ဒါရိုက်တာ အီမန်ရာလိုနှင့်ဆွေးနွေးအပြီးတွင် ခရစ္စရှုန်ဆန်က" ချယ်လ်ဆီးနဲ့ ဇူလိုင်၇ရက်နေ့မှာ ကျွန်တော်ပူးပေါင်းပါ့မယ်။ ရာသီကြို ခြေစမ်းပွဲတွေမှာ ပါဝင်ဖို့အတွက် ခုလို ဇူလိုင်လကတည်းက ပူးပေါင်းသွားဖို့ စီစဉ်လိုက်တာပါ"ဟု ဖြေကြားခဲ့သည်။

# လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

## ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)**
**၁၃၇၈ ခုနှစ်၊     လ    ရက်**
**(၂၀၁၇ ခုနှစ်၊   လ    ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို "လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေ" ဟု ခေါ်တွင်စေရမည်။

၂။ လယ်ယာမြေဥပဒေ ပုဒ်မ ၃ တွင်-
(က) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-
"(ဂ) **မြေနုကျွန်းမြေ** ဆိုသည်မှာ ရေအောက်သို့ နစ်မြုပ်လေ့ရှိပြီး နှစ်စဉ် ရေကြောင်းအနေအထားအရ မြေသားနှင့် ပုံသဏ္ဌာန် ပြောင်းလဲတတ်သည့် ခိုင်မြဲမှုမရှိသောမြေကို ဆိုသည်။"
(ခ) ပုဒ်မခွဲ (င) ပုဒ်မခွဲငယ် (၁) ကို အောက်ပါအတိုင်း ပြင်ဆင်ရမည်-
"(င) **တောင်သူလယ်သမား**ဆိုသည်မှာ အောက်ဖော်ပြပါ တစ်ရပ်ရပ်နှင့် ကိုက်ညီသူကို ဆိုသည်။
(၁) မြေကို အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်းနှစ်ရပ်စလုံးကို မိမိ၏ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင် လုပ်ကိုင်သူ။"
(ဂ) ပုဒ်မခွဲ (ဍ) ကို အောက်ပါအတိုင်း အစားထိုးရမည်-
"(ဍ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။"
(ဃ) ပုဒ်မခွဲ (ဋ) ကို အောက်ပါအတိုင်း အစားထိုးရမည်-
"(ဋ) **ဦးစီးဌာန**ဆိုသည်မှာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကို ဆိုသည်။-

၃။ လယ်ယာမြေဥပဒေ ပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-
"၁၀။ ဤဥပဒေ ပုဒ်မ ၄၊ ၅၊ ၆၊ ၇၊ ၈ နှင့် ၉ တို့ပါ ပြဋ္ဌာန်းချက်များသည် မြေနုကျွန်းမြေ လုပ်ပိုင်ခွင့်ချထားခြင်းနှင့် မသက်ဆိုင်စေရ။"

၄။ လယ်ယာမြေဥပဒေ ပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-
"၁၁။ မြေနုကျွန်းမြေ လုပ်ပိုင်ခွင့်ချထားခြင်း ကိစ္စရပ်များအတွက် ဤဥပဒေအရ ပြုသည့် နည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရမည်။"

၅။ လယ်ယာမြေဥပဒေ ပုဒ်မ ၁၂ တွင်-
(က) ပုဒ်မခွဲ (ခ) ပါ "ဝန်ကြီးဌာနက စည်းကြပ်သော"ဆိုသည့် စကားရပ်ကို "တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ    စည်းကြပ်သော" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မခွဲ (ဂ) ပါ "ဦးစီးဌာနက သတ်မှတ်သည့် တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်း မှတ်ပုံတင်ခ"ဆိုသည့် စကားရပ်ကို "တည်ဆဲဥပဒေအရသတ်မှတ်သည့် တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ဂ) ပုဒ်မခွဲ(စ)ကို ပယ်ဖျက်ရမည်။
(ဃ) ပုဒ်မခွဲ (ဇ) ပါ "သီးနှံ" ဆိုသည့်စကားရပ်ကို "ရာသီသီးနှံ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(င) ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်း အစားထိုးရမည်-
"(ည) သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်သောအမိန့်ကိုလိုက်နာရမည်။"

၆။ လယ်ယာမြေဥပဒေပုဒ်မ ၁၃ ကို ပယ်ဖျက်ရမည်။

၇။ လယ်ယာမြေဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန"ဆိုသည့် စကားရပ်ကို "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန"ဆိုသည့် စကားရပ်ကို "လယ်ယာမြေစီမံခန့်ခွဲရေးနှင့်  စာရင်းအင်းဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်။

၈။ လယ်ယာမြေဥပဒေပုဒ်မ ၁၉ တွင် ပါရှိသော "ဝန်ကြီးဌာနက" ဆိုသည့် စကားရပ်ကို "ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ လယ်ယာမြေဥပဒေပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-
"၂၀။ ပုဒ်မ ၁၉ အရ ချမှတ်သော အမိန့်ကို လိုက်နာခြင်းမရှိသည့် မည်သူကိုမဆို ယင်းအမိန့်ပါ သတ်မှတ်ရက်ကျော်လွန်ပါက လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သော်လည်းကောင်း၊ ယင်းအဖွဲ့က တာဝန်ပေးအပ်သော ပုဂ္ဂိုလ်က သော်လည်းကောင်း၊ သက်ဆိုင်ရာ တရားရုံးတွင် ဦးတိုက်လျှောက်ထား တရားစွဲဆိုနိုင်သည်။"

၁၀။ လယ်ယာမြေဥပဒေပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-
"၂၁။ လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူသည် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စည်းကြပ်ကောက်ခံသည့် အခွန်အခများကို ပေးဆောင်ရန် ပျက်ကွက်လျှင် ထိုအခွန်အခများကို မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ ဥပဒေနှင့်အညီ ကောက်ခံခြင်းခံရမည်။"

၁၁။ လယ်ယာမြေဥပဒေပုဒ်မ ၂၈ တွင်-
(က) ခြေဆင်း၌ ပါရှိသော "မူလစိုက်ပျိုးလျက်ရှိသည့်" ဆိုသည့် စကားရပ်၏ နောက်တွင် "ရာသီ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။
(ခ) ပုဒ်မခွဲ (က)၌ ပါရှိသော "လယ်မြေတွင်" ဆိုသည့် စကားရပ်၏ နောက်တွင် "ရာသီသီးနှံမှ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။
(ဂ) ပုဒ်မခွဲ (ခ) ၌ ပါရှိသော "လယ်ယာမြေတွင်" ဆိုသည့် စကားရပ်၏ နောက်တွင် "ရာသီသီးနှံမှအခြား" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၂။ လယ်ယာမြေဥပဒေပုဒ်မ ၃၁ တွင် ပါရှိသော "ယင်းလယ်ယာမြေကို ပြန်လည်သိမ်းယူနိုင်သည်။" ဆိုသည့် စကားရပ်ကို "ယင်းလယ်ယာမြေအား အခြားနည်း အသုံးပြုရန် ခွင့်ပြုချက်ကို ပယ်ဖျက်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ လယ်ယာမြေဥပဒေပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-
"၃၅။ မည်သူမဆို ပုဒ်မ ၁၉ အရ ချမှတ်သော အမိန့်ကိုဖြစ်စေ၊ ဤဥပဒေအရ လယ်ယာမြေ လုပ်ပိုင်ခွင့် အငြင်းပွားမှုတွင် ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ဖြစ်စေ၊ လိုက်နာရန် ပျက်ကွက်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၁၄။ လယ်ယာမြေဥပဒေပုဒ်မ ၃၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-
"၃၇။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ မည်သူမဆို ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းအောက်မနည်းသည့် ငွေဒဏ်ကိုဖြစ်စေ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော ငွေနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။"

၁၅။ လယ်ယာမြေဥပဒေပုဒ်မ ၃၇ ၏ နောက်တွင် ပုဒ်မ ၃၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
"၃၇-က။ မည်သူမဆို ဤဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် မရရှိဘဲ လယ်ယာမြေကို ကျူးကျော်လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်သော်လည်းကောင်း၊ အခြားသူ တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ဤဥပဒေနှင့်အညီ တရားဝင်လုပ်ကိုင်ခွင့် ရရှိထားသည့် လယ်ယာမြေအပေါ် ကျူးကျော်လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်  သော်လည်းကောင်း ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။"

၁၆။ လယ်ယာမြေဥပဒေပုဒ်မ ၄၁ ကို အောက်ပါအတိုင်းအစားထိုးရမည်-
"၄၁။ ပုဒ်မ ၃၇ နှင့် ပုဒ်မ ၃၇-က တို့အရတရားစွဲဆိုသော ပြစ်မှုများကို ရဲ အရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။"

---

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးညှိနှိုင်းဆွေးနွေး

**ပုသိမ် ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့  ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးခန်းမ၌ ဇွန် ၁၃ နံနက် ၁၀ နာရီက တိုင်းကျန်းမာရေးအစည်းအဝေးခန်းမ၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးညှိနှိုင်းဆွေးနွေးရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးမလှမြတ်သွေးက အခမ်းအနားတက်ရောက်ကာ အဖွင့်အမှာစကားပြောကြားသည်။ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများလည်း တက်ရောက်ခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်က မြန်မာနိုင်ငံသို့သွေးလွန်တုပ်ကွေးရောဂါပျံ့နှံ့ရောက်ရှိလာမှုနှင့် ကာကွယ်ဆောင်ရွက်ရမည့်နည်းလမ်းများကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြတ်မင်းထွန်းက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပေါ်လာပါက မည်ကဲ့သို့လက္ခဏာများဖြစ်ပေါ်လာနိုင်ကြောင်းနှင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ပို့ဆောင်နိုင်ရေးစီစဉ်ဆောင်ရွက်သင့်သည်များပြောကြားခဲ့ကြောင်း သိရသည်။

**မြင့်ဟန်(ပုသိမ်)**



## အမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုး

**ဝေါ ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် အမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက် နံနက် ၇ နာရီက ဝေါမြို့ အရှေ့ဘက်ကမ်းရပ်ကွက်ရှိ သမိုင်းဝင်ဆုတောင်းပြည့် ကြံ့တူ စေတီတော်ကြီး ခြေရင်း၌ ကျင်းပရာ  တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းက အမှာစကားပြောကြားခဲ့ပြီး တက်ရောက်လာသူများက စုပေါင်း၍ သတ်မှတ်နေရာများ၌ မဟော်ဂနီ၊ ကုက္ကို၊ ငုရွှေဝါ၊ သပြေ၊ ပျဉ်းမ၊ မဲဇလီ၊ ကံ့ကော်၊ ပုန်းညက် စုစုပေါင်း ၃၁၂ ပင်ကို  စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

---

## ရေစကြိုမြို့တွင် မူးယစ်ဆေးဝါးနှင့်ယာဉ်အန္တရာယ်တားဆီးကာကွယ်ရေးပညာပေးဟောပြော



**ရေစကြို ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် မူးယစ်ဆေးဝါးနှင့် ယာဉ်အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက အထက (၁)မြတမာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန  မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဖေက ယာဉ်အန္တရာယ်ဆိုင်ရာအသိပညာများ၊  ရေစကြိုမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေး (MANA)အသင်း ဒု-ဥက္ကဋ္ဌဦးစိန်ဝင်းက မူးယစ်ဆေးဝါးနှင့် ပတ်သက်သော  အသိပညာများ ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန  မြို့နယ်ဦးစီးမှူး ဒေါ်စန်းယုမော်က ကွမ်းစားခြင်း၏  ဆိုးကျိုးများကို ရှင်းလင်းဟောပြောခဲ့ကြသည်။

ထို့နောက် ရေစကြိုမြို့နယ် အထက (၁) ကျောင်းအုပ်ဆရာမကြီး  ဒေါ်မြင့်မြင့်ကြည်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဖေနှင့် ရဲတပ်ဖွဲ့ဝင်များ  ဌာနဆိုင်ရာအကြီးအကဲများ၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၁၀၈၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# မုံရွာညဈေးတန်း ဇွန် ၂၂ရက်တွင် ဖွင့်လှစ်မည်

**မုံရွာ ဇွန် ၁၄**

မုံရွာမြို့ ညဈေးတန်းနေရာသစ်ကို ရုံးကြီးရပ်ကွက်ရုံးကြီးလမ်းသို့ ဇွန်၂၀ ရက်တွင် စတင်ရွှေ့ပြောင်းဖွင့်လှစ်ရောင်းချကြရမည်ဖြစ်ပြီး ဇွန် ၂၂ ရက်တွင် ညဈေးတန်းဖွင့်ပွဲကို ကျင်းပမည်ဖြစ်ရာ လက်ရှိညဈေးတန်းဈေးသည်များ အနေဖြင့် ရက်သတ္တပတ်ခန့်ပြင်ဆင်ချိန်ရကြောင်း ဇွန် ၁၃ ရက် မွန်းလွဲ ၁ နာရီက မုံရွာမြို့နယ်စည်ပင်ရုံး၌ ပြုလုပ်သော ညဈေးတန်းဈေးဆိုင်နေရာ မဲနှိုက်ရွေးချယ်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာဦးစီးမှူး ဦးသစ်ထူးမြင့်က ပြောကြားသည်။

"အခုလက်ရှိညဈေးတန်းမှာရောင်းနေတဲ့သူတွေကိုပဲ နေရာသစ်မှာပေးမှာပါ။ ဈေးမရောင်းတော့တဲ့ မူလပိုင်ရှင်တွေကို ပေးဖို့အစီအစဉ်မရှိသလို အဲဒီလူတကယ်ရောင်းမယ်ဆိုရင်တော့နေရာပေးပါမယ်။ တကယ်ရောင်းချတဲ့သူတွေကိုပဲ မဲစနစ်နဲ့ပေးမှာဖြစ်ပါတယ်။ အခုမဲနှိုက်နေရာပေးနေချိန်မှာ မယူဘူးဆိုရင်တော့ အခြားသူတွေဦးသွားမှာဖြစ်ပါတယ်။ အခုလ ၁၉ ရက်အထိ ဗိုလ်ချုပ်လမ်းလက်ရှိနေရာမှာဖွင့်ခွင့်ပေးမှာဖြစ်ပြီး ဇွန် ၂၀ ရက်ကစပြီး နေရာသစ်မှာ ပြောင်းရွှေ့ရောင်းချကြရမှာဖြစ်ပါတယ်။ ဇွန် ၂၂ ရက် ညနေမှာဖွင့်ပွဲအခမ်းအနားလုပ်ပါမယ်။ စားသောက်ဆိုင်တွေအတွက် ရေရရှိရေးကိုလည်း ဆောင်ရွက်ပေးမှာဖြစ်သလို လျှပ်စစ်ကို လမ်းမီးကရအောင် သွယ်တန်းပေးမှာဖြစ်ပါတယ်။ သန့်ရှင်းရေးအနေနဲ့ ကိုယ့်ဆိုင်သန့်ရှင်းရေးကိုကိုယ်တိုင်လုပ်ရမှာဖြစ်ပြီး အမှိုက်ပုံးများထားရှိသိမ်းဆည်းပေးမှာဖြစ်ပါတယ်" ဟုပြောသည်။

မုံရွာမြို့နယ် စည်ပင်သာယာရုံးခန်းအတွင်း ညဈေးတန်းနေရာသစ် မဲနှိုက်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်နှင့် ဒေါ်အမာကြည်၊ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဦးစီးမှူး ဦးသစ်ထူးမြင့်တို့နှင့်အတူ ညဈေးတန်းဈေးသူဈေးသားများ၏ ပူးပေါင်းပါဝင်မှုဖြင့် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ခရစ်ယာန်ကျောင်းနှင့်ဆရာဝန်ကြီးနေအိမ်ကြားလမ်းမှာ ကွန်တိန်နာအမှိုက်ပုံးကြီးတစ်ပုံးထားပေးမှာဖြစ်သလို စည်ပင်သန့်ရှင်းရေးအဖွဲ့က ညတွင်းချင်း ရှင်းလင်းပေးသွားမည်ဖြစ်ပြီး ယာဉ်ရှုပ်ထွေးမှုမရှိစေရန် ဆိုင်ကယ်နှင့်ကားအပ်လက်ခံဌာနနှင့်အတူ ယာဉ်အပ်စရာမလိုသည့် FREE ဇရိယာထားပေးမည်ဖြစ်ကြောင်းသိရသည်။ ညဈေးတန်းဖွင့်ချိန်ညနေ ၄ နာရီမှ ည ၁၀ နာရီအတွင်းမှာ ညဈေးတန်းအတွင်း ယာဉ်များဖြတ်သန်းခွင့်ပြုမည်မဟုတ်ဘဲ လမ်းလျှောက်ဈေးဝယ်သည့်စနစ်ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်သည်။

လက်ရှိညဈေးတန်းဖွင့်နေသူ နှင်းဆီခိုင်ဒံပေါက်ဆိုင်မှ ကိုကျော်လွင်ဦးက "၁၉၉၃ ခုနှစ်ကတည်းက ဇောင်ကြမ်းပင်ရှေ့မှာလှည်းကြီးနဲ့ ညဈေးရောင်းလာတာဆိုတော့ စည်ပင်လုပ်တဲ့အပေါ် ဘာမှပြောစရာမရှိပါဘူး။ လိုအပ်ချက်အရလုပ်ရတာဆိုတော့လေ။ လက်ရှိက ရာပြည့်တိုက်တန်းမှာဆိုင်ခန်းရှိတော့ အခုပြောင်းမယ့်ညဈေးတန်းကို လိုက်လည်းရသလို မလိုက်ရင်လည်းရတယ်။ လောလောဆယ် မလိုက်တော့ဘူးလို့ စဉ်းစားထားတယ်။ ဒါပေမယ့်မဲတော့နှိုက်ထားပြီး ဆိုင်ခန်းနေရာယူထားတယ်။ ကိုယ်မဖွင့်ဖြစ်ရင် မရှိတဲ့သူကို ပေးလိုက်မယ်" ဟု ပြောသည်။

မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းက "ဇွန် ၁၂ ရက်က လက်ရှိညဈေးတန်းတစ်လျှောက်မှာနေရာသစ်ပြောင်းဖို့ မဲနှိုက်ရမယ်ဆိုတဲ့သဘောထားစာရွက်တွေလိုက်ဝေတာ တချို့လည်းလက်ခံသလို တချို့လည်းလက်မခံတာရှိပါတယ်။ မြေပြင်ဆင်းကောက်ထားတာ ၁၁၇ ဦး ရှိပြီး ဆိုင်ခန်းပေါင်း ၃၀၀ ကျော်ရှိပါတယ်။ လျှပ်စစ်မီးသုံးသူများကို မုံရွာခရိုင်စီမံခန့်ခွဲရေးကော်မတီရုံးရှေ့ကနေ တောင်ဘက်တောက်လျှောက် မီးများများသုံးရာမှ နည်းနည်းချင်းသုံးတဲ့အထိနဲ့ မီးလုံးဝမသုံးတဲ့ ဆိုင်တွေကိုအရှေ့ဘက်တန်းမှာနေရာချထားပေးဖို့လျာထားပါတယ်"ဟုပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး) အခြေခံရှေးဦးသူနာပြုစုခြင်းသင်တန်းဖွင့်လှစ်

**မန္တလေး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့်ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး)တို့ ပူးပေါင်းဖွင့်လှစ်သော စတုတ္ထအကြိမ်အခြေခံရှေးဦးသူနာပြုစုခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် မန္တလေး-ရန်ကင်းတောင်သွားလမ်းရှိ အဆိုပါတက္ကသိုလ် မြတ်ရတနာခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နည်းပညာတက္ကသိုလ် (မန္တလေး)ပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများ၊ မန္တလေး တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကား ပြောကြားပြီး ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဒေါက်တာမြမြအေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် လူမှုရေးအထောက်အကူပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဗဟိုကောင်စီဝင်၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ကျော်က ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏လုပ်ငန်းဆောင်ရွက်ချက်များ၊ ကူညီကယ်ဆယ်ရေးဆိုင်ရာများ ဆက်လက်ဆောင်ရွက်မည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအား ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် သင်တန်းသားသင်တန်းသူ ၁၁၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန် ၁၀ရက်မှ ၁၈ရက်အထိ သင်ကြားပို့ချမည်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# မြင်းခြံမြို့နယ်တွင် ကျောင်း(၁၈) ကျောင်းအား အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရ

**မြင်းခြံ ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာတွင် လွယ်ကူစွာတက်ရောက်သင်ကြားနိုင်ရန် နိုင်ငံတော်အစိုးရမှ စီစဉ် ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ စီစဉ်ဆောင်ရွက်ပေးရာ၌ အခြေခံပညာကျောင်းများကို အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပေးခြင်းဖြင့် မိမိတို့နေထိုင်ရာအရပ်ဒေသအနီးအနားတွင်သာ တက်ရောက်ပညာသင်ကြားခွင့်ရရှိကြသည်။

မြင်းခြံမြို့နယ်တွင် (၂၀၁၇-၂၀၁၈) ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ခွင့်တွင် အထက်တန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၁၀ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) အဖြစ် လေးကျောင်း ၊ အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ် သုံးကျောင်း စုစုပေါင်း ၁၈ ကျောင်းတို့ဖြစ်ကြပြီး တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိသည့်ကျောင်းများအားလုံးမှာ ကျေးရွာများမှကျောင်းများ ဖြစ်ကြကြောင်း သိရသည်။

အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိသည့်ကျေးရွာမှ ပြည်သူများကလည်း ယခုလို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေး၍ မိမိတို့ကလေးများကို မိမိတို့ကျေးရွာကျောင်းတွင် ပညာသင်ကြားနိုင်ပြီး ကျောင်းသွားရချိန်သက်သာပြီး စာကျက်ချိန် ပိုရခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းခြင်းတို့ကြောင့် ဝမ်းသာလျက်ရှိကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

# မြန်မာ့ရိုးရာနှင့်အနောက်တိုင်းတူရိယာများဖြင့်ပေါင်းစပ်ဖျော်ဖြေသည့် မြန်မာဂီတပွဲတော်မန္တလေးအမျိုးသားကဇာတ်ရုံတွင်ကျင်းပ

**မန္တလေး ဇွန် ၁၄**

မြန်မာ့ရိုးရာနှင့်အနောက်တိုင်း တူရိယာများဖြင့် ပေါင်းစပ်ဖျော်ဖြေသည့် မြန်မာဂီတပွဲတော် (Myanmar Music Festival) ကို ဇွန် ၁၃ ရက် ည ၇ နာရီက မန္တလေးမြို့ ၆၆ လမ်းရှိအမျိုးသားဇာတ်ရုံ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးအောင်ကျော်ဦး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တိုင်းရင်းသားရေးရာဝန်ကြီးဦးစိုင်းကျော်ဇောနှင့်တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ တက်ရောက် အားပေးသည်။



ဂီတပွဲတော်ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက မဟာဘွဲ့ပဒေသာသီချင်းဖြင့် စတင်ဖွင့်လှစ်သည်။ ထို့နောက် အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် ထိုင်း၊ အမေရိကန်၊ တရုတ်၊ မလေးရှားနှင့် ပီရူးနိုင်ငံတို့မှ အနုပညာရှင်များက မြန်မာ့ရိုးရာနှင့် အနောက်တိုင်း တူရိယာများဖြင့် ပေါင်းစပ်ရေးဖွဲ့ထားသော တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သည်။

မြန်မာဂီတပွဲတော်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနုပညာဦးစီးဌာနမှအနုပညာရှင်များနှင့် အနောက်တိုင်းဂီတပညာရှင်တို့ ပူးပေါင်း၍ဂီတပွဲတော်အတွက်ရည်ရွယ်ရေးစပ်ထားသည့် သီချင်း အသစ်ခြောက်ပုဒ်ကိုလည်းဖျော်ဖြေတင်ဆက်သည်။ ဇွန် ၁၈ ရက်တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ပြည်သူ**

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြိုဟောပြော

**ရမည်းသင်း ဇွန် ၁၄**

ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးနှင့်ညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်အခြေခံပညာဦးစီးဌာနနှင့် ခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ပူးပေါင်း၍ ရမည်းသင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ ဇွန် ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲက အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြို ပညာပေးဟောပြောပွဲကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်ယဉ်ယဉ်နုက အမှာစကားပြောကြားပြီး ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်သိမ့်မျိုးက စာဖတ်ရှိန် မြှင့်တင်ရေးနှင့်ကျောင်းစာကြည့်တိုက်များ ရှင်သန်စေရေး၊ ကျောင်းသားကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရေး စာကြည့်တိုက်ကို အသုံးချခြင်းတို့ကိုရှင်းလင်းပြောကြားကာ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးနှင့်ညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်သီဂီထွဋ်မှ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းတာဝန်(၄)ရပ်ကိုရှင်းလင်းကာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန စစ်ဆေးရေးမှူး ဦးကြည်မြင့်က ကျောင်းသားကျောင်းသူများကို ယာဉ်အန္တရာယ်ကင်းရှင်းရေး လမ်းလျှောက်သူစည်းကမ်း၊ စက်ဘီးစီးနင်းသူစည်းကမ်းတို့ကိုပညာပေးခြင်း ဇာတ်ကားပရိုဂျက်တာဖြင့်ရှင်းလင်းပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းအောင်**

# ကျွန်းမျှောခရမ်းချဉ်(GAP)စံပြစိုက်ပျိုးမှုကြောင့် အင်းလေးကန်ရှိဒေသခံတောင်သူဦးကြီးများအဆင်ပြေ

**ညောင်ရွှေ ဇွန် ၁၄**

စိုက်ပျိုးရေးဦးစီးဌာနနှင့် United Nilar Agribusiness ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်နေသည့် ရှမ်းပြည်နယ် တောင်ကြီးခရိုင် အင်းလေးကန်ဒေသ ကျွန်းမျှောခရမ်းချဉ် (GAP) စံပြစိုက်ပျိုးထုတ်လုပ်မှုကြောင့် ဒေသခံတောင်သူဦးကြီးများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါ အင်းလေးကန်ဒေသရှိ တောင်သူဦးကြီးများ၏ ကျွန်းမျှောခရမ်းချဉ်(GAP) စံပြစိုက်ပျိုးမှုအဆင်ပြေစေရေး အတွက် United Nilar Agribusiness ကုမ္ပဏီ လီမိတက်မှ (GAP) စံပြစိုက်ပျိုးထုတ်လုပ်မှု နည်းပညာများနှင့် ဇီဝပိုးသတ်ဆေးအသုံးပြုပုံများအားကျေးရွာ ငါးအုပ်စုမှ တောင်သူဦးကြီးများပိုင်ဆိုင်သည့် စိုက်ပျိုးမြေဧက ၅၀ အတွက်ကူညီပံ့ပိုးပေးခြင်းဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့်လည်း မြေပြင်မှုမှ စတင်ခူးဆွတ်သည့်အဆင့် အထိတောင်သူများလိုက်နာဆောင်ရွက်နိုင်ရန်အတွက် တစ်ပတ်လျှင် နှစ်ကြိမ်နှုန်းတောင်သူများနှင့် တွေ့ဆုံကာ လိုက်နာဆောင်ရွက်ရမည့် အသေးစိတ်လုပ်ငန်းစဉ်များ အားစဉ်ဆက်မပြတ်ကြီးကြပ်ပို့ချပေးနေကြောင်းသိရသည်။

စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက "ဒီအင်းလေးကန်ဒေသမှာကတောင်သူ တွေအနေနဲ့ စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြတဲ့အခါ မှာ ယခင်က ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေးကိုပဲအသုံးပြုခဲ့ ကြပါတယ်။ ခုဒီဇီဝပိုးသတ်ဆေးနဲ့ စိုက်ပျိုးတဲ့ ကျွန်းမျှော ခရမ်းချဉ်စိုက်ပျိုးခြင်းဟာ သူတို့အတွက် အသက်မွေးဝမ်း ကျောင်းခြင်းပဲဖြစ်ပြီး တောင်သူတွေအတွက်လည်း စရိတ် စကသက်သာသွားပါတယ်။ အင်းတိုင်းရင်းသားတွေအနေနဲ့ မိုးနဲ့ ဆောင်းခရမ်းချဉ်တွေကို နှစ်စဉ်စိုက်ပျိုးနေတာပါ။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းနည်းပညာနဲ့ စိုက်ပျိုးတဲ့ ကုန်စိမ်းခရမ်းချဉ်ကို စိုက်ပျိုးခြင်းအားဖြင့် တောင်သူများအတွက် အကျိုးရှိစေတာဖြစ်ပြီး စားသုံးသူ များအတွက်လည်း ပိုးသတ်ဆေးကိုမသုံးစွဲဘဲ ဓာတုအဆိပ် အတောက်ခရမ်းချဉ်ကို လျော့နည်းသုံးစွဲနိုင်ရန်အတွက် ဇီဝပိုးသတ်ဆေးကိုသာအသုံးပြုထားတဲ့ ဒီခရမ်းချဉ်ဟာ စားသောက်ရတဲ့အခါမှာ အကျိုးရှိစေမှာဖြစ်ပါတယ်။ UNA ကုမ္ပဏီကလည်း တောင်သူတွေအတွက် ဇီဝ ပိုးသတ်ဆေးတွေကို အခမဲ့ပံ့ပိုးပေးထားတာကြောင့် ဇီဝ ပိုးသတ်ဆေးနဲ့ စိုက်ပျိုးလုပ်ကိုင်ခြင်းအားဖြင့် အင်းလေးဒေသ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ ခိုင်မြဲဖို့ကို များစွာအထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။ ဌာနဆိုင်ရာအနေနဲ့လည်း စိုက်ပျိုးရေးဆိုင်ရာအလေ့ အကျင့်ကောင်းတွေနဲ့ စိုက်ပျိုးထုတ်လုပ်ပြီး အခြားနိုင်ငံ များနဲ့တန်းတူ အာဟာရပြည့်ဝတဲ့ ဘေးအန္တရာယ်လုံခြုံရေး ကိုဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်" ဟုရှင်းပြသည်။

United Nilar Agribusiness ကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာဦးကျော်ထွန်းက "ကျွန်တော်တို့ အနေ နဲ့ ဆေးတွေကိုအခမဲ့ပေးပါတယ်။ တောင်သူတွေကလည်း စိတ်ဝင်တစားစိုက်ပျိုးကြတာမို့ တစ်ဧကကို ငွေကျပ် သုံးသိန်း နီးပါးနှုန်းနဲ့ ဧက ၅၀ အတွက်ထောက်ပံ့ ပေးခဲ့ပြီး ခြောက်လတာကာလ တောက်လျှောက်စိုက်ပျိုးနေချိန်မှာ လည်း ဒီဇီဝပိုးသတ်ဆေးများကို ထောက်ပံ့ပေးခဲ့ပါ တယ်။ ဒီဧက ၅၀ စိုက်ပျိုးခြင်းအားဖြင့် နိုင်ငံတကာ ဈေးကွက်ကိုမထိုးဖောက်နိုင်ပေမယ့် ပြည်တွင်းဈေးကွက်ကို ထိုးဖောက်နိုင်မှာဖြစ်ပါတယ်။ လာမယ့်နှစ်မှာ အာဆီယံ Free Trade က စတင်တော့မှာမို့ နိုင်ငံတကာဈေးကွက် ထက်စာရင် အာဆီယံဈေးကွက်ကို ထိုးဖောက်နိုင်ဖို့ မျှော်မှန်းထားပါတယ်။ ဘာပဲဖြစ်ဖြစ် တောင်သူတွေ အတွက် အောင်မြင်တဲ့ ဈေးကွက်တစ်ခုကို ဖော်ဆောင်ပေး လိုက်တာဖြစ်ပြီးခုဆိုတောင်သူတွေအတွက်မျှော်လင့်ချက် တွေရရှိခဲ့ပြီဖြစ်ပါတယ်။ နောက်တစ်ခုကအင်းလေးဒေသ ကိုလည်း ကောင်းမွန်အောင်လုပ်ဆောင်ပေးလိုက်ခြင်းပဲ ဖြစ်ပါတယ်" ဟုဆိုသည်။



ရှမ်းပြည်နယ်၌ စိုက်ပျိုးရေးဦးစီးဌာနပိုင် မြေဧရိယာ ဧက ၁၀၀၀ ကျော်ရှိပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် United Nilar Agribusiness ကုမ္ပဏီ လီမိတက်တို့မှ ပူးပေါင်း ဆောင်ရွက်သော ရှမ်းပြည်နယ် တောင်ကြီးခရိုင် အင်းလေး ကန်ဒေသ ကျွန်းမျှောခရမ်းချဉ်(GAP) စံပြစိုက်ပျိုး ထုတ် လုပ်မှု ကွင်းသရုပ်ပြပွဲကို ညောင်ရွှေမြို့နယ်ရှိ ဟူပင် ဟိုတယ် ခေါင်တိုင်ကျေးရွာ၌ ဇွန် ၁၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ ပြပွဲ၌ ရှမ်းပြည်နယ် ပြည်နယ်စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်၊ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီး မှူး ဦးချိုနိုင်ထွန်းနှင့်တာဝန်ရှိသူများ၊ United Nilar Agribusiness ကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ ဦးကျော်ထွန်းနှင့် အင်းလေးကန်ဒေသမှတောင်သူဦးကြီး များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **စိုးဝင်း(MLA)**



## ပခုက္ကူမြို့နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ပခုက္ကူ ဇွန် ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ ဆေးဖျန်းခြင်း၊ ကျောင်းကျန်းမာရေး အသိ ပညာပေးဟောပြောခြင်းနှင့် ဆေးစစ်ဆေးခြင်းများကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

ပခုက္ကူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်နှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှခရိုင်မီးသတ်တပ် ဖွဲ့မှူး ဦးကျော်နိုင်နှင့်မီးသတ်တပ်ဖွဲ့များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့များ၊ စည်ပင် သာယာရေးအဖွဲ့မှ မြို့နယ်မှူးနှင့်ဝန်ထမ်းများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအုပ် ဒေါက်တာမြတ်မြတ်မိုး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိဦးဇော်ဌေးအောင်နှင့် ဝန်ထမ်းများ၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းများ၊ အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများသည် ကျောင်းဝင်း၌ စုပေါင်းသန့်ရှင်းရေးများပြုလုပ်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပေါ်စေရန် ဆေးများဖျန်းခြင်းစသည်တို့ကိုပြုလုပ်ကြသည်။

ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဆက်လက်ကျင်းပရာ ပခုက္ကူခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအုပ်ဒေါက်တာမြတ်မြတ်မိုး က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက်ခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာစုမွန်နိုင်က သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများ၊ အန္တရာယ်လက္ခဏာများအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျောင်းကျန်းမား ရေးဌာနမှ ကျန်းမာရေးမှူးဦးထွန်းအောင်မြင့်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ခြင်းလုပ်ငန်းများအကြောင်းပြောကြားသည်။ ထို့နောက် တက်ရောက် လာသူများမှသိရှိလိုသည်များမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေ ကြားကြသည်။ ထို့အပြင် အဆိုပါကျောင်းတွင် ကျန်းမာရေးမကောင်းသော ကျောင်းသား ကျောင်းသူ ၄၀ ကျော်တို့ကို ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန မှဆေးရုံအုပ်ကြီးဒေါက်တာမြတ်မြတ်မိုးနှင့် ဝန်ထမ်းများ၊ သားဖွားဆရာများက ဆေးစစ်ဆေးကုသပေးလျက်ရှိကြောင်းသိရသည်။

**ဆလိုင်းကိုကီး**

## နိုင်ငံတကာအဆင့်မီ အရေးပေါ်ကယ်ဆယ်ရေး လက်တွေ့သရုပ်ဖော်ပြသ

**မူဆယ် ဇွန် ၁၄**

နိုင်ငံတကာအဆင့်မီ အရေးပေါ်ကယ်ဆယ်ရေးသင်တန်းသို့ တက်ရောက် သော သင်တန်းသား ကျောင်းသူများမှ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ဖော်ပြသခြင်းကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက မူဆယ်မြို့ ရဟတ်ယာဉ် ကွင်းနှင့် ဂေါက်ကလပ်ကွင်းလမ်းဆုံ မီးပွိုင့်၌ ပြုလုပ်ခဲ့ကြသည်။

မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေး Myanmar Rescue နှင့် မူဆယ်ဒေသရှိ ပရဟိတအသင်းအဖွဲ့ပေါင်းစုံတို့က ပူးပေါင်းဖွင့်လှစ်သော အရေးပေါ် ကယ်ဆယ်ရေးသင်တန်း(၁၄/၂၀၁၇)သို့ တက်ရောက် သင်ကြားသော သင်တန်းသား သင်တန်းသူ ၁၆၀ တို့မှ ဆေးဝါးကုသကယ်ဆယ်ရေးသမားများနှင့် ထိခိုက်ဒဏ်ရာရရှိသောလူနာများအဖြစ် လူစုခွဲ၍ ခုနစ်ရက်အတွင်း သင်တန်းတွင် လေ့ကျင့်သင်ကြားပေးသော သင်ခန်းစာများအနက် ရုတ်တရက် ဖြစ်ပေါ်လာမည့် ယာဉ်တိုက်ခိုက်မှုများတွင် ဖြစ်ပေါ်လေ့ရှိသော ထိခိုက်ဒဏ်ရာ ရရှိလူနာများအား အရေးပေါ်ဆေးဝါးကုသမှုများ၊ ကယ်ဆယ်ရေးလုပ်ငန်း များအား သရုပ်ဖော်ပြသခဲ့ကြသည်။



သရုပ်ဖော်ပြသရာတွင် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးလှထွန်းနှင့် သင်တန်းနည်းပြဆရာတို့က အနီးကပ်ကြည့်ရှုသုံးသပ်ပြီး လိုအပ်သည့်နည်းလမ်းများအား လမ်းညွှန်ပြသပေးကာ သရုပ်ဖော်ပြသခြင်းသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူ ၁၀၀ ကျော်ခန့် လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ပြည်နယ်အဆင့် ကလေးတီဘီရောဂါစီမံခန့်ခွဲမှု သင်တန်းဖွင့်

**မြစ်ကြီးနား ဇွန် ၁၄**

ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့ မှ ကြီးမှူး၍ ပြည်နယ်အဆင့် ကလေးတီဘီရောဂါစီမံခန့်ခွဲမှု ရက်တို သင်တန်းကို ဇွန် ၁၄ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ မူးယစ်ဆေးစွဲရောဂါကုဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်တီဘီ ရောဂါ တိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင် ဆရာဝန်လက်ထောက်ညွှန်ကြား ရေးမှူး ဒေါက်တာသွယ်သွယ်စိမ်းက သင်တန်းဖွင့်လှစ်ရခြင်း အကြောင်းအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို ဇွန် ၁၄ ရက်နှင့် ၁၅ ရက် နှစ်ရက်ကြာ ကျင်းပ မည်ဖြစ်ကာ အဖွဲ့ခေါင်းဆောင်ဆရာဝန် ဒေါက်တာသွယ်သွယ်စိမ်းနှင့် (သံဥ) မှ ဒေါက်တာမျိုးနိုင်ဦးတို့က ကလေးသူငယ်များ တီဘီဖြစ်ပွားမှု အခြေအနေများ အား မှတ်တမ်းပြုစုခြင်း၊ ရှာဖွေခြင်း၊ ကုသခြင်း၊ စောင့်ကြည့်ခြင်းစသည့် ဘာသာရပ်များအား ဆွေးနွေးသွားမည်ဖြစ်ကာ ကချင်ပြည်နယ်အတွင်း မြို့နယ် ၁၈ မြို့နယ်မှ ကျန်းမာရေးဆရာဝန်များနှင့် ဝန်ထမ်းများ ၃၀ တက်ရောက်မည်ဖြစ်ပြီး ကချင်ပြည်နယ်အတွင်း တီဘီရောဂါဖြစ်ပွားမှုမှာ ၂၀၁၄ ခုနှစ်တွင် ၇၆၀၀၊ ၂၀၁၅ ခုနှစ်တွင် ၇၄၉၃ဦးနှင့် ၂၀၁၆ ခုနှစ်တွင် ၇၇၂၉ ဦးဖြစ်ကာ ကလေးတီဘီရောဂါဖြစ်ပွားမှုမှာ ၂၀၁၆ ခုနှစ်တွင် ၂၆၉၇ ဦး ဖြစ်ပွားခဲ့ကြောင်း အဖွဲ့ခေါင်းဆောင်ဆရာဝန် ဒေါက်တာသွယ်သွယ်စိမ်းထံမှ သိရသည်။

**ဦးလေးကြီး**

## ဘိန်းအစားထိုး နှစ်ချင်းသီးနှံ/မျိုးစေ့ပေးအပ်ပွဲ ကျင်းပ

**ကျောက်မဲ ဇွန် ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ်တွင် ဘိန်းအစားထိုး နှစ်ချင်းသီးနှံ/မျိုးစေ့ပေးအပ်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ဇွန် ၁၃ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးမြကျော် နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူတို့က အမှာစကားများပြောကြား ခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းဦးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဘိန်းအစားထိုးသီးနှံများ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပေးခဲ့ပြီး တောင်သူ ၁၀၀ အတွက် ဧက ၁၀၀ စာ တန်ဖိုးငွေကျပ် ၂၅ သိန်းဖိုး စပါးမျိုးစေ့နှင့် ၂၅ ဧကစာ တန်ဖိုး ငွေကျပ် ၈၃၅၀၀၀ တန်ဖိုးရှိ ပြောင်းဖူးမျိုးစေ့များကို တောင်သူများလက်ဝယ်သို့ အသီးသီးပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မိုင်းရင်၊ ဝိန်းနန်၊ မန်ဆာလုံ၊ ဖာဆွမ်၊ နားဆိုင်း၊ ပန်ချင်၊ နမ့်တောင်ကုန်း၊ မန်စံ၊ မိုင်းမု၊ မိုင်းတပ်၊ ဆိုက်ခေါင်ကျေးရွာအုပ်စုများမှ တောင်သူများတက်ရောက်ခဲ့ပြီး တက်ရောက်လာသော တောင်သူများအား စိုက်ပျိုးရေးပညာပေးသင်တန်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ကျောင်းကုန်းတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ကျောင်းကုန်း ဇွန် ၁၄**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျန်းမာရေးဦးစီးဌာန ရောဂါနှိမ်နင်းရေး(ကူးစက်) မှ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၃ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်မူက အဖွင့်အမှာစကားပြောကြားပြီး ရောဂါနှိမ်နင်းရေးဌာန(ကူးစက်)မှ ကျန်းမာရေးမှူး ဦးအောင်ကိုဝင်းက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရခြင်းအကြောင်းမှာ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပြီး ခြင်ကျားကိုက်ခြင်းဖြင့် ကူးစက်ကြောင်း၊ ခြင်ကျားသည် နေ့အချိန်တွင် ပိုကိုက်ကြောင်း၊ အသက် ၅ နှစ်မှ ၉ နှစ် အရွယ်တွင် အများဆုံးဖြစ်ကြောင်း၊ လူကြီးများလည်းဖြစ်ကြောင်း၊ တစ်နှစ်ပတ်လုံးကူးစက်နိုင်ပြီး မိုးရာသီတွင် အများဆုံးဖြစ်ပွားကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်အေမီမိုးက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုကဆောင်ရွက်မည့် လုပ်ငန်းလေးရပ်ရှိကြောင်း၊ သွေးလွန်တုပ်ကွေးလူနာရှိသည့်အိမ်နှင့် ၎င်းကလေးတက်သည့်ကျောင်း၏ ပတ်ဝန်းကျင် ကိုက် ၁၀၀ အတွင်းရှိအိမ်များကို ခြင်ဆေးမှုတ်သင့်ကြောင်း၊ စက်မှမှုတ်ထုတ်လိုက်သော ပိုးသတ်ဆေးသည် လေထဲတွင် တစ်နာရီခန့်သာပျံ့နှံ့နိုင်ကြောင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်ဖြင့် ခြင်လောက်လန်းဘဝကပင် နှိမ်နင်းသင့်ကြောင်း အသိပေးဟောပြောခဲ့သည်။

ဟောပြောပွဲအခမ်းအနားသို့ အ. ထ. က(၁)မှ Grade 7. Grade 8 နှင့် Grade 9.တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဝင်းကြိုင်(မြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီး ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်း စည်းဝေး

**ပဲခူး ဇွန် ၁၄**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဇွန် ၁၄ ရက် နံနက် ၉ နာရီခွဲက ဌာဆိုင်ရာလုပ်ငန်းညှိနှိုင်း(လပတ်)အစည်းအဝေး ပြုလုပ်ခဲ့သည်။



ရှေးဦးစွာ ဝန်ကြီးချုပ်က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာများ၏အခန်းကဏ္ဍမှာ အရေးပါကြောင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မူးယစ်ရမ်းကားမှု၊ လူသတ်မှုစသည့်မှုခင်းများကို အမျိုးသားရေးအမြင်ဖြင့် ထိန်းသိမ်းဆောင်ရွက်ရန်၊ ကျောင်းဖွင့်ရာသီဖြစ်၍ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့များ ကူညီဆောင်ရွက်ပေးရန်၊ ကျူးကျော်နေထိုင်မှုများနှင့်ပတ်သက်ပြီး ထွေ/အုပ်၊ စည်ပင်၊ လမ်းဦးစီး စသည့်ဌာနဆိုင်ရာများမှ သတိပေးစာများထုတ်ပြန်ပြီး စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်၊ မိုးရာသီဖြစ်၍ သက်ဆိုင်ရာမြို့နယ်များအလိုက် မြို့တွင်းလမ်းများ၊ ရေမြောင်းများ ရေလျှံမှု၊ အမှိုက်ပိတ်ဆို့မှု မဖြစ်စေရေး ကွင်းဆင်းဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထို့နောက် ပြင်ပအင်ဂျင်နီယာတစ်ဦးက ပဲခူးတိုင်းဒေသကြီး တည်ဆောက်မှုကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ Bago Region Construction Control Authority (BRCCA) အဖွဲ့၏ လုပ်ငန်းတာဝန်များအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးက တင်ဒါခေါ်ယူခြင်း၊ တင်ဒါလုပ်ထုံးလုပ်နည်းများ၊ ကျပ်သိန်း ၅၀၀ နှင့်အထက်တည်ဆောက်ရေးလုပ်ငန်းများအား BRCCA နှင့် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်မှစတင်၍ ချိတ်ဆက်ဆောင်ရွက်သွားရမည့် အခြေအနေများကို တင်ပြရှင်းလင်းခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် ဌာနဆိုင်ရာများမှ လစဉ်လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများကို တင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့သည်။

အစည်းအဝေးသို့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ပြင်ပအင်ဂျင်နီယာပညာရှင်များ စုစုပေါင်း ၇၆ ဦး တက်ရောက်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## မူးယစ်ဆေးဝါးနှင့် အစားအသောက်ဆိုင်ရာအန္တရာယ်များ အသိပညာပေးဟောပြောပွဲ ကော့သောင်း၌ပြုလုပ်

**ကော့သောင်း ဇွန် ၁၄**
ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အား ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ပူးပေါင်းကာ ဇွန် ၁၃ ရက် မွန်းလွဲပိုင်းက ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တွင် အသိပညာပေးဟောပြောပွဲများ ကျင်းပသည်။



ဟောပြောပွဲတွင် ကော့သောင်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မြသီတာက ကျောင်းသား ကျောင်းသူများ ကျောင်းမုန့်ဈေးတန်းတွင်ရောင်းချသည့် အစားအသောက်များမှ ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ကြေညာထားသည့် စားသုံးရန်မသင့်သည့် အစားအစာများ ရှောင်ရှားနိုင်ရေး သိကောင်းစရာများ၊ ကျောင်းနေအရွယ် အမျိုးသမီးငယ်များသုံးစွဲသည့် အလှကုန်ပစ္စည်းများတွင်ပါရှိသည့် ဓာတုဗေဒဆိုးကျိုးများကြောင့် ဖြစ်ပွားလာနိုင်သည့်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး သိမှတ်ဖွယ်ရာများ ကော့သောင်းရိုင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ခရိုင်တာဝန်ခံ ဒေါက်တာပြည်ဖြိုးက ကျောင်းသား၊ ကျောင်းသူများနှင့် ဓာတုဗေဒဆိုးဆေးများပါ အစားအသောက်များ သတိပြုဆင်ခြင်စားသောက်တတ်ရေး ပညာပေးပြောကြားပြီး အစားသောက်ဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့သည်။

ယင်းနောက် ကော့သောင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်မေဇင်ဦးက မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ ကျောင်းသားလူငယ်များရှောင်ရှားကြရမည့် မူးယစ်ဆေးဝါးအမျိုးမျိုးအကြောင်းသိကောင်းစရာများ၊ နိုင်ငံတော်မှ အမျိုးသားရေးတာဝန်အဖြစ် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ သိမှတ်ဖွယ်ရာများအား အသိပညာပေးဟောပြောပြီး မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးအမျိုးမျိုးအကြောင်းသိကောင်းစရာများ၊ နိုင်ငံတော်၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံများ၊ နံရံကပ်စာစောင်များအား ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## မြန်မာ-တရုတ် ချစ်ကြည်ရေးပုံရိပ်များ ပန်းချီလက်တွေ့ပြိုင်ပွဲ သန်လျင်၌ကျင်းပ

**ရန်ကုန် ဇွန် ၁၄**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ဇွန် ၁၃ ရက် နံနက် ၉ နာရီက မြန်မာ-တရုတ် ချစ်ကြည်ရေးပုံရိပ်များ ပန်းချီလက်တွေ့ပြိုင်ပွဲ ကျင်းပခဲ့သည်။

ပညာရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ တရုတ်အမျိုးသား ကုသိုလ်ဖြစ်အဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်သော "တစ်ဇုန်တစ်လမ်းစီမံကိန်းအောင်မြင်ဖို့ မြန်မာ-တရုတ် ပြည်သူအချင်းအချင်း လက်တွဲချစ်ကြည်ချီတက်စို့" မြန်မာ-တရုတ် ချစ်ကြည်ရေးပုံရိပ်များ ပန်းချီလက်တွေ့ပြိုင်ပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်၊ သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်အခြေခံပညာကျောင်းတို့မှ အသက်ခြောက်နှစ်မှ ၁၂ နှစ်နှင့် တစ်မြို့နယ် ၁၅ ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၆၀ တို့က ပန်းချီလက်တွေ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာ-တရုတ် ချစ်ကြည်ရေးပုံရိပ်များ ပန်းချီလက်တွေ့ပြိုင်ပွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်ပညာရေးမှူးရုံးမှ ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်များ၌လည်း မြန်မာ-တရုတ် ချစ်ကြည်ရေးပုံရိပ်များ ပန်းချီလက်တွေ့ပြိုင်ပွဲကို နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆုတစ်ဆု ယွမ် ၂၀၀၀၊ ဒုတိယဆုငါးဆု ယွမ် ၁၀၀၀၊ တတိယဆု ၁၀ ဆု ယွမ် ၅၀၀ နှင့် အမှတ်တရဒိုင်းဆု ဂုဏ်ပြုလက်မှတ်များ၊ နှစ်သိမ့်ဆု ၈၄ ဆု ယွမ် ၁၀၀ နှုန်း၊ ဂုဏ်ပြုလက်မှတ်များ ပြိုင်ပွဲဝင် ၅၀၀ အား ကျောင်းသုံးပစ္စည်းများပါဝင်သော Kid Box များ၊ ဆုရရှိသူ ကျောင်းသား ကျောင်းသူအချို့အား တရုတ်နိုင်ငံ ပေကျင်းမြို့သို့ လေ့လာရေးအစီအစဉ်နှင့် ဆင်းရဲနွမ်းပါးသောကျောင်းများရှိ ကျောင်းသား ကျောင်းသူ ၅၀၀ အား ကျောင်းသုံးပစ္စည်းများပါဝင်သော Kid Box များပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **အေးမင်းသူ၊ သက်ခိုင်(သန်လျင်)**



## သွေးလွန်တုပ်ကွေးနှင့် ကူးစက်ရောဂါများ ကြိုတင်ကာကွယ်

**ရန်ကုန် ဇွန် ၁၄**
ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်း မိုးရာသီတွင်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါနှင့် အခြားကူးစက်ရောဂါများမဖြစ်ပွားစေရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် စည်ပင်သာယာကျန်းမာရေးဌာနတို့ပူးပေါင်း၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၂ ရက်က (၁၀) ရပ်ကွက်တွင် ပြုလုပ်ခဲ့သည်။

"အခုက မိုးဦးကျဆိုတော့ မိုးရာသီမှာဖြစ်ပွားတတ်တဲ့ သွေးလွန်တုပ်ကွေးရောဂါနဲ့ တခြားကူးစက်ရောဂါတွေ မဖြစ်ပွားအောင် ကျန်းမာရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို နေ့စဉ်ကွင်းဆင်းဆောင်ရွက်နေပါတယ်" ဟု စည်ပင်သာယာကျန်းမာရေးဌာန တာဝန်ခံဒေါ်စန်းစန်းသွင်က ပြောသည်။

အဆိုပါလုပ်ငန်းကို ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာကျန်းမာရေးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက (၁၀) ရပ်ကွက် ရှမ်းစု (၁) လမ်း စုရပ်တွင် ခြင်အကိုက်မခံရစေရန် လာရောက်ပေးပို့ထားသော ခြင်ထောင်အလုံး ၄၀ ကို ဆေးစိမ်ပေးကြပြီး အစုအဖွဲ့ခွဲ၍ အိမ်ခြေ ၆၀ ကို အဘိတ်ဆေးများ လိုက်လံခတ်ပေးခဲ့ကြကြောင်း သိရသည်။ **မောင်သုည**

## ရန်ကုန်-စစ်တွေ မြေနိမ့်ကားလမ်းအချို့ရေကျော်နစ်မြုပ်

**အမ်း ဇွန် ၁၄**
ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်တွင် ဇွန် ၁၃ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများ စီးဆင်းသဖြင့် အမ်းမြို့နယ် မဲလက်မောင်းကျေးရွာအုပ်စု ရန်ကုန်-စစ်တွေကားလမ်းမကြီး အမ်း-စစ်တွေကားလမ်း မိုင်တိုင်အမှတ်(၁၃/၂)နေရာတွင် အကျယ်ပေ ၂၀ ခန့်၊ အနက် ၅ ပေခန့်နှင့် (၁၆/၄) မိုင်နေရာတွင် အကျယ်ပေ ၃၀ ခန့်၊ အနက် ၆ ပေခန့် ရေကျော်နစ်မြုပ်လျက်ရှိခြင်း၊ အမ်း-မင်းဘူးကားလမ်း မိုင်တိုင်အမှတ် (၈၉/၃) အနီး တောင်ပြိုသဖြင့် ပေ ၁၀၀ ခန့် လမ်းပေါ်သို့ မြေစာများပိတ်ဆို့နေခြင်း၊ ကဇုကိုင်းကျေးရွာအနီး ကားလမ်း ရေတိုက်စားခြင်းတို့ကြောင့် ယာဉ်လမ်းကြောင်းများ ခေတ္တပြတ်တောက်လျက်ရှိသည်။

သို့သော် ညနေ ၆ နာရီက မိုးရွာသွန်းမှုလျော့ကျ၍ ရေများ ပြန်လည်လျော့ကျခြင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများက ကားလမ်းမြေစာပိတ်ဆို့မှုအား ရှင်းလင်းခြင်း၊ မြေဖို့ဆောင်ရွက်ပေးမှုကြောင့် ဇွန် ၁၄ ရက် နံနက် ၈ နာရီတွင် ခရီးသည်ယာဉ်များ လိုရာခရီးသို့ ပုံမှန်ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

# ဖော်ဘီရဲ့ အချမ်းသာဆုံးသောကြယ်ပွင့်စာရင်းကို ဦးဆောင်ခွင့်မရတော့တဲ့ တေလာဆွစ်

ယခင်နှစ်က ဖော်ဘီက ထုတ်ပြန်ကြေညာပေးခဲ့တဲ့ ဝင်ငွေအကောင်းဆုံးသော ကြယ်ပွင့်တွေရဲ့စာရင်းမှာ နံပါတ်တစ်နေရာကို ပိုင်ဆိုင်နိုင်ခဲ့တဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ဟာ ယခုနှစ်အတွက် စာရင်းကို ထုတ်ပြန်ကြေညာပေးခဲ့ရာမှာတော့ ယမန်နှစ်က ပိုင်ဆိုင်ခဲ့တဲ့နေရာမှာ ဆက်လက်ရပ်တည်နိုင်ခြင်းမရှိတော့တာကို တွေ့ရပါတယ်။ ဒီလို ၂၀၁၇ ခုနှစ်အတွက် ဝင်ငွေအကောင်းဆုံးသော ကြယ်ပွင့်တစ်ဦးအဖြစ် ရပ်တည်နိုင်ခြင်းမရှိခဲ့ရုံသာမက ယခုနှစ်ရဲ့ အချမ်းသာဆုံးသော ကြယ်ပွင့်စာရင်းမှာ တေလာဆွစ်ဟာ ထိပ်တန်း ၁၀ ဦးစာရင်းမှာတောင် ပါဝင်နိုင်ခြင်းမရှိတာကို တွေ့ရပါတယ်။


ဒစ်ဒီ

ပြီးခဲ့တဲ့ ၁၂ လတာကာလအတွင်း ရရှိတဲ့ဝင်ငွေတွေအပေါ်မူတည်ကာ ၂၀၁၇ ခုနှစ်အတွက် အချမ်းသာဆုံးသော ကြယ်ပွင့်တွေရဲ့စာရင်းကို ဖော်ဘီဒေ့ါကွန်းက ထုတ်ပြန်ကြေညာပေးခဲ့တာ ဖြစ်ပါတယ်။ ယခုနှစ်ရဲ့ အချမ်းသာဆုံးသော ကြယ်ပွင့်ဖြစ်လာခဲ့သူကတော့ ဂီတကြယ်ပွင့် ဒစ်ဒီပဲ ဖြစ်ပါတယ်။

တေးသီချင်းသစ်တွေနဲ့ တေးအယ်လ်ဘမ်သစ်တွေကို ပြီးခဲ့တဲ့ ၁၂ လတာကာလအတွင်း ထုတ်လွှင့်နိုင်ခဲ့ခြင်းမရှိပေမယ့် ဒစ်ဒီရဲ့ ဝင်ငွေဟာ တစ်နှစ်တာအတွင်း အမေရိကန်ဒေါ်လာ သန်း ၁၃၀ ခန့် ရရှိခဲ့တာတွေ့ရပါတယ်။ အဲဒီဝင်ငွေဟာ အားလုံးသောကြယ်ပွင့်တွေရဲ့ တစ်နှစ်တာဝင်ငွေတွေအနက် အများဆုံးဖြစ်ခဲ့တာကြောင့် ယခုနှစ်မှာတော့ ဒစ်ဒီက အချမ်းသာဆုံးသော ကြယ်ပွင့်တစ်ဦးဖြစ်လာခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်အတွင်း အချမ်းသာဆုံးသော ကြယ်ပွင့်ဖြစ်ခဲ့တဲ့ တေလာဆွစ်ရဲ့ တစ်နှစ်တာဝင်ငွေကတော့ အမေရိကန်ဒေါ်လာ သန်း ၁၇၀ ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ဒါ့ကြောင့် ယခုနှစ် အချမ်းသာဆုံးသောကြယ်ပွင့်ရဲ့ တစ်နှစ်တာဝင်ငွေဟာ ၂၀၁၆ ခုနှစ်အတွင်း ဦးဆောင်နိုင်ခဲ့တဲ့ ကြယ်ပွင့်ရဲ့ ဝင်ငွေလောက်တော့ မရရှိခဲ့တာကိုလည်း တွေ့ရပါတယ်။


တေလာဆွစ်

ယခုနှစ်ရဲ့ အချမ်းသာဆုံးသောကြယ်ပွင့်စာရင်းမှာ ဒုတိယနေရာမှာ ရပ်တည်နေတဲ့ အနုပညာရှင်ကတော့ ပေါ့ပ်ကြယ်ပွင့် ဘီယွန်းစေးပဲ ဖြစ်ပါတယ်။ ဘီယွန်းစေးရဲ့ တစ်နှစ်တာဝင်ငွေကတော့ အမေရိကန်ဒေါ်လာ ၁၀၅ သန်းခန့် ရရှိခဲ့တာလည်းဖြစ်ပါတယ်။ တစ်နှစ်တာဝင်ငွေ အမေရိကန်ဒေါ်လာ ၉၅ သန်း ရရှိခဲ့တဲ့ "Harry Potter" ဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ စာရေးဆရာမ ဂျေကေရိုးလင်းကတော့ ဖော်ဘီရဲ့ ၂၀၁၇ ခုနှစ်အတွက် အချမ်းသာဆုံးသောကြယ်ပွင့်စာရင်းမှာ တတိယနေရာကို ပိုင်ဆိုင်ထားနိုင်တာ တွေ့ရပါတယ်။

တေးသံရှင် ဒရိတ်ခ်ကတော့ ပြီးခဲ့တဲ့ ၁၂လတာကာလအတွင်း ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၉၄ သန်းခန့်ရရှိခဲ့တာကြောင့် ဖော်ဘီကဖော်ပြခဲ့တဲ့ ဝင်ငွေအကောင်းဆုံးသော ကြယ်ပွင့်စာရင်းမှာ နံပါတ်လေးနေရာမှာ ရပ်တည်နိုင်ခဲ့ပါတယ်။ ဒရိတ်ခ်ရဲ့ နောက်မှာ အချမ်းသာဆုံးသော ကြယ်ပွင့်အဖြစ်ရပ်တည်နေတဲ့သူကတော့ အားကစားကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ခရစ္စတီယာနိုရိုနယ်လ်ဒိုပဲ ဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုရဲ့ တစ်နှစ်တာဝင်ငွေကတော့ အမေရိကန်ဒေါ်လာ ၉၃ သန်း ရရှိခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ ကနေဒါလူမျိုး တေးသံရှင် သယ်ဝိခ်ကန်း ကတော့ တစ်နှစ်တာအတွင်း အနုပညာလှုပ်ရှားမှုတွေကနေရရှိခဲ့တဲ့ ဝင်ငွေဟာ အမေရိကန် ဒေါ်လာ ၉၂ သန်းဖြစ်ခဲ့ပါတယ်။ ဒါ့ကြောင့် ယခုနှစ်အတွင်း ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်နဲ့ ချစ်သူတွေအဖြစ် တရားဝင်လက်တွဲခဲ့ပြီး မီဒီယာစာမျက်နှာပေါ်မှာ မကြာမကြာတွေ့မြင်နေရတဲ့ အာရန်ဘီတေးသံရှင် သယ်ဝိခ်ကန်းဟာ ယခုနှစ်ရဲ့ ဝင်ငွေအကောင်းဆုံးကြယ်ပွင့်တွေအနက် ထိပ်တန်းငါးဦးစာရင်းကို အနည်းငယ်လွဲချော်ခဲ့ကာ နံပါတ်ခြောက်နေရာမှာသာ ရပ်တည်နိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။

ယခုနှစ်အတွက် ဖော်ဘီဒေ့ါကွန်းက ဖော်ပြပေးခဲ့တဲ့ အချမ်းသာဆုံးသော ကြယ်ပွင့်များစာရင်းမှာ ထိပ်တန်း ၁၀ ဦးနေရာမှာ ပါဝင်နေခဲ့တဲ့ အခြားသောကြယ်ပွင့်တွေကတော့ ဟောဝက်ဒ်စတန်း၊ ကိုးဒ်ပလေး၊ ဂျိမ်းစ်ပီတာစန်နဲ့ လီဘရောင်းဂျိမ်းစ်တို့ပဲ ဖြစ်ကြကြောင်းလည်း သိရပါတယ်။

# မကြာမီ စစ်မှုထမ်းရတော့မယ့် တေးယွန်း

အေး
ပြည့်
စုစည်း
သည်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ သရုပ်ဆောင်မင်းသားတစ်ဦးဖြစ်ပြီး အောင်မြင်တဲ့ တေးသံရှင်တစ်ဦးလည်းဖြစ်တဲ့ တေးယွန်းဟာ မကြာမီမှာ စစ်မှုထမ်းဆောင်ရတော့မှာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တေးယွန်းဟာ နာမည်ကျော် အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "2PM"မှ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး အဖွဲ့ရဲ့ ရက်ပ်တေးသံရှင်တစ်ဦးလည်းဖြစ်ပါတယ်။ လတ်တလောမှာ အသက် (၂၈)နှစ်ရှိပြီဖြစ်တဲ့ တေးယွန်းက သူဟာ လာမယ့်နွေရာသီအတွင်း စစ်မှုစတင်ထမ်းဆောင်ရတော့မှာဖြစ်ကြောင်း ပြောကြားခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့စစ်မှုထမ်းဆောင်ရတော့မယ့်သတင်းကိုတော့ တေးယွန်းက ပြီးခဲ့တဲ့ ဇွန် ၁၁ ရက်မှာ ပြုလုပ်ခဲ့တဲ့ အဖွဲ့ရဲ့ ဖျော်ဖြေပွဲမှာ သူ့ရဲ့ပရိသတ်တွေကို ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

လတ်တလောမှာတော့ တေးယွန်းဟာ ရုပ်သံဇာတ်လမ်းတွဲတစ်ခုကို လက်ခံရိုက်ကူးပေးလျက်ရှိပြီး OCN ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမယ့် တေးယွန်းရဲ့ ရုပ်ရှင်သစ်ကတော့ "Save Me"လို့ အမည်ရကြောင်း သိရပါတယ်။ ပြီးခဲ့တဲ့ ဇွန် ၁၁ ရက်က "2PM"ရဲ့ "6Night" ဖျော်ဖြေပွဲကို ကျင်းပခဲ့ရာမှာ တေးယွန်းက "ကျွန်တော်ဟာ လတ်တလောမှာ ရုပ်သံဇာတ်လမ်းတွဲတစ်ခုကို ရိုက်ကူးနေပါတယ်။ ကျွန်တော့်အထင် အဲဒီရုပ်ရှင်ဟာ ကျွန်တော် စစ်မှုထမ်းဆောင်နေတဲ့အချိန်ကျမှ စတင်ထုတ်လွှင့်နိုင်မယ်ထင်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်ရဲ့ စစ်မှုထမ်းကာလအတွင်း ကျွန်တော့်ကို လွမ်းနေတယ်ဆိုရင် ပရိသတ်ကြီးအနေနဲ့ Save Meကို ကြည့်ကြပါ"လို့ ပြောကြားခဲ့တာဖြစ်ပါတယ်။ တေးယွန်းဟာ "2PM"မှ ပထမဆုံး စစ်မှုထမ်းဆောင်ရမယ့် အဖွဲ့ဝင်တစ်ဦးလည်းဖြစ်တယ်လို့ သိရပါတယ်။



# "Bad Liar" ရုပ်ရှင်အကြောင်း ဖွင့်ဟလာတဲ့ ဆယ်လီနာဂိုမက်ဇ်

ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးသီချင်း "Bad Liar"အတွက် ရုပ်ရှင်ကို ယခုသီတင်းပတ်အတွင်း ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း လတ်တလောမှာ ပေါ့ပ်ကြယ်ပွင့်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဆယ်လီနာဂိုမက်ဇ်ဟာ မကြာသေးမီက " Bad Liar "တေးသီချင်းအတွက် တေးဗီဒီယိုကို ထုတ်လွှင့်ခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ ဇွန် ၁၃ ရက်မှာတော့ ဆယ်လီနာဂိုမက်ဇ်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ သူ့ရဲ့တေးသီချင်းသစ်ရဲ့ ကာဗာခေတ်ပုံအောက်မှာ"Bad Liar"ရုပ်ရှင်တစ်ကားလို့ စာတန်းရေးထိုးထားကာ ရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီလိုဖော်ပြခဲ့တဲ့အတွက် ဆယ်လီနာအနေနဲ့ "Bad Liar"ရုပ်ရှင်ကို ရိုက်ကူးထုတ်လွှင့်သွားမှာဖြစ်ကြောင်း ပရိသတ်အချို့ကယူဆခဲ့ကြပြီး အချို့ကတော့ ဆယ်လီနာအနေနဲ့ ထွက်ရှိခဲ့ပြီးဖြစ်တဲ့ တေးဗီဒီယိုကိုသာ နောက်ဆက်တွဲအဖြစ် ဖန်တီးထားတာဖြစ်နိုင်ကြောင်း ဝေဖန်ခဲ့ကြပါတယ်။ ဒါ့ကြောင့် ဆယ်လီနာရဲ့ဖော်ပြချက်ဟာ ပရိသတ်တွေကို အတွေးပွားစရာ တစ်ခုဖြစ်စေခဲ့ပါတယ်။

လတ်တလော အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဆယ်လီနာက သူ့ရဲ့တေးသီချင်းသစ်နဲ့ပတ်သက်ပြီး ဆက်တိုက်ဖော်ပြနေတာလည်းဖြစ်ပါတယ်။ ဆယ်လီနာဂိုမက်ဇ်က ရုပ်ရှင်အကြောင်းဖွင့်ဟခဲ့တဲ့ ဖော်ပြချက်တစ်ခုမတိုင်မီမှာတော့ "Bad Liar "ရဲ့ ကာဗာခေတ်ပုံနဲ့အတူ ဗုဒ္ဓဟူးနေ့လို့ ပထမဆုံးရေးသားဖော်ပြခဲ့ပြီး အဲဒီနောက်မှာတော့ မကြာမီလာမည်လို့ အဓိပ္ပာယ်ရတဲ့စာသားတွေကို ရေးသားဖော်ပြခဲ့ကာ တတိယအကြိမ်အဖြစ် ဖော်ပြခဲ့ရာမှာတော့ ရုပ်ရှင်တစ်ကားလို့ ရေးသားဖော်ပြခဲ့တာလည်း ဖြစ်ပါတယ်။




နောက်ဆုံးထွက်ရှိထားတဲ့ တေးသီချင်း "Bad Liar" အတွက် အရောင်းမြှင့်တင်ရေးလုပ်ငန်းတွေကို လတ်တလောမှာ ဆယ်လီနာဂိုမက်ဇ်က ဆက်တိုက်လုပ်နေတာဖြစ်ပြီး လတ်တလောဖော်ပြချက်တွေဟာ ရှင်းလင်းပြတ်သားမှုမရှိဘဲ သို့လော သို့လော အတွေးတွေဖြစ်စေခဲ့ပေမယ့် ယင်းဖော်ပြချက်တွေကြောင့် လူမှုကွန်ရက်မီဒီယာပေါ်မှာ ဆယ်လီနာဂိုမက်ဇ်ဟာ ပရိသတ်တွေကို အထူးဆွဲဆောင်ထားနိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

## သိမ်ဇရပ်ကျေးရွာ၌ မြေထိန်းနံရံပြိုကျ



**ကျိုက်ထို ဇွန် ၁၄**
ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာ နဝရတ်ရပ်ကွက် ရန်ကုန်-မော်လမြိုင်ကားလမ်းမိုင်တိုင်အမှတ် (၇၇/၁၉) နှင့် ( ၇၇/၂၀) အကြား ဖူးပွင့်ဝေဆာစားသောက်ဆိုင်နံဘေး အလျားပေ ၅၀၊ အနံပေ ၂၀ ခန့်ရှိ မြေထိန်းအုတ်နံရံမှာ ဇွန် ၁၄ ရက် နံနက် ၇ နာရီ ၁၀ မိနစ်ခန့်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရထားသံလမ်းပေါ်သို့ ပြိုကျခဲ့သည်။ ထိုမြေထိန်းနံရံပြိုကျမှုအား သိမ်ဇရပ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးသက်ဦးနှင့်အဖွဲ့မှ ဖယ်ရှားရှင်းလင်းနေစဉ် ယင်းနေ့နံနက် ၇ နာရီ ၂၅ မိနစ်၌ ဝေါမြို့နယ် အဗျားဘူတာဘက်မှထွက်ခွာလာသောအမှတ် (၈၅) အဆန် ပဲခူး-မော်လမြိုင်လော်ကယ်ရထားရောက်ရှိလာသဖြင့် စောင့်ဆိုင်းခဲ့ရပြီး ၇ နာရီ ၃၅ မိနစ်၌ ခရီးစဉ်အတိုင်းဆက်လက်ထွက်ခွာသွားခဲ့သည်။ အဆိုပါမြေထိန်းနံရံပြိုကျရာတွင် လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်းနှင့် ပျက်စီးသွားသောမြေထိန်းနံရံအား ဦးစိုးသက်ဦးနှင့်အဖွဲ့က ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရသည်။
**မြို့နယ်(ပြန်/ဆက်)**

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး အသိပေးဆွေးနွေး

**စစ်တွေ ဇွန် ၁၄**
ရခိုင်ပြည်နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်အဆင့် အသိပေးဆွေးနွေးပွဲအခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ(၂)၌ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုသည် ၂၀၁၅ ခုနှစ်တွင် အများဆုံးဖြစ်ပွားခဲ့ပါကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါသည် ကမ္ဘာပေါ်တွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုဖြစ်ပွားလာနေသည့် ရောဂါတစ်ခုဖြစ်ပါကြောင်း၊ ယခုဇွန်လအထိ ဖြစ်ပွားမှုသည် ၂၀၁၆ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် များပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအရ ရန်ကုန်တိုင်းဒေသကြီးသည် ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး ရခိုင်ပြည်နယ်သည် ဒုတိယဖြစ်ပွားမှုအများဆုံး ပြည်နယ်တစ်ခုဖြစ်နေပါကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူများလည်းရှိနေသည်ကို သိရှိရပါကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်ပြီး ပြည်သူလူထုတစ်ရပ်လုံးမှန်ကန်သည့် ကျန်းမာရေးအသိပညာများ မြန်မြန်ဆန်ဆန်ရရှိစေရန်၊ ရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာများနှင့်ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ထိရောက်သောကုသမှုများရရှိစေရေး ကူညီဆောင်ရွက်ပေးကြရန် ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုက အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာကသွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဗဟို (ရပကန) ရောဂါပိုးမျိုးသယ်ဆောင်သောပိုးမွှားကောင်များမှတစ်ဆင့်ကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဇော်လင်းက ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စစ်တွေမြို့အထွေထွေရောဂါကုဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာခင်အေးနုက သွေးလွန်တုပ်ကွေးရောဂါကုသခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများတက်ရောက်ခဲ့ကြကြောင်း သိရသည်။
**တင်ထွန်း(ပြန်/ဆက်)**

## လှိုင်သာယာ–ညောင်တုန်း ဓာတ်အားလိုင်းများကောင်းမွန်ရေး ဒေသခံပြည်သူများလိုလား

**ညောင်တုန်း ဇွန် ၁၄**
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် 33KV လှိုင်သာယာမှ ညောင်တုန်းမြို့သို့သွယ်တန်းပြီး ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော လျှပ်စစ်ဓာတ်အားလိုင်းများ မကြာခဏပြတ်တောက်မှုများရှိနေသည်။ ညောင်တုန်း-မအူပင်-ကျိုက်လတ်မြို့တို့အထိ သွယ်တန်းသုံးစွဲသော ဓာတ်အားလိုင်းများဖြစ်ခြင်း၊ မီးသုံးစွဲမှုများသောကြောင့် မနိုင်ဝန်ဖြစ်ခြင်းများကြောင့် ဓာတ်အားလိုင်းများမကြာခဏပျက်နေကြောင်း လျှပ်စစ်မီးသုံးစွဲသူများထံမှ သိရသည်။

"လျှပ်စစ်မီးက အရင်ကထက် ပိုပြတ်လာတာများပါတယ်။ လေရောမိုးရောရွာလိုက်တာပဲဖြစ်ဖြစ်၊ လေမိုးထန်လို့ပဲဖြစ်ဖြစ် လျှပ်စစ်မီးပြတ်မှုက မကြာခဏဖြစ်ပေါ်နေပါတယ်။ ယခုလို လျှပ်စစ်မီး မကြာခဏ ပြတ်တောက်နေလို့ ညဘက်မှာ မလိုလားအပ်သည့်ပြဿနာတွေဖြစ်လာနိုင်ပြီး၊ ဖယောင်းတိုင်မီးများသုံးစွဲနေရခြင်းများကြောင့် မီးဘေးအန္တရာယ်များစိုးရိမ်ရပါတယ်" ဟု ကျောင်းသားမိဘတစ်ဦးက ပြောသည်။



လိုင်းဖော့ပြင်ပြီးလို့ဖြစ်ဖြစ်၊ လျှပ်စစ်မီးပြန်လာတော့လည်း အတင်းစုပြုံဆွဲမှု၊ ဗို့အားမြင့် မီးအားမြှင့်စက်များ အဆမတန်တင်ချပြုလုပ်နေရခြင်း၊ အဝင် Voltage (ဗို့အားများ) ကျဆင်းခြင်းကြောင့် လျှပ်စစ်ဓာတ်အားသုံးအများပြည်သူများ စိတ်အနှောင့်အယှက်အခက်အခဲများဖြင့်ကြုံတွေ့နေရပြီး အိမ်တွင်းသုံး ဗို့အားမြှင့်စက်များ လောင်ကျွမ်းမှုဖြစ်ပေါ်လျက်ရှိနေကြောင်းနှင့် လျှပ်စစ်မီးဘေးအန္တရာယ်များရှိလာနိုင်ကြောင်း လျှပ်စစ်မီးသုံးစွဲသူပြည်သူတစ်ဦးက ပြောသည်။

အဆိုပါဓာတ်အားလိုင်းကြိုးများ အမြန်ပြုပြင်ဆောင်ရွက်ပေးနိုင်ရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။
**ထွန်းကျော်(ညောင်တုန်း)**



## ရေး–ဖလံ–ချောင်းဝ–ကျုံကြွီး ကွန်ကရစ်တံတားချဉ်းကပ်လမ်းဖွင့်ပွဲကျင်းပ

**ရေး ဇွန် ၁၄**
နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရေး-ဖလံ-ချောင်းဝ-ကျုံကြွီးလမ်းပေါ်ရှိ ကွန်ကရစ်တံတားပေ ၂၄၀ ရှိ ချဉ်းကပ်လမ်း ပေ ၇၀၀ ဖွင့်ပွဲကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွန့်နှင့်တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းတွင် ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ် ၂၀၁၃-၂၀၁၄ မှ ၂၀၁၆-၂၀၁၇ ခုနှစ်အထိ ကျပ်ငွေသန်းပေါင်း ၅၇၇၉ ဒသမ ၄ သန်း အကုန်ကျခံကာ ကတ္တရာလမ်း ၃၃/၃ မိုင်၊ ကျောက်လမ်း ၃၅/၃ မိုင်၊ မြေသားလမ်း ၄၄/၃ မိုင်ဖြစ်၍ တံတား ၄၆ စင်း၊ ရေပြွန် ၂၀ ကို ရာမညယူနိုက်တက်ကုမ္ပဏီလီမိတက်မှ တာဝန်ယူခင်းကျင်းတည်ဆောက်ပေးခဲ့ကြောင်း မြို့နယ်န. တ. လရုံး၏ မှတ်တမ်းများအရ သိရသည်။

လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျန်ရှိနေသောမြေသား ၃ မိုင် ၃ ဖာလုံ ကျောက်လမ်း ၃ မိုင်၊ တံတား သုံးစင်း Box Culvert တစ်ခု၊ ရေပြွန်တစ်ခု ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ရေး-ဖလံ-ချောင်းဝ-ကျုံကြွီးလမ်းမှာ ထိုင်း-မြန်မာ နယ်စပ်ထွက်ပေါက်အထိ ဆက်သွယ်သွားလာနိုင်သောလမ်းဖြစ်ကာ လူမှုစီးပွားရေးအတွက် အထောက်အကူပြုလမ်းဖြစ်ကြောင်း သိရသည်။
**ထွဋ်ထွဋ်(ရေး)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆိုလာအစုံ ၁၄၀၀၀ ခန့် တပ်ဆင်ပေးသွားမည်



**မုံရွာ ဇွန် ၁၄**
ကျေးလက်ဒေသနေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးအတွင်းမှ ခရိုင် ၁၀ ခုရှိကျေးလက်ဒေသများတွင် ကျေးလက်ရေရရှိရေးလုပ်ငန်းများနှင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများအဖြစ် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လုပ်ဆောင်တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်အတွင်း လုပ်ဆောင်ပေးမည့် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးတွင် တွင်းနက်များတူးဖော်ပေးခြင်း၊ ရေကန်များတူးဖော်ခြင်း၊ စိမ့်စမ်းရေသွယ်လုပ်ငန်းများ၊ ကျေးလက်ဒေသမီးလင်းရေးအဖြစ် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာတပ်ဆင်ခြင်းလုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။

"ကျေးလက်ဒေသမှာနေတဲ့ ပြည်သူတွေ မြို့တွေနဲ့ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ကဏ္ဍအလိုက် လုပ်ဆောင်ပေးတဲ့နေရာမှာ ကျွန်တော်တို့ဦးစီးဌာနအနေနဲ့ သန့်ရှင်းတဲ့သောက်သုံးရေရရှိရေးနဲ့ လျှပ်စစ်မီးလင်းရေးကဏ္ဍတွေပါတဲ့အတွက် ဘဏ္ဍာနှစ်အလိုက် လုပ်ဆောင်ပေးတာပါ။ အခုဘဏ္ဍာနှစ်မှာ ကျေးလက်ရေရရှိရေးလုပ်ငန်း ၅၀ ခုနဲ့ ကျေးလက်မီးလင်းရေးအတွက် ကျေးရွာ ၁၃၃ ရွာကို လုပ်ဆောင်ပေးသွားမှာပါ" ဟု တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ကျေးလက်ရေရရှိရေးလုပ်ငန်းများအဖြစ် တွင်းနက် ၄၀၊ ရေကန်ခြောက်ကန်၊ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းလေးခု စုစုပေါင်း ၅၀ ကို ၇၆၁ ဒသမ ၈၁ သန်းဖြင့် လုပ်ဆောင်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရမှ ဖြန့်ဝေအသုံးပြုလျက်ရှိသော လျှပ်စစ်လိုင်းကြိုးများနှင့် အလှမ်းဝေးသော ကျေးရွာ ၁၃၃ ရွာရှိ ပြည်သူများ လျှပ်စစ်မီးအသုံးပြုနိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာ ၁၃၉၅၄ စုံအား ယခုဘဏ္ဍာနှစ်အတွင်း တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**ဝင်းဦး(ဓေယျာတိုင်း)**

# ယဉ်ကျေးမှုတက္ကသိုလ်နှင့်ကျွန်တော်

ဝင်းပ

ယဉ်ကျေးမှုတက္ကသိုလ်ကြီး (ယခု အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်) ပေါ်ပေါက်လာပုံနှင့် ပတ်သက်၍ပြောလျှင် အမှတ်ရစရာ အကောင်းဆုံးတစ်ခုကတော့ ကျွန်တော်ကိုယ်တိုင်ပင်ပါဝင်ပတ်သက်မှု ပုံရိပ်အပိုင်းအစများ ပေါ်လာစမြဲဖြစ်ပါသည်။ ထိုစဉ်က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး စောမောင်ထံသို့ လှည်းကူးမြို့နယ် ဒေါင့်ကွေးကျေးရွာ မူလတန်းကျောင်းအုပ် စောင်းပညာရှင်တစ်ဦးဖြစ်သူ ဦးစောဝင်း အကြံပြုစာရေးတာက စခဲ့တာပါသည်။ ထိုစဉ်က အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး စောမောင်က ဦးစောဝင်း၏ အကြံပြုစာကို လက်ခံပြီး မြန်မာနိုင်ငံတွင် မပေါ်ပေါက်ဖူးသေးသော တက္ကသိုလ်ကြီးတစ်ခု ပေါ်ထွန်းစေချင်သော စေတနာအပြည့်ဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို တာဝန်ပေးဆောင်ရွက်စေခဲ့ပါသည်။

ယဉ်ကျေးမှုဝန်ကြီးက ထုံးစံအတိုင်း အနုပညာဦးစီးညွှန်ချုပ်ကို ထပ်ဆင့်တာဝန်ပေးလိုက်ပါသည်။ အနုပညာမြတ်နိုးသော ညွှန်ကြားရေးမှူးချုပ် ဦးတင်ထူးကလည်း ထပ်ဆင့်၍ ကျွန်တော်တို့ ဒုတိယညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးများကို တာဝန်ပေးခဲ့ပါသည်။

ဦးစွာ အကြီးအကဲထံ အကြံပြုစာရေးသူ ဦးစောဝင်းကို ရှာပုံတော်ဖွင့်ရပါတော့သည်။ လှည်းကူးမြို့နယ် ပညာရေးမှူး၊ အဆင့်ဆင့်ဆက်သွယ်စုံစမ်းရာတွင် ဦးစောဝင်းနှင့် အဆက်အသွယ်ရပါသည်။ ညွှန်ချုပ်က အနုပညာရှင် ပန်းချီဆရာကြီး ဦးဘကြည်၊ ပန်းပုဆရာကြီး ဦးဟန်တင်၊ ပန်းချီဆရာကြီး ဦးအမ်တင်အေး၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်၊ ဂီတပညာရှင် ဗိုလ်ကလေးတင့်အောင်၊ ဂီတလုလင်မောင်ကိုကို၊ အကော်ဒီယံအုန်းကျော်၊ ဟာ်သာတဦးမြင့်ငွေ၊ သဘင်ကောင်စီမှ ဇာတ်မင်းသားကြီး ဦးစိန်အောင်မင်း၊ ဦးရဲဒွေး စသည့်ပညာရှင်များ ဖိတ်ကြား၍ အကြံဉာဏ်များ ရယူခဲ့ပါသည်။

ဦးစွာ အဓိကပုဂ္ဂိုလ် ဒေါင့်ကွေးကျေးရွာ မူလတန်းကျောင်းအုပ် ဦးစောဝင်းကိုဖိတ်ကြား၍ဌာနမှ တာဝန်ရှိ ညွှန်ချုပ်၊ ညွှန်မှူးများ၊ ပြင်ပပညာရှင်များပါဝင်သော ကြိုတင် ညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ပါသည်။ အကြီးအကဲထံ အကြံပြုစာရေးပို့သော ဦးစောဝင်းသည် မူလသူ့ဆန္ဒရှိသည့်အတိုင်း ဆွေးနွေးပါသည်။ မည်သို့ဖွင့်ရမည်၊ မည်သည့်အချက်အလက်များ လိုအပ်သည် ဆိုသည့် “တိကျသော” အကြောင်းအရာများ မတင်ပြနိုင်ပါ။ ဦးစောဝင်းသည် ရိုးသားစွာ သူ့ဆန္ဒကိုသာ ပြောပြခဲ့ပါ သည်။ တစ်နေ့ ပြည်ထောင်စုနေ့ ကျင်းပရေးအစည်းအဝေးတစ်ခုသို့သွားမည့် ကျွန်တော့်ကို ညွှန်ချုပ် ဦးတင်ထူးက တပ်မတော်မှတ်တမ်းရုံးမှ ဗိုလ်မှူး မောင်မောင်ခိုင်ထံသို့ စာတစ်စောင် ယူသွားစေခဲ့ပါသည်။ ထိုစဉ်က ပြည်ထောင်စုနေ့ ညစာစားပွဲ ဖျော်ဖြေရေး ကိစ္စက ဇာတ်ဌာနခွဲမှ တင်ဆက်မည့် အစီအစဉ်များ၊ ကျွန်တော်တို့ အနုပညာဦးစီးဌာနက တာဝန်ယူရပါသည်။ ဘာကြောင့်မှန်းမသိ ထိုစဉ်က သု/လေ့ဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ကျွန်တော့်ကို ပန်းချီဆရာမှန်းသိလျက် အိမ်တော်ညစာစားပွဲ ဖျော်ဖြေရေးဆပ်ကော်မတီ အတွင်းရေးမှူးအဖြစ် တာဝန်ပေးထားပါသည်။ သို့ဖြင့် ပြည်ထောင်စုနေ့ အစည်းအဝေးတိုင်း ဗိုလ်မှူးမောင်မောင်ခိုင်နှင့် ကျွန်တော်တို့ တွေ့သိရင်းနှီးနေကြပါသည်။ ညွှန်ချုပ်ကလည်း ယဉ်ကျေးမှုတက္ကသိုလ်ဖွင့်ဖို့ကိစ္စ ပေါ်လာသည့်အခါ တပ်မတော်မှတ်တမ်းရုံးမှ ဗိုလ်မှူး မောင်မောင်ခိုင်၏ လုပ်ရည်ကိုင်ရည်ကို သဘောကျနေပုံရပါသည်။ မျက်စိကျနေသည်ဟု ထင်ပါသည်။

> မြန်မာနိုင်ငံတွင် မပေါ်ပေါက်ဖူးသေးသော တက္ကသိုလ်ကြီး တစ်ခု ပေါ်ထွန်း စေချင်သော စေတနာ အပြည့်ဖြင့် ယဉ်ကျေးမှု ဝန်ကြီးဌာနကို တာဝန်ပေး

ကျွန်တော်နှင့် လူကြုံပါးလိုက်သောစာသည် ထိုကိစ္စတိုင်ပင်ရန် နှစ်ယောက်ချင်းတွေ့ဖို့ ချိန်းလိုက်သည့်စာဟု ကျွန်တော်သိနေပါသည်။ ကျွန်တော်ယူဆသည့်အတိုင်း ညွှန်ချုပ်က ဗိုလ်မှူးမောင်မောင်ခိုင်ကို ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းအုပ်ကြီး တာဝန်ပေးခဲ့ပါသည်။

ထိုအချိန် ယဉ်ကျေးမှုတက္ကသိုလ်ကို အနုပညာဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာနရုံးစိုက်ရာ ချင်းချောင်းနန်းတော်ကြီးထဲက နေရာလွတ်များတွင် ယာယီအဆောက်အအုံများဆောက်ပြီးဖွင့်မည်ဟု စီစဉ်ခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် ယဉ်ကျေးမှုတက္ကသိုလ် တည်ဆောက်ရန် မြေနေရာရှာဖို့လည်း အကြောင်းပေါ်ပေါက်လာပါသည်။ ထိုစဉ်က နဝတ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့်ကိုယ်တိုင် အနုပညာဦးစီးဌာနသို့ မကြာခဏ လာရောက်ပြီး ယဉ်ကျေးမှုတက္ကသိုလ်ဖွင့်လှစ်ရေးအတွက် လာရောက်အကြံဉာဏ်များပေးခဲ့ပါသည်။ နေရာအတွက် စကားစပ်မိသော တစ်နေ့အနုပညာညွှန်ချုပ် ဦးတင်ထူးက တက္ကသိုလ်ဆောက်ဖို့ ဝေးဝေးမရှာပါ။ ချင်းချောင်းနန်းတော် ခြံစည်းရိုးချင်းကပ်လျက်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ခြံဝင်းကြီးကို တောင်းပါသည်။ ဌာနနှင့် တစ်ဆက်တည်းဖြစ်မှာမို့ တင်ပြရတာဖြစ်ကြောင်းတင်ပြရာ ဗိုလ်ချုပ်ခင်ညွန့်က ကျွန်တော်တို့ ညွှန်ချုပ်ကို ပြန်ပြောလိုက်သော စကားတစ်ခွန်းကို ယခုထိကျွန်တော် ကြားယောင်နေပါသည်။ “မလုပ်ပါနဲ့ ကိုတင်ထူးရာ၊ ကျုပ်တို့ဆရာတွေဗျ။ ကျုပ်တို့အာဏာရလို့ လုပ်ချင်တိုင်းလုပ်တယ်လို့ဖြစ်နေဦးမယ်ဗျာ” တဲ့။

ဒါနဲ့ ယဉ်ကျေးမှုတက္ကသိုလ်ကြီးအတွက် နေရာရှာပုံတော် ဖွင့်ခဲ့ရပါတော့သည်။ ကျွန်တော်တို့ ဌာနတာဝန်ရှိသူများနှင့်အတူ မြေနေရာရှာပုံတော်ဖွင့်ရာတွင် ဦးစွာ ယခု ပုလဲကွန်ဒိုဆောက်ထားသောနေရာ ကွက်လပ်ကြီး (ထိုစဉ်က ပျားဂေဟာခြံကြီး)၊ ယခု မြရိပ်ညိုဟိုတယ် အဝင်လမ်းဘေးက ဘောလုံးကွင်းကြီး၊ ဆရာစံလမ်းထဲဆင်းသွားတော့ ယခု ဗဟိုသမဆောက်ထားသောနေရာ ကွက်လပ်၊ မြို့ထဲကန်တော်ကြီးစောင်းရောက်တော့ ယခု မိုးမျှော်တိုက်ကြီးနှစ်လုံးရှိရာ ကွက်လပ်ကြီး(ထိုစဉ်က ဆောက်လုပ်ရေး အင်ဂျင်နီယာက ထိုနေရာ ရွှံ့ဗွက်အိုင်ကြီးကို Soil Test လုပ်ကြည့်ပြီး မြေလျော့သည်ဟု ကန့်ကွက်ပါသည်။) ရှေ့ဆက်သွားတော့ သိမ်ဖြူအားကစားကွင်းကြီးကို သဘောကျကြတော့လည်း အား/ကာ ကစားကွင်း ကြီးမို့တဲ့။ ယခုတော့လည်း ထိုအားကစားကွင်းကြီး ဘဝအမျိုးမျိုးပြောင်းပြီး ဘယ်လိုကနေဘယ်လို မည်သို့လုပ်လိုက်ကြသည်မသိ။ အလျှိုလျှို အဆောက်အအုံတွေ ပေါ်လာသည်။ ယဉ်ကျေးမှုတက္ကသိုလ်နေရာ တောင်းစဉ်ကတော့ မရခဲ့။

ကျွန်တော်တို့ ရှာပုံတော်ဖွင့်ခဲ့သည့် ဖော်ပြပါ နေရာအားလုံးအဆင်မပြေခဲ့ပါ။ နောက်ဆုံးအတွင်းရေးမှူး (၁) ရှာဖွေသော ယခုလက်ရှိ ယဉ်ကျေးမှုတက္ကသိုလ်ကြီး တည်ဆောက်ထားသည့်နေရာ ဒဂုံမြို့သစ်(တောင်ပိုင်း) (၂၆)ရပ်ကွက်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ မူလက ချင်းချောင်းနန်းတော် ပရဝဏ်အတွင်းက ယာယီအဆောက်အအုံတွင် ၁၉၉၃ ခုနှစ် စက်တင်ဘာ ၂၄ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။ ယခုလက်ရှိနေရာသို့ ၁၉၉၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်က ပြောင်းရွှေ့ခဲ့သည်။

တကယ်တော့ တက္ကသိုလ်ကြီးကို လွယ်လွယ်နှင့် ဖွင့်နိုင်ခဲ့သည်မဟုတ်။ မှတ်မှတ်ရရ ပြောရလျှင် တက္ကသိုလ်ကြီးဖွင့်ဖို့ ကျောင်းအုပ်အဖြစ် ဗိုလ်မှူးမောင်မောင်ခိုင်ကိုလည်း ရွေးချယ်ပြီး ချင်းချောင်းနန်းတော် အနုပညာဦးစီးဌာနတွင် လာရောက်ရုံးထိုင်နေသည်အထိ ဘာအစီအစဉ်မှမရှိသေး။ မည်သို့စရမည်ကို ကြံဆနေတုန်း။ အနှစ် ၂၀ ကျော် မန္တလေး၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် ၁၃ နှစ်၊ ပညာရေးတက္ကသိုလ် ပန်းချီကထိကအဖြစ် ခုနစ်နှစ် စုစုပေါင်း အနှစ် ၂၀ မျှ အမှုထမ်းပြီးမှ ယဉ်ကျေးမှုဌာနသို့ ပြောင်းရွှေ့လာသော ကျွန်တော့်တွင် တက္ကသိုလ် အတွေ့အကြုံများရှိသည်။ အဆင့်မြင့်ပညာဦးစီးဌာနတွင် မိတ်ဆွေအပေါင်းအသင်း ဥပမာ ကျွန်တော့်သူငယ်ချင်း အဆင့်မြင့်ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်၊ ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်း (ပါမောက္ခချုပ် ဆရာကြီး ဦးကာ၏ သမီး)တို့ရှိသည်။ ထို့ကြောင့် ဦးမောင်မောင်ခိုင်ကို ကျွန်တော့်မိတ်ဆွေ ညွှန်ချုပ် ဦးစောလွင်နှင့် ဒေါ်သိန်းသိန်းထံခေါ်သွားပြီး အကူအညီတောင်းသည်။ ဆရာမ ဒေါ်သိန်းသိန်းကလည်း မော်လမြိုင်၊ ပုသိမ် ဒီဂရီကောလိပ် ဖွဲ့စည်းပုံများ၊ တက္ကသိုလ်တစ်ခု၏ အင်္ဂါရပ်နှင့်ဆိုင်သည့် ကျောင်းသားခေါ်စာ၊ ကြော်ငြာစာအဆုံး အားလုံး နမူနာများပေးလိုက်ပါသည်။ တက္ကသိုလ်ကောင်စီ၊ တက္ကသိုလ်ပညာရေးအဖွဲ့ သတ်မှတ်ချက်များ၊ စည်းကမ်းများ အားလုံးရခဲ့ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာနမှ ရလာသော နမူနာ အထောက်အထားများရပြန်တော့ ထိုနမူနာဖွဲ့စည်းပုံများကိုအခြေခံ၍ ယဉ်ကျေးမှုတက္ကသိုလ် ဖွဲ့စည်းပုံကြီးကို သုတေသနနှင့် လေ့ကျင့်ရေးဌာနခွဲကိုပင် တာဝန်ပေးခဲ့သည်။ သု/လေ့ ဌာနခွဲမှ ကျွန်တော်နှင့် ရုံးအုပ် ဦးမြင့်စိန်(ကွယ်လွန်)၊အထက်တန်းစာရေး မောင်ကျော်ဝင်း (ကွယ်လွန်)နှင့် ရုံးအဖွဲ့များ၊ ပန်းချီသုတေသနမှူး ဦးတင်မောင်လွင်တို့ စုပေါင်းရေးဆွဲကြပါသည်။ တက္ကသိုလ်တံဆိပ် လိုဂိုဒီဇိုင်းကို အနုပညာဦးစီးဌာနမှ ပန်းချီဆရာများ ပုံထုတ်ကြရာ ယခုသုံးစွဲနေသာလိုဂိုမှာ ပန်းချီဦးတင်အေး(မန္တလေး) ၏ ဒီဇိုင်းကို ရွေးချယ်သတ်မှတ်ခဲ့ပါသည်။

ရင်ထိုးတံဆိပ်ပေါ်က စာသား “စိတ္တံ၊ ဒန္တံ၊ သုခါ၊ ဝဟံ” ဒန္တံ ယဉ်ကျေးသော၊ စိတ္တံ စိတ်သည်၊ သုခါ ချမ်းသာခြင်းကိုဆောင်၏ဆိုသော စာသားကို ရွှေပြည်ဦးဘတင်၏ ယဉ်ကျေးမှုစာစောင်ပါ ဓမ္မပဒ၊ စိတ္တဝဂ်-စာသားကို ထိုစဉ်က သဘင်သုတေသနမှူး ဦးရဲထွဋ် (သန်လျင် မောင်ဝင်းဝါ)က ရှာဖွေ၍ ကျောင်းအုပ်ကြီး ဦးမောင်မောင်ခိုင်နှင့် ညွှန်ချုပ်ကို တင်ပြအတည်ပြုချက် ရယူခဲ့ပါသည်။ ထိုစဉ်က ညွှန်ချုပ်ဦးတင်ထူးမှာ ပြန်ကြားရေးဌာန ဒု-ဝန်ကြီးတာဝန်ကို ပူးတွဲကိုင်နေချိန်ဖြစ်၍ ရုပ်မြင်သံကြားမှ ဦးဝင်းအောင်ကိုခေါ်၍ ချင်းချောင်းနန်းတော်ပေါ်မှာပင် ကျွန်တော်နှင့် ဦးရဲထွဋ်တို့ကို တက္ကသိုလ်ဖွင့်ဖို့ အင်တာဗျူးရိုက်ပြီး ကြော်ငြာဝင်ခဲ့ပါသေးသည်။ MRTV မှ ထုတ်လွှင့်ခဲ့ပါသည်။

